# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၀၆)

## လှိုင်မြစ်ကူး အောင်ဇေယျကြိုးတံတားပေါ်မှ ဖြတ်သန်းသည့် ကုန်သေတ္တာတင်ယာဉ်များ ယာဉ်နှင့်ကုန် ၃၆ တန်သာ ဖြတ်သန်းရန်နှင့် ကျော်လွန်သည့်ယာဉ်များ ရွှေပြည်သာတံတားမှမောင်းနှင်ရန် အသိပေးထား

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု ပြန်လည်ဖြစ်ပေါ်လာရာ ဖြေလျှော့နိုင်ရန်နှင့် လှိုင်မြစ်ကူး အောင်ဇေယျကြိုးတံတားပေါ်မှ ဖြတ်သန်းသွားလာသည့် ကုန်သေတ္တာတင်ယာဉ်များ တံတား၏ ခံနိုင်ရည်အရ ယာဉ်နှင့် ကုန် ၃၆ တန်အတွင်းသာ ဖြတ်သန်းသွားလာရန်နှင့် ကျော်လွန်ပါက ရွှေပြည်သာတံတားမှ ဖြတ်သန်းမောင်းနှင်ရန် မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းက အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှစ၍ ရန်ကုန်မြို့၏ ဘုရင့်နောင်လမ်းမကြီးနှင့် အမှတ် (၅) လမ်းမကြီးဖြစ်သော ရန်ကုန်- ပုသိမ်လမ်းတို့၌ ယာဉ်သွားလာမှုပြန်လည်စည်ကားခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ရက်ရှည်ရုံးပိတ်ရက်အပြီး ရန်ကုန်မြို့ စက်မှုဇုန်များ၊ ဘုရင့်နောင်ပွဲရုံ၊ သီရိမင်္ဂလာဈေးနှင့်ကုန်စည်ဒိုင်များသို့ ဧရာဝတီတိုင်းဒေသ ကြီးနှင့် နယ်မှယာဉ်များ၊ ဆိပ်ကမ်းမှကုန်သေတ္တာတင် ယာဉ်များ လုပ်ငန်းခွင်လည်ပတ်မှုကြောင့် လှိုင်မြစ်ကူး တံတားကြီးလေးစင်းနှင့် အင်းစိန်လမ်းမကြီး၊ ဘုရင့်နောင် လမ်းမကြီး၊ ကြည့်မြင်တိုင် ကမ်းနားလမ်းနှင့် ဗိုလ်တထောင် ကမ်းနားလမ်းတစ်လျှောက် *စာမျက်နှာ ၃ ကော်လံ ၄* ❖



လှိုင်မြစ်ကူး ဘုရင့်နောင်တံတား အမှတ် (၂) ပေါ်မှ ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်များကို တွေ့ရစဉ်။ ဓာတ်ပုံ - သန်းစိုး

## ရန်ကုန်စတော့အိတ်ချိန်း အရောင်းအဝယ်များ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း သိသိသာသာ မြင့်တက်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်စတော့အိတ်ချိန်း၌ စတော့အရောင်းအဝယ်များ သိသိသာသာ မြင့်တက်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ အမှုဆောင်အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦးထံမှ သိရသည်။

"ကိုဗစ် -၁၉ ကူးစက်မှုတွေများလာလို့ ဒီဇင်ဘာလရဲ့ စတော့အရောင်းအဝယ်ကို စိုးရိမ်ခဲ့ပေမယ့် ဒီဇင်ဘာလအတွင်းမှာ အရောင်းအဝယ် သိသိသာသာ မြင့်တက်ခဲ့လို့ ပြည်သူတွေအနေနဲ့ စတော့ရင်းနှီးမြှုပ်နှံမှုကို ပိုမိုစိတ်ဝင်စားလာတယ်လို့ ယူဆပါတယ်" ဟု ဦးသက်ထွန်းဦးက ပြောသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း အစုရှယ်ယာပေါင်း တစ်သိန်းလေးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေတန်ဖိုးအားဖြင့် ၁၂၄၅ သန်းခန့်




အရောင်းအဝယ်ဖြစ်ခဲ့သည်။ နိုဝင်ဘာလအတွင်း ၅၈၈ သန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒီဇင်ဘာလတွင် နိုဝင်ဘာလထက် နှစ်ဆကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ မြန်မာစတော့အညွှန်းကိန်း MYANPIX မှာ ၄၅၀ ဒသမ ၃၄ အထိ မြင့်တက်လာခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၄* ❑

**ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အာဆီယံမဟာဗျူဟာစီမံကိန်း (ASEAN Strategic Plan for Culture and Arts 2016-2025) အကြောင်း သိကောင်းစရာ**

စာ ၆

**ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်**

စာ ၈

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၅



မြန်မာ့အလင်း

# နိုင်ငံရေးသမားနှင့် ကိုယ်ကျင့်သိက္ခာ

မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား ဆိုသည်မှာ လူတစ်ဦးအတွက် လွန်စွာအရေးကြီးသည့် အခြေခံစည်းမျဉ်းဟု ဆိုရပါမည်။ ချမ်းသာကြွယ်ဝခြင်း၊ ရာထူးဂုဏ်ဒြပ်ကြီးမားခြင်း၊ အောင်မြင်ကျော်ကြားထင်ရှားခြင်း အစရှိသည်တို့ထက် လူတစ်ဦး မြင့်မြတ်မှုကို သူ၏ ရိုးသားဖြူစင်မှုဖြင့်သာ တိုင်းတာနိုင်မည်ဟု ယူဆပါသည်။ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ သီလလုံခြင်းတို့ကသာ လူတစ်ဦး၏ သိက္ခာကို ဖော်ပြနေမည် ဖြစ်ပါသည်။

ရိုးသားဖြူစင်မှုသည် လူတို့အတွက် လွန်စွာအရေးကြီးသည်ဟု ဆိုလျှင် နိုင်ငံရေးသမားတို့အတွက်ဆိုလျှင် အဆပေါင်းများစွာ ပိုမိုအရေးကြီးသည်ဟု ဆိုရပါမည်။ နိုင်ငံရေးသမားတို့ နိုင်ငံရေးလုပ်သည်မှာ အများအကျိုး၊ ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူလူထုအကျိုးအတွက် ကိုယ့်ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ကိုယ့်ဘာသာကိုယ် တာဝန်ယူကာ လုပ်ရသောအလုပ်ဖြစ်၏။

ထိုသို့ တာဝန်ယူဆောင်ရွက်ရန်အတွက် နိုင်ငံရေးအာဏာနှင့် လုပ်ပိုင်ခွင့်တာဝန်တို့ကို ရရှိရန်လို၏။ ထို နိုင်ငံရေးအာဏာနှင့် လုပ်ပိုင်ခွင့်တို့ကို ပြည်သူအများစုကပေးအပ်မှသာ ရနိုင်၏။ ပြည်သူလူထု၏ ယုံကြည်မှုဖြင့်သာ ထိုတာဝန်ကို ယူနိုင်၏။

ထိုသို့ လုပ်ပိုင်ခွင့်တာဝန်နှင့် အာဏာကို လက်ဝယ်ထားပြီး အများအကျိုး၊ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးလုပ်ရာတွင်လည်း အဓိကအားဖြင့် လူတို့၏ တန်းတူညီမှု၊ တရားမျှတမှုတို့ကို အခြေခံ၍ လုပ်ရခြင်းဖြစ်၏။

ဤအခြေခံကို တည်ဆောက်ရာတွင် နိုင်ငံရေးသမားတို့သည် ကိုယ်တိုင်က သီလလုံဖို့၊ လူ့ ဂုဏ်သိက္ခာနှင့် ညီဖို့၊ ကိုယ်ကျင့်တရားကောင်းမွန်ဖို့၊ နိုင်ငံရေးသမားကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်ဖို့တို့ကို မိမိဘာသာ ထိန်းကျောင်းစောင့်ရှောက်နေရပါသည်။

ထို့ကြောင့် နိုင်ငံရေးသမားတို့အတွက် အဓိကအကျဆုံးသည်ကား ရိုးသားဖြူစင်မှုဖြစ်သည်ဟု ဆိုရပါမည်။ ရိုးသားဖြူစင်မှုဖြင့် ကိုယ်ကျင့်တရားကောင်းမွန်မှုကို ထူထောင်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်မှုကိုရကာ ပြည်သူလူထု၏ တာဝန်ပေးအပ်ခြင်းကို ခံရမည်ဖြစ်၏။ လူထု၏ ယုံကြည်မှုကို မတည်ဆောက်နိုင်ဘဲ နိုင်ငံရေးအာဏာကိုရယူဖို့ ကြိုးစားခြင်းသည် နိုင်ငံရေးလုပ်ခြင်း မဟုတ်ဘဲ နိုင်ငံနှင့် ပြည်သူလူထုကို အနိုင့်အထက်ပြုကျင့်ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံကို ဦးဆောင်လိုသူများသည် မတရားမှုကို ဆန့်ကျင်သူများ၊ မျှတမှု တန်းတူညီမှုတို့ကို အလေးအနက်ထားသူများ ဖြစ်ရန်လိုပါသည်။ အမှားမှန်းသိပါလျက် မျက်စိစုံမှိတ်ကာ အမှန်ဟု ကြွေးကြော်နေကာမျှနှင့် အမှားသည် အမှန်ဖြစ်လာမည် မဟုတ်။

အထူးသဖြင့်မူ မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် နိုင်ငံရေးပါးနပ်သူများဖြစ်၏။ နိုင်ငံရေး ပြဿနာတို့ကြားတွင် ရာစုနှစ်ဝက်ကျော် နေခဲ့ကြသူများ၊ နိုင်ငံရေးမတည်ငြိမ်မှု၏ ဆိုးကျိုးဘေးဒဏ်တို့ကို ဖြတ်သန်းလျှောက်လှမ်းလာခဲ့ကြသူများ ဖြစ်လေရာ၊ ပြည်သူလူထုအများစုသည် အမှားအမှန်ကိုသော် လည်းကောင်း၊ တရားမှု မတရားမှုကို လည်းကောင်း၊ ဖြူစင်မှု ညစ်ထေးမှုကို လည်းကောင်း လွယ်လင့်တကူ နားလည်သိမြင်နိုင်ကြသူများ ဖြစ်၏။ ညာနေသူကို သိ၏။ အဓမ္မသမားကို သိ၏။ နိုင်ထက်စီးနင်းပြုသူကို သိ၏။ စိတ်ထားမှန်ကန်သူကို သိ၏။ ဖြူစင်သူကိုသိ၏။ နိုင်ငံနှင့် ပြည်သူလူထုအပေါ် သန့်ရှင်းသော မေတ္တာထားသူကိုသိ၏။

အချုပ်ဆိုရပါလျှင် မြန်မာပြည်သူတို့သည် မိမိတို့အကျိုးကို အမှန်တကယ် စေတနာထားသူကို အားကိုးလို၏။ မဟုတ်မမှန်သူများကို ဆန့်ကျင်ကြ၏။ ဖိနှိပ်ချိုးနှိမ်မှုများအောက်ကပင် ဆန့်ကျင်ဖော်ပြရဲခဲ့သူများ ဖြစ်၏။

ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိထားသူတို့ကလည်း ရိုးသားဖြူစင်မှုနှင့် ကိုယ်ကျင့်ကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းကာ စွမ်းဆောင်ရည်မြင့်မြင့်ဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ကာ အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြမည်ဟု မျှော်လင့်ယုံကြည်ကြပါကြောင်း။ ။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှ တစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည် လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက် မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဗိုလ်ကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉-၅၁၃၀၄၁၈
  - ၀၉-၅၄၀၂၀၉၈
  - ၀၉-၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အုတ်ဖိုမြို့ပြည်သူ့ဆေးရုံသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပဲခူး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဇန်နဝါရီ ၁၀ ရက်က လွှတ်တော် ကိုယ်စားလှယ်များ၊ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးရွှေအောင်၊ အုတ်ဖိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးတို့နှင့်အတူ အုတ်ဖိုမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှု၍ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား အုတ်ဖိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန့်ဇော်မောင်က ဆေးရုံကြီးတွင် ကိုဗစ်– ၁၉ ရောဂါလူနာများ တက်ရောက်ကုသပေးနေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကုသရေးအပိုင်း၊ လူနာများထားရှိမှုအပိုင်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ညွှန်ကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ကျန်းမာရေးအထောက်အကူပစ္စည်းများ ဖြစ်သည့် ရောဂါကာကွယ်ရေးဝတ်စုံများ၊ လက်သန့်ဆေးရည်ဘူးများ၊ နှာခေါင်းစည်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန့်ဇော်မောင်ထံသို့ လည်းကောင်း၊ မြို့နယ်ကိုဗစ်ကော်မတီအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို မြို့နယ်ကိုဗစ်ကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးထံသို့ လည်းကောင်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

# ဘွဲ့ရဆရာတော်အား သီပေါ၌ဂုဏ်ပြုပူဇော်

**သီပေါ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ တောင်မြို့ရပ် သာသနာ ၂၅၀၀ ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ ပြည်နယ်ဝန်ဆောင်၊ မြို့နယ်သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကောသလအရှင်သူမြတ်အား နိုင်ငံတော်အစိုးရက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသဖြင့် ဂုဏ်ပြုပူဇော်ခြင်းကို ယနေ့ နံနက်ပိုင်းက ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးထံမှ အနုမောဒနာတရားတော်နှင့် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဂုဏ်ပြုပူဇော်ကြသည်။ ထို့နောက် မဟာသမယ သုတ်တော် (၇) သုတ်နှင့် ဣသိဝိလိပရိတ်တော်၊ ကပ်ကျော်ဓမ္မဒေသနာတော်၊ ပဋ္ဌာန်းဒေသနာတော်၊ မေတ္တာဘာဝနာတရား ဒေသနာအဖြာဖြာတို့ကို တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။

စိုင်း(သီပေါ)



# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ ၇၅ ပုဒ်ကိုရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် ညတွင် ပွဲစဉ် ( ၆ )ကို ဆက်လက်ဖျော်ဖြေမည် ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် သန်းထွန်းလေး၊ မောင်သိန်းဝင်း၊ စန္ဒရားတင်ကိုကို၊ ချိုဝေလွင်၊ ခင်ညွန့်ရည်၊ ပိုးအိစံနှင့် ရွှေဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဇန်နဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

COVID–19 ရောဂါ ဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာမျှဝေပေးမည့် “ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး/အဖြေ အစီအစဉ် ” ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၁၄ ရက် (ကြာသပတေးနေ့) ညနေတွင် ဒစ်ဂျစ်တယ်မီဒီယာနှင့် Marketing လက်တွေ့အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်အား WE Distribution/ Yangon Book Plaza (CEO) မြေမှုန်လွင်နှင့် Food Writer, Food Blogger, Tv Food Presenter ဒေါ်ချိုဝတ်ရည် (Wutyee Food House) တို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ ပုဂံဒေသရှိ ဘုရားပုထိုးများအား ကိုဗစ် - ၁၉ စည်းကမ်းချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၃

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ဘုရားပုထိုးများသို့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထီးလိုမင်းလိုဘုရားနှင့် အာနန္ဒာဘုရားတို့သို့ သွားရောက်၍ ဂေါပကအဖွဲ့များက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှု၊ ဖြေလျှော့ခွင့်ပြုလာပါက ကိုဗစ်-၁၉ မကူးစက်နိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားမှု၊ Online Registration နှင့် ကျန်းမာရေးစစ်ဆေးနိုင်မည့် စက်ကိရိယာများ ပြင်ဆင်ထားရှိမှု၊ အဆင့်လိုက် ဖွင့်လှစ်ခွင့်ပြုနိုင်ရန် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့များ ညှိနှိုင်းပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား၊ ဗူးဘုရား၊ အလိုတော်ပြည့်ဘုရား၊ မြစေတီဘုရား၊ ထီးလိုမင်းလိုဘုရား၊ ရွှေဆံတော်ဘုရား ဂေါပကအဖွဲ့များက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။ **(ယာပုံ)**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းလာပြီး ဖြေလျှော့မှုများဖြင့် စေတီပုထိုးများသို့ လေ့လာဖူးမြော်ခွင့်ပြုပါက ဘုရားဖူးပြည်သူများနှင့် ဒေသခံပြည်သူများပါ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရန်အတွက် Social Distancing နှင့်အညီ ပညာပေးစည်းကမ်းချက်များ ဆောင်ရွက်ထားရှိပြီး အကွာအဝေး သတ်မှတ်ချက်၊ ဘုရားတစ်ဆူချင်း၏ ခွင့်ပြုနိုင်မှုအရေအတွက်၊ ကူးစက်နိုင်မှု မရှိစေရန် အသိပေးနှိုးဆော်ချက်များ ပြင်ဆင်ထားသည်။ အလားတူ ဘုရားတစ်ဆူချင်းစီတွင် ဘုရားဖူးများ၏ ကျန်းမာရေးအတွက် အပူချိန်တိုင်းစက်များနှင့် ပစ္စည်းကိရိယာများ ပြင်ဆင်ထားကာ ဘုရားများ၏ ပရိဝုဏ်နှင့် ဂန္ဓကုဋီအကျယ်အဝန်း အလိုက် ခွင့်ပြုနိုင်မည့် လူဦးရေ တွက်ချက်သတ်မှတ်ကာ Auto Counting စနစ်ဖြင့် ဆောင်ရွက်ရန် လျာထားစီစဉ်ထားပြီး CCTV ဖြင့် စနစ်တကျ ထိန်းသိမ်းကြပ်မတ်နိုင်ရန်လည်း ဆောင်ရွက်ထားသည်။

ထို့ပြင်Tech Wings ကုမ္ပဏီက Online မှ ကြိုတင်စာရင်းပေးသွင်း၍ ခွင့်ပြုကြည့်ရှုရန် စီစဉ်ထားပြီး ညောင်ဦးခရိုင် စီမံခန့်ခွဲမှု ကော်မတီကလည်း ပုဂံဒေသ၏ အခြေအနေ၊ အချက်အလက်များကို ပြည်သူများ သိရှိနိုင်စေရန် Website နှင့် Page များမှ အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ရေး စီစဉ်ထားကာ အဆင့်လိုက် ခွဲခြား၍ ကြီးကြပ်ခွင့်ပြုပေးရန် ဒေသအုပ်ချုပ်ရေးအဖွဲ့၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များ ပူးပေါင်း၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်တုန်းမြို့၌ ၂၇၆၀ ပြည့်နှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား ကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးဆောင်၍ အမှတ်(၇) ရပ်ကွက် အနော်ရထာလမ်းရှိ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးရှေ့မျက်နှာစာတွင် ဇန်နဝါရီ ၁၃ ရက်က ကရင်သက္ကရာဇ် ၂၇၆၀ ပြည့်နှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားအား ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်၊ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုဥက္ကဋ္ဌ မန်းအောင်မျိုးဦးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကရင်လူငယ်များ စုစုပေါင်း ၂၅ ဦးခန့် တက်ရောက်ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်နှင့် ကော်မတီဝင်များ၊ ကရင်လူငယ်များက ကရင်အမျိုးသားအလံအား လွှင့်ထူ၍ အလေးပြုခြင်း၊ ကရင်အမျိုးသား နှစ်သစ်ကူးနေ့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်က ဖတ်ကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူက ပေးပို့သော သဝဏ်လွှာအား ကရင်လူငယ် စကျော်သူရက ဖတ်ကြားသည်။ ထို့နောက် ကရင်နှစ်သစ်ကူး ကျင်းပရေးကော်မတီ (ရန်ကုန်) မှ ပေးပို့သောသဝဏ်လွှာအား နန့်ဆန်းသီတာဦးက ဖတ်ကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**



❖ *ရွှေဖုံးမှ*

ယာဉ်ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်။

"လက်ရှိ သွင်းကုန်/ ထုတ်ကုန် ဆိပ်ကမ်းတစ်ခုမှာ ကွန်တိန်နာယာဉ်တွေ ကျပ်နေတယ်။ အကြောင်းရင်းက သင်္ဘောအဝင်များချိန်မှာ ဝင်းထဲကို ကုန်ချပြီးတာနဲ့ ထပ်ပြီး ကုန်တင်လို့ မရဘူး။ ချက်ချင်းပြန်ထွက်ရပြီးမှ ပြန်ဝင်ရတော့ လမ်းပေါ်မှာယာဉ်တွေ ကျပ်နေတယ်။ ဒါက ဆိပ်ကမ်းမှာဖြစ်တဲ့ကိစ္စ။ နောက်တစ်ခုက ဘုရင့်နောင်ပွဲရုံမှာ ပိတ်ရက်ခံရင် နယ်ဝင်ကားတွေ ပိတ်မိနေတဲ့အတွက် ဘုရင့်နောင်ကားလမ်းပေါ်မှာ ယာဉ်တွေပိတ်မိတယ်။ ပွဲရုံပိတ်မယ့်ရက်နဲ့ ပြန်ဖွင့်မယ့်ရက်မှာ အဖြစ်များတယ်။

ပြီးတော့ ကုန်သေတ္တာယာဉ်တွေ ဘုရင့်နောင်အမှတ်(၁)နဲ့(၂)တံတားပေါ်က အသွား/အပြန် ဖြတ်သန်းနိုင်အောင် ကြိုးစားနေတယ်။ ကုန်ပစ္စည်းမပါတဲ့ ကွန်တိန်နာတွေ ဘုရင့်နောင်အမှတ် (၂) တံတားက ဖြတ်ပြီးတော့ ကုန်ပစ္စည်းပါတဲ့ ကွန်တိန်နာဆိုရင် ရွှေပြည်သာတံတားကပဲ ဖြတ်ဖို့ အသိပေးထားပြီးပါပြီ။ အောင်ဇေယျကြိုးတံတားက ၃၆ တန်အတွင်းသာ လက်ခံတဲ့အတွက် တန်ပိုတွေ ရွှေပြည်သာ တံတားက ဖြတ်ရမှာပါ" ဟု မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

ဘုရင့်နောင်ပွဲရုံ အဝင်လမ်းမှစ၍ ယာဉ်ကြောပိတ်ဆို့မှုနှင့် ပန်းဆိုးတန်း ကမ်းနားလမ်း တစ်လျှောက် ကွန်တိန်နာယာဉ်များ ပိတ်ဆို့မှု ဖြေလျှော့နိုင်ရန် ဆိပ်ကမ်းကုန်တင်ယာဉ်ဝင်းအတွင်း၌ ကုန်သေတ္တာယာဉ်များ မြန်ဆန်စွာ ထွက်ခွာ/ ဝင်ရောက်နိုင်ရန် ဝန်ဆောင်မှုပေးရန်နှင့် ဘုရင့်နောင်ပွဲရုံ အဝင်/အထွက် ယာဉ်များ မြန်ဆန် စွာ သွားလာနိုင်ရန် ဆောင်ရွက်ခြင်းဖြင့် လက်ရှိကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့စေမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များ အသင်းတွင် အဖွဲ့ဝင်ပေါင်း ၂၅၀၀ ကျော်နှင့် အသင်းမဝင်သူ ၂၀၀၀ ခန့်ရှိရာ ရန်ကုန်မြို့၌ ကွန်တိန်နာယာဉ် ၄၀၀၀ ကျော် ရှိကြောင်း၊ ရန်ကုန်မြို့တွင် ကုန်စည်ပို့ဆောင်ရေးယာဉ်များနှင့် နယ်မှဝင်ရောက်သော ကုန်စည်ယာဉ်များ၊ နေ့စဉ် ခရီးသွားယာဉ်များ၊ ကုန်ပစ္စည်းပို့ဆောင်သောယာဉ်များ၊ စက်မှုဇုန်ယာဉ်များနှင့် ရုံးကား၊ အိမ်စီးကားများဖြင့် ရန်ကုန်မြို့ ကားလမ်းများ၏ ခံနိုင်ဝန်ကို ကျော်လွန်လာသောကြောင့် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုမှာ ပြန်လည် အသက်ဝင်လာခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ရန်ကုန်မြို့ရှိယာတွင် ယာဉ်ကြောပိတ်ဆို့မှု ပြန်လည်ဖြစ်ပေါ်လာရာ ဖြေလျှော့မှုအနေဖြင့် ဘုရင့်နောင်ပွဲရုံနှင့် ဗိုလ်တထောင်ကမ်းနားလမ်း တစ်လျှောက် ကွန်တိန်နာယာဉ်များ ပိတ်ဆို့မှုကို ဖြေလျှော့ခြင်းနှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းမောင်းနှင်သော ကုန်သေတ္တာတင်မော်တော်ယာဉ်များ အနေဖြင့် သတ်မှတ်ခွင့်ပြုထားသော တံတားပေါ်မှမောင်းနှင်ရန် မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များ အသင်းက သတိပေးထားကြောင်း သိရသည်။ **သန်းထိုက်**

❑ *ရွှေဖုံးမှ*

ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် သတ္တမမြောက် စာရင်းဝင်ကုမ္ပဏီဖြစ်လာမည့် Amata Holding Public Co., Ltd ကို စာရင်းဝင်စစ်ဆေးခြင်းလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း ၄၁ (ဂ)နှင့် ငွေချေးသက်သေခံလက်မှတ်များ စာရင်းဝင်ခြင်းဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများ အပိုင်း ၇၊ ၈ တို့နှင့်အညီ စာရင်းဝင်ကုမ္ပဏီအဖြစ် အတည်ပြုပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကုမ္ပဏီ၏ စာရင်းဝင်မည့်နေ့ရက်နှင့် အဖွင့်ဈေးနှုန်းများကိုမူ ထပ်မံအသိပေးကြေညာမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းမှ ပြည်သူများအား စတော့ဈေးကွက် အသိပညာပြန့်ပွားရေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသားများအသင်းက ကျင်းပသည့် The Law Student's Forum တွင် ပါဝင်ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကိုဗစ်ကာကွယ်ဆေး ရရှိလာနိုင်မှုအခြေအနေအမျိုးမျိုးအပေါ်မူတည်၍ စနစ်တကျခွဲဝေထိုးနှံနိုင်ရေး သဏ္ဍာန်တူစားပွဲတင်လေ့ကျင့် ကြိုတင်ပြင်ဆင်

နေပြည်တော် ဇန်နဝါရီ ၁၃

ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိလာနိုင်မှုအခြေအနေ အမျိုးမျိုးအပေါ်မူတည်၍ စနစ်တကျခွဲဝေ ထိုးနှံနိုင်ရေး သဏ္ဍာန်တူစားပွဲတင်လေ့ကျင့် ကြိုတင်ပြင်ဆင်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သဏ္ဍာန်တူစားပွဲတင်လေ့ကျင့်ခြင်း (tabletop exercise) မှာ ပြည်သူ့ကျန်းမာရေးကဏ္ဍ၌ ကြီးမားသောကိစ္စရပ် အသစ်တစ်ခုခုကို မပြုလုပ်ခင် ကြိုတင်လေ့ကျင့် ပြုလုပ်ရသည့် အလေ့အထတစ်ခုဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း ကိစ္စရပ်မှာ ယခင်ဆယ်စုနှစ်ပေါင်းများစွာ ကာကွယ်ဆေးထိုးနှံနေသည့် စီမံချက်နှင့်မတူညီဘဲ ခြားနားသည့်အချက်များစွာရှိပါကြောင်း။

## ဖြည့်ဆည်းပေးမည်ဖြစ်

သို့ဖြစ်၍ အသုတ်လိုက်ရရှိလာမည့် ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်တွင် ရရှိမည့် ပမာဏအပေါ်မူတည်၍ လည်းကောင်း၊ အချိန်အပိုင်းအခြားအလိုက်ရရှိမှု အပေါ်မူတည်၍လည်းကောင်း၊ ရရှိလာမည့် ကာကွယ်ဆေးအမျိုးအစားအပေါ် မူတည်၍လည်းကောင်း အခြေအနေအမျိုးမျိုးအတွက် သဏ္ဍာန်တူ စားပွဲတင် လေ့ကျင့်ခန်း ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ကာကွယ်ဆေးမရရှိမီ အချိန်ကာလတွင် ဗဟိုအဆင့်၌ သဏ္ဍာန်တူလေ့ကျင့်ခန်း အနည်းဆုံး (၃) ကြိမ်ခန့်ပြုလုပ်ပြီး လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ မွမ်းမံအချောသပ်ခြင်းများ ပြုလုပ်မည်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌လည်း အနည်းဆုံး တစ်ကြိမ်ခန့် ပြုလုပ်မည်ဟု လျာထားပါကြောင်း၊ သဏ္ဍာန်တူလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း ကဏ္ဍအရပ်ရပ်၌ လိုအပ်ချက်အမျိုးမျိုးကို ကြိုတင်သိရှိနိုင်ကာ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံးနှင့် အကောင်းဆုံးပြင်ဆင်ထားသော်လည်း မထင်မှတ်သော အခြေအနေအကြောင်းအချက်များ ပေါ်ပေါက်လာနိုင်သဖြင့် ထိုမထင်မှတ်သော အကြောင်းအချက်များကိုလည်း ကြိုတင်စဉ်းစားကာ တက်ရောက်လာကြသူများက ဖော်ထုတ်၍ အကြံပြုဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

## သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် နည်းပညာပိုင်းဆိုင်ရာ၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ၊ ကာကွယ်ဆေး အရည်အသွေးဆန်းစစ်မှုဆိုင်ရာ၊ အလှူရှင်များနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်ဆိုင်ရာ၊ ကာကွယ်ဆေး ပံ့ပိုးဖြန့်ဝေမှုဆိုင်ရာ၊ ကပ်ရောဂါဗေဒနှင့် အခြေအနေအရပ်ရပ်ကို ဆန်းစစ်သုံးသပ်ခြင်းဆိုင်ရာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံအတွက် အသုတ်လိုက်ရရှိလာနိုင်ခြေရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအရေအတွက် ပမာဏ၊ ကာကွယ်ဆေး အမျိုးအစား၊ ကာကွယ်ဆေး အမျိုးအစားအလိုက် အအေးလမ်းကြောင်းမပျက် သိုလှောင်ရမည့် အခြေအနေ အမျိုးမျိုးတို့အပေါ်မူတည်၍ ဦးစားပေးလူအုပ်စုများရွေးချယ်ထိုးနှံသွားမည့် အစီအစဉ်၊ ကျန်းမာရေးဝန်ထမ်းများနှင့် အသက် (၆၅) နှစ်အထက် ပြည်သူများအား ပထမဦးစားပေး လူအုပ်စုအဖြစ် ရွေးချယ်သတ်မှတ်ထားမှု၊ ပုံမှန်အအေးလမ်းကြောင်းဖြင့် သိုလှောင်ထိန်းသိမ်းရမည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အမျိုးအစားရရှိပါက သိုလှောင်ဖြန့်ဖြူးမည့် အစီအစဉ်၊ အလွန်အမင်းအေးသော အအေးလမ်းကြောင်းသိုလှောင်မှု (အနုတ် ၇၀ ဒီဂရီ စင်တီဂရိတ်) (ultra-cold chain storage) လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အမျိုးအစားရရှိပါက အအေးလမ်းကြောင်းမပျက်စေဘဲ ထိုးနှံမည့်နေရာသို့ အမြန်ဆုံး သယ်ယူပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ သိုလှောင်ဖြန့်ဖြူးမည့် အခြေအနေနှင့် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ အလွန်အမင်းအေးသော အအေးလမ်းကြောင်းသိုလှောင်မှု လိုသည့် ကာကွယ်ဆေးအမျိုးအစားအတွက် တိုင်းဒေသကြီး/ ပြည်နယ် ကာကွယ်ဆေး အအေးခန်းများသို့ ကုန်းလမ်းခရီး (သို့မဟုတ်) လေကြောင်းခရီးဖြင့် (၂၄) နာရီအတွင်း အရောက်ပို့မည့် အစီအစဉ်၊ မတူညီသော အအေးလမ်းကြောင်းစနစ် လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားများ ပြိုင်တူရောက်ရှိလာပါက ဆောင်ရွက်ရမည့် အစီအစဉ်၊ စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေး သတင်းစနစ် (DHIS - 2) ကို အသုံးပြုကာ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သည့် လူအုပ်စုအလိုက် လူဦးရေစာရင်း ကြိုတင်စာရင်းသွင်း မှတ်ပုံတင်ခြင်း ဆောင်ရွက်မည့် အစီအစဉ်၊ ပြည်သူလူထုထံသို့ ရရှိလာမည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အမျိုးအစားအလိုက် ကာကွယ်ဆေးဆိုင်ရာ အချက်များ၊ ထိုးနှံရမည့် အကြိမ်ရေ၊ သတိပြုလိုက်နာရမည့် အချက်များစသည့် သိသင့်သိထိုက်သော အချက်များ အသိပေးဆက်သွယ်ဖြန့်ဝေမည့် အစီအစဉ်၊ ကာကွယ်ဆေးထိုးနှံပြီး နောက်ဆက်တွဲဖြစ်ရပ်များ (Adverse event following immunization) စောင့်ကြပ်ကြည့်ရှုခြင်း (AEFI Surveillance) လုပ်ဆောင်မည့် အစီအစဉ်၊ ကိုဗစ်-၁၉ ကာကွယ်ဆေး လက်တွေ့ထိုးနှံရာ၌ အထွေထွေကုန်ကျမည့် ခန့်မှန်းစရိတ်များ စသည့်အချက်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးရောက်ရှိလာသည့်အခါ ထိုသို့ကြိုတင်ပြင်ဆင် သတ်မှတ်ချက် အစီအစဉ်များအတိုင်း အမြန်ဆုံး သယ်ယူပို့ဆောင်ထိုးနှံနိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိလာနိုင်မှုအခြေအနေ အမျိုးမျိုးအပေါ်မူတည်၍ စနစ်တကျခွဲဝေ ထိုးနှံနိုင်ရေး သဏ္ဍာန်တူစားပွဲတင်လေ့ကျင့် ကြိုတင်ပြင်ဆင်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ချိန်သားကိုက်လုပ်ဆောင်နိုင်ရန်

ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သက်ဆိုင်ရာ ကာကွယ်ဆေး အမျိုးအစားအလိုက် သတ်မှတ်အအေးလမ်းကြောင်းအတိုင်း အမြန်ဆုံးဖြန့်ဖြူး ထိုးနှံနိုင်ရေးသည် အဓိကကျပါကြောင်း၊ ကာကွယ်ဆေးထိုးစီမံချက်တစ်ခုလုံး၏ အောင်မြင်မှုရရှိစေရန် အဓိကအချက်မှာ စီမံခန့်ခွဲမှုအပိုင်းကို ပိုမိုပီပြင်ရေး ဆောင်ရွက်ရန်နှင့် အချိန်နှင့် တစ်ပြေးညီ ဆုံးဖြတ်ချက်များပေးရမည် ဆိုသောအချက်ဖြစ်ပါကြောင်း၊ ယနေ့တင်ပြချက်များအပေါ်မူတည်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာအဖွဲ့နှင့် ယခင်ဖွဲ့ထားသော လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ပြန်လည်သုံးသပ်ကာ ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ် အဖွဲ့များ ချိတ်ဆက်မှုသည် အရေးကြီးပြီး ချိန်သားကိုက်လုပ်ဆောင်နိုင်ရန် မိမိတို့ ကြိုးစားရမည်ဖြစ်ပါကြောင်း။

## အထူးသတိပြု စောင့်ကြပ်ကြည့်ရှု

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း သဏ္ဍာန်တူ စားပွဲတင်လေ့ကျင့်ခန်းကို ကြိုတင်လုပ်ဆောင်ထားသော်ငြားလည်း ဖြစ်ပေါ်ပြောင်းလဲလာမည့် အခြေအနေအရပ်ရပ်ကို ကြိုတင်မသိရှိနိုင်သည့်အတွက် ကာကွယ်ဆေးထိုးနှံနေသည့် အချိန်ကာလ၌ပင် မိမိတို့သည် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြဲတမ်း မျက်ခြည်မပြတ် သုံးသပ်၍ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးလုပ်ငန်း ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲမှုကော်မတီ (CNCC) သို့ ချက်ချင်းသတင်းပို့ရမည် ဖြစ်ပြီး ကော်မတီမှလည်း ချက်ချင်းတုံ့ပြန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကာကွယ်ဆေးအသစ်ဖြစ်သည့် အပြင် ထုတ်လုပ်မှုနည်းပညာမှာလည်း အသစ်ဖြစ်သည့်အတွက် ကာကွယ်ဆေး ထိုးနှံပြီး နောက်ဆက်တွဲဖြစ်ရပ်များ (Adverse event following immunization) ကို အထူးသတိပြု စောင့်ကြပ်ကြည့်ရှုရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေး ရောက်ရှိလာပြီးနောက် ဗဟိုမှ တိုင်းဒေသကြီး/ ပြည်နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်မှ ခရိုင်/ မြို့နယ်တို့သို့ သက်ဆိုင်ရာအအေးလမ်းကြောင်းမပျက် အမြန်ဆုံး ဖြန့်ဖြူးထိုးနှံနိုင်ရေးအတွက် သဏ္ဍာန်တူ ကြိုတင်ပြင်ဆင်မှု လေ့ကျင့်ခန်းငယ်များ လုပ်ဆောင်ထားရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားအလိုက် ဖြန့်ဖြူးမည့် လမ်းကြောင်းနှင့် သယ်ပို့မည့် ယာဉ်အမျိုးအစား၊ အစီအစဉ်တို့ကို သေချာစွာ သတ်မှတ်ထားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ပြင်ဆင်ထားရှိရမည့် အသေးစိတ်အချက်အလက်စာရင်းကို ဗဟိုအဆင့်မှ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း။

## သတင်းအချက်အလက်များကို ဖလှယ်မျှဝေ

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမည့် ဆေးရုံ/နေရာများကို သေချာစွာ ရွေးချယ်သတ်မှတ် ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် ပါဝင်မည့် ကျန်းမာရေးဝန်ထမ်းများကို ရက်ပိုင်းအတွင်းလေ့ကျင့်ပေးမည်ဟု သိရှိရသည့်အတွက် ကောင်းမွန်ပါကြောင်း၊ ဗဟိုအဆင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ကာကွယ်ဆေး တာဝန်ခံများအကြား ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ သတင်းအချက်အလက်များကို ဖလှယ်မျှဝေနိုင်ရေး အီးမေးလ်ဖြင့် အမြဲမပြတ် ချိတ်ဆက်ရမည် ဖြစ်ပါကြောင်း။

အလွန်အမင်းအေးသော အအေးလမ်းကြောင်းသိုလှောင်မှု လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အမျိုးအစားများ ဆေးအာနိသင်မပျက်စေရေးအတွက် သယ်ယူပို့ဆောင်မှု မနှောင့်နှေးစေဘဲ သက်ဆိုင်ရာနေရာသို့ ရောက်ရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ အသေးစိတ်ကြိုတင်ပြင်ဆင်မည်ဟု သိရှိရသဖြင့် ကောင်းမွန်ပါကြောင်း၊ မိမိတို့အားလုံး ပေါင်းစပ်၍ မြန်မာနိုင်ငံ ပြည်သူများ အမြန်ဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရန် ကြိုးပမ်းလျက် ရှိပါကြောင်း ပြောကြားသည်။

## ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိလာနိုင်

ဆက်လက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာကြသော တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ဦးစားပေးအုပ်စုများကို မည်သည့်အချက်ပေါ်မူတည် စဉ်းစားဆုံးဖြတ်သည်ကို ပြည်သူများထံ ကြိုတင်အသိပေးရှင်းလင်းပြောကြားထားရန် အရေးကြီးမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေး သယ်ယူပို့ဆောင်ခြင်း၊ နေရာသတ်မှတ်ထိုးနှံခြင်းတို့တွင် လုံခြုံရေးကိစ္စကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်မှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမည့် လူအုပ်စုအလိုက် လူဦးရေစာရင်း ကြိုတင်စာရင်းသွင်း မှတ်ပုံတင်ခြင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတစ်ခုတည်းမှ ဆောင်ရွက်၍မရဘဲ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိလာနိုင်မှု အခြေအနေအမျိုးအမျိုးအပေါ်မူတည်၍ စနစ်တကျ ခွဲဝေထိုးနှံနိုင်ရေးအတွက် ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ဆွေးနွေး တင်ပြကြသည်။

အဆိုပါ ကြိုတင်ပြင်ဆင်ခြင်း အစီအစဉ်သို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေး လုပ်ငန်းပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲမှုကော်မတီ (COVAX National Coordinating Committee – CNCC) နှင့် မြန်မာနိုင်ငံ COVID-19 ကာကွယ်ဆေးလုပ်ငန်းအဖွဲ့ (COVAX National Technical Working Group–CTWG) တို့မှ အဖွဲ့ဝင်များနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

---

## လဲချားမြို့နယ်တွင် နောင်ပန်-ဝမ်ယိန်း/ပန်တန် မြေသားလမ်းဖောက်လုပ်

လဲချား ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ် နောင်ပန်-ဝမ်ယိန်း/ပန်တန် ဆက်သွယ်ထားသည့် လမ်းသည် လမ်းအရှည် (၁၂/၄)မိုင်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေိယာဖြစ်သော (၄/၄) မိုင် မြေသားလမ်းဖောက်လုပ်ခြင်းကို ရှမ်းပြည်နယ် အစိုးရခွင့်ပြုရန်ပုံငွေဖြင့် (၂-၁၂-၂၀၂၀) တွင် စတင် ဖောက်လုပ်လျက်ရှိရာ လုပ်ငန်းတစ်ခုလုံး၏ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းမှာ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရေိယာ (၈/၀) မိုင်အပိုင်းမှ ကျောက်လမ်း (၅/၅) မိုင်၊မြေလမ်း (၂/၄) မိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ၎င်းလမ်းအား နောင်ပန်ကျေးရွာအုပ်စု နောင်ပန်-ဝမ်ပန်-ဟိုနား-ဝမ်မိုင်-နားကျိုင်းနှင့်ဝမ်ယိန်း/ပန်တန် ကျေးရွာအုပ်စု ဝမ်နောင်-ကောင်းခံနှင့်ပန်တန်ရွာ ဆက်သွယ်သည့် လမ်းဖြစ်သောကြောင့် ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၆၅၂ လုံး၊ လူဦးရေ ၃၁၃၉ ဦး အသုံးပြုလျက်ရှိသည်။

အဆိုပါ နောင်ပန်-ဝမ်ယိန်း/ပမ်တန် မြေသားလမ်း (၄/၄) မိုင် ဖောက်လုပ်ပြီးစီးသွားပါက ဝမ်ယိန်း၊ ပန်တန်၊ ဖန်လမ်းကျေးရွာအုပ်စုသည် အဆိုပါ မြေသားလမ်းမှ လဲချား၊ လွိုင်လင်၊ ပင်လုံမြို့များသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသူနောင် (ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကိုဗစ် -၁၉ အသိပညာပေးပိုစတာဖွင့်ပွဲသို့ တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် STOP COVID အဝါရောင်အင်္ကျီ ဝတ်ဆင်ပြီး ခေတ်ပုံရိုက်ကူး ချီးမြှင့်ပေးပို့သည့် STOP COVID– 19 အဝါရောင် အသိပညာပေး Campaign ပိုစတာဖွင့်ပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Tourist Burma အဆောက်အအုံရှေ့၌ ပြုလုပ်သည်။

အဆိုပါအဝါရောင် လူထုအသိပညာပေး ပိုစတာဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **(ယာပုံ)** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပုံပါ STOP COVID –19 Yellow Campaign အထိမ်းအမှတ်ပြက္ခဒိန်များကို ပြည်သူများအား ဖြန့်ဝေ ပေးခဲ့သည်။ ရန်ကုန်မြို့တော်သူ မြို့တော်သားများ လက်တလောကမ္ဘာနှင့် အဝန်းဖြစ်ပွားနေသော ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ သတိမူပြီး စည်းကမ်းလိုက်နာကြရေးအတွက် အဆိုပါ အဝါရောင်အင်္ကျီများ ဝတ်ဆင်ကြလျက် လှုံ့ဆော်အသိပညာပေးသည့် အစီအစဉ်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ထိန်းချုပ်လျှော့ချနိုင်ရေး ပြည်သူတစ်ရပ်လုံးက နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်သွားလာကြရေး၊ အပြင်သို့သွားလာတိုင်း လက်ဆေးခြင်းတို့ကို အလေးအနက်ထား လိုက်နာဆောင်ရွက်ကြရေး၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ကြရေး စသည်တို့ကို အသိပညာပေးခြင်းဖြစ်သည်။

ကိုဗစ်–၁၉ နှင့်ပတ်သက်၍ ပြည်သူတစ်ရပ်လုံး စဉ်ဆက်မပြတ် ကျင့်သုံး






လိုက်နာသွားရန်အတွက် New normal ၊ New Living ၊ New Yangon ဟူ၍ ဆောင်ပုဒ်နှင့်အညီ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် နှာခေါင်းစည်းတပ်ဆင်ခြင်းကို အလေ့အကျင့်တစ်ခုအဖြစ် ရေရှည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူတိုင်းက အသိသတိရှိစွာလိုက်နာခြင်းဖြင့် ပူးပေါင်းတိုက်ဖျက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံတကာ ခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီ ရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၇ ဦးကို ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ ရှိမြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ယနေ့ထိ မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၄၃ ကြိမ်တိုင် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❑ ကျောဖုံးမှ**

လာရောက်လည်ပတ်ကြတဲ့ လူတွေကနေတစ်ဆင့် တဖြည်းဖြည်းလူသိများလာတာပဲ ဆိုရမှာပေါ့။ လမ်းကောင်းလာတဲ့အတွက်ကြောင့်လည်း ဒေသကထွက်တဲ့ ကုန်ပစ္စည်းတွေကို မြို့ပေါ်တက်ရောင်းတာတွေရှိတော့ ဝင်ငွေပိုရလာတယ်။ ကမ်းနားကို လူတွေက လာရောက်တဲ့သူတွေရှိလာတော့ ဒေသခံတွေအနေနဲ့ ဈေးတွေ ရောင်းလာတာလည်းရှိလာတော့ အပိုငွေတွေရတယ်ဆိုတာ သိလာကြတယ်။ အရင်ကနဲ့မတူဘဲ စည်စည်ကားကားလေးဖြစ်လာတယ်” ဟု ဇီးကုန်ကျေးရွာမှ ဒေါ်တင်တင်ခိုင် က ပြောသည်။

မုရစ်ကြီး–ဇီးကုန်းလမ်းကို ၂၀၁၈–၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းဦးစီးဌာနက တင်ဒါအောင်မြင်ခဲ့သည့် မဟာယန္တရားကုမ္ပဏီလီမိတက်က ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း ၃၇၀ ဒသမ ၅၄ သန်းဖြင့် တာဝန်ယူ ဖောက်လုပ်ခဲ့ပြီး အဆိုပါ လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် ယခုအခါ ဒေသတွင်း ထွက်ကုန်များ ဝယ်ယူနိုင်ကာ အပန်းဖြေစရာနေရာတစ်ခုအဖြစ် လာရောက်လည်ပတ်သူ များလာကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

***◆ ကျောဖုံးမှ***

သဘော်ခေါက်ရေတိုးပြီး ပြေးဆွဲပေးတာဖြစ်ပါတယ်၊ ရုံးဖွင့်ရက်မှာက ခရီးသည်သွားလာမှုများတယ်။ ရုံးပိတ်ရက်မှာတော့ ခရီးသည် နည်းသေးတယ်။ ဒါကြောင့် ခရီးသည်သွားလာမှုများတဲ့ ရုံးဖွင့်ရက်တွေမှာ အသွား ၃၈ ခေါက်၊ အပြန် ၃၈ ခေါက်နှုန်းနဲ့ ခရီးသည်အဆင်ပြေစွာ သွားလာနိုင်ဖို့အတွက် ပြေးဆွဲပေးတာဖြစ်ပါတယ် ” ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ဒလသဘော်ဆိပ်ကမ်း မန်နေဂျာ ဒေါ်ဇင်မျိုးဟန်က ပြောသည်။

ပန်းဆိုးတန်း–ဒလ သဘော်ဆိပ်ကမ်း၌ ဇန်နဝါရီ ၁၁ ရက်ကစပြီး အစိုးရရုံးဖွင့်ရက်များကို နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၈ နာရီခွဲထိ အသွား ၃၈ ခေါက်၊ အပြန် ၃၈ ခေါက် နှုန်းဖြင့်လည်းကောင်း၊ စနေနေ့ နှင့် တနင်္ဂနွေနေ့ ရုံးပိတ်ရက်များကို နံနက် ၆ နာရီမှ ည ၈ နာရီအချိန်ထိ အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းဖြင့် သဘော်ခရီးစဉ်များအား ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသည်သွားလာမှု အခြေအနေပေါ်မူတည်၍ လိုအပ်ချက်များ ရှိလာပါက ရေယာဉ်ခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ရုံးပိတ်ရက်များ၌ ဒလဘက်ကမ်းမှတစ်ဆင့် ခရီးသည် စီးနင်းလိုက်ပါမှုအနေဖြင့် ၃၀၀၀ ကျော်နှင့် ရုံးဖွင့်ရက်များတွင် ခရီးသည် ၆၀၀၀ ကျော်ခန့် ရန်ကုန်မြို့သို့ ကူးသန်းသွားလာလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော် (ဒလ)**

# တပ်ကုန်းမြို့နယ်ရှိ ဟင်းသီးဟင်းရွက်စိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း နည်းပညာပေးဆွေးနွေးပွဲကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၁၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးသော တောင်သူများအား ဓာတုပိုးသတ်ဆေးများလျှော့ချသုံးစွဲရေးနှင့် စနစ်တကျကိုင်တွယ်သုံးစွဲရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းပညာပေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါတောင်သူဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းထိန်က အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** နေပြည်တော်တိုင်း သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမျိုးနိုင်က ကျားသေအိုင်ကျေးရွာရှိ ဟင်းသီးဟင်းရွက်စိုက် တောင်သူများအား စိုက်ပျိုးရေးသုံး ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ သုံးစွဲရာတွင် လျှော့ချသုံးစွဲရေးနှင့် စနစ်တကျကိုင်တွယ်သုံးစွဲရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သီးနှံများ အရည်အသွေးကောင်းမွန်ရေး၊ လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝသာယာဝပြောရေး စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။



ဆွေးနွေးပွဲသို့ တပ်ကုန်းမြို့နယ်ကွင်းဝန်ထမ်းများနှင့် တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၏ မြို့နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက် ဆွေးနွေးခဲ့ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ် – ၁၉ ညွှန်ကြားချက်များနှင့်အညီ ဆောင် ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် အအေးပိုလာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၃**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် အအေးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အာဆီယံ မဟာဗျူဟာစီမံကိန်း (ASEAN Strategic Plan for Culture and Arts 2016-2025) အကြောင်း သိကောင်းစရာ

မာလာအောင် (ယဉ်ကျေးမှု)

**အာဆီယံ(ASEAN–Association of Southeast Asian Nations) ဆိုသည်မှာ အရှေ့တောင်အာရှရှိ နိုင်ငံများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အရှေ့တောင်အာရှနိုင်ငံများအသင်းကြီးတစ်ခုဖြစ်ပါသည်။ အဆိုပါအဖွဲ့ကြီး၌ အာဆီယံနိုင်ငံရေး–လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင် (ASEAN Political–Security Community)၊ အာဆီယံ စီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်(ASEAN Economic Community) နှင့် အာဆီယံလူမှု – ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်(ASEAN Socio–Cultural Community) ဟူ၍ မဏ္ဍိုင် (၃) ရပ် ရှိပါသည်။ အဆိုပါ မဏ္ဍိုင် (၃)ရပ်သည် အခြေပြမြေပုံများ (Blueprint) ရေးဆွဲ၍ အာဆီယံနိုင်ငံအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။**

အာဆီယံ လူမှုရေး– ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်၌ ရေးဆွဲထားသည့် အခြေပြမြေပုံ (၂၀၁၆ –၂၀၂၅) အား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းအစုအဖွဲ့ ၁၅ ဖွဲ့ ရှိပါသည်။ အဆိုပါအဖွဲ့များရှိ အစုအဖွဲ့ တစ်ခုဖြစ်သည့် ယဉ်ကျေးမှုနှင့်အနုပညာလုပ်ငန်းအစုအဖွဲ့ (Culture and Arts)ကို မြန်မာနိုင်ငံအနေဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက Focal အဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။

ယဉ်ကျေးမှုနှင့်အနုပညာလုပ်ငန်းအစုအဖွဲ့က အာဆီယံဒေသတွင်းရှိ ပြည်သူတို့အကြား အပြန်အလှန်လေးစားပြီး စည်းလုံးညီညွတ်၍ ခိုင်မာသော အသိုင်းအဝိုင်းတစ်ခုဖြစ်အောင် ဆောင်ရွက်ရပါသည်။ တစ်နည်းအားဖြင့် ယဉ်ကျေးမှုအစုအဖွဲ့သည် အာဆီယံအသိုက်အဝန်းရှိ ယဉ်ကျေးမှု အမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ အတွက် တွန်းအားပေး၍ ဆောင်ရွက်ကြရပါသည်။

သို့ဖြစ်ပါ၍ အာဆီယံအသိုက်အဝန်း၏ မတူကွဲပြားမှုများတွင် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ခြင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား အပြန်အလှန်နက်ရှိုင်းစွာ နားလည်စေရန် ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အာဆီယံ မဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၅)ကို ရေးဆွဲခဲ့ကြပါသည်။ အဆိုပါစီမံကိန်းသည် အာဆီယံလူမှု – ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အခြေပြမြေပုံ၏ မဟာဗျူဟာ တိုင်းတာချက်များဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် လိုက်လျောညီထွေမှုရှိသော အာဆီယံတစ်ခု ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ခြင်း၊ တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုကို အားဖြည့်ပေးခြင်း နှင့် အာဆီယံအတွင်း ယဉ်ကျေးမှုဆိုင်ရာ စွန့်ဦးတီထွင်သူများ ဖြစ်ပေါ်စေခြင်း တို့ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အာဆီယံမဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၅) သည် ၂၀၁၄ ခုနှစ်၌ အတည်ပြုခဲ့သော Hue Declaration on Culture for ASEAN Community’s Sustainable Development၊ ၂၀၁၁ ခုနှစ်တွင် အတည်ပြုခဲ့သည့် Bali Declaration on ASEAN Unity in Cultural Diversity နှင့် ၂၀၀၀ ပြည့်နှစ်တွင် အတည်ပြုခဲ့သည့် ASEAN Declaration on Cultural Heritage တို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရန် ရေးဆွဲခြင်းပင် ဖြစ်ပါသည်။

**ရည်မှန်းချက်**

ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အာဆီယံ မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်မှာ အာဆီယံဒေသတွင်း သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာအစဉ်အလာများနှင့် တန်ဖိုးများကို အများပြည်သူများ ပိုမိုသိရှိလာစေရန်နှင့် နားလည်သဘောပေါက်စေရန်ရည်ရွယ်၍ stakeholder များက အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန်နှင့် အာဆီယံဒေသတွင်း ပြည်သူများအကြား ယဉ်ကျေးမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးမှု လွယ်ကူချောမွေ့စေရေးနှင့် အာဆီယံ စိတ်ဓာတ်တို့ ဖြစ်ပေါ်စေရေးတို့အား လေးလေးနက်နက် ဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။

ထို့အပြင် အာဆီယံအသိုက်အဝန်းအတွင်း၌ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုနှင့် ပေါင်းစည်းမှုတို့အတွက် တစ်ကမ္ဘာလုံးနှင့် မိတ်ဖက်ဖြစ်အောင် ဆောင်ရွက်သည့်လုပ်ငန်းများ၏ ရှေ့ပြေးပင် ဖြစ်ပါသည်။

ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အာဆီယံမဟာဗျူဟာစီမံကိန်း၌ အဓိက မဟာဗျူဟာ (၆) ချက် ပါဝင်ပါသည်–

**မဟာဗျူဟာ ၁**


အာဆီယံအသိုက်အဝန်း၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာ အစဉ်အလာများနှင့် အနှစ်သာရတန်ဖိုးများကို ပိုမိုတန်ဖိုးထားစေရန် အာဆီယံစိတ်ဓာတ်နှင့် သွင်ပြင်လက္ခဏာတို့ဖြင့် အားပေးမြှင့်တင်ရန်၊

**မဟာဗျူဟာ ၂**

မတူကွဲပြားသည့် အခြားသော ယဉ်ကျေးမှုများကို နားလည်မှုလွဲမှား ခြင်းကြောင့် ဖြစ်ပေါ်လာမည့် အစွန်းရောက် အကြမ်းဖက်မှုကို တန်ပြန် တုံ့ပြန်ရန်၊ ယဉ်ကျေးမှုအပေါ် အပြန်အလှန် နားလည်မှု တိုးတက်လာစေ ရန်နှင့် အာဆီယံဒေသအား ပေါင်းစည်းပေးနိုင်သော ယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက်ရေးကို အားဖြည့်ခြင်းဖြင့် အာဆီယံ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုကို မြှင့်တင်ရန်၊

**မဟာဗျူဟာ ၃**

ယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေး အပါအဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပါဝင်သော ယဉ်ကျေးမှု အရှိန်အဝါ အတွက် အာဆီယံဒေသတွင်းနေ ပြည်သူများ၏ ယဉ်ကျေးမှုရေးရာ အခွင့်အရေးများအား အသိအမှတ်ပြုရန်၊




> **“အာဆီယံအသိုက်အဝန်း၏ မတူကွဲပြားမှုများတွင် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ခြင်းနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နက်ရှိုင်းစွာ နားလည်စေရန် ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အာဆီယံ မဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၅)ကို ရေးဆွဲခဲ့ကြပါသည်။ အဆိုပါစီမံကိန်းသည် အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အခြေပြမြေပုံ၏ မဟာဗျူဟာ တိုင်းတာချက်များဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် လိုက်လျောညီထွေမှုရှိသော အာဆီယံတစ်ခု ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ခြင်း၊ တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုကို အားဖြည့်ပေးခြင်းနှင့် အာဆီယံအတွင်း ယဉ်ကျေးမှုဆိုင်ရာ စွန့်ဦးတီထွင်သူများ ဖြစ်ပေါ်စေခြင်းတို့ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူဖြစ်”**

**မဟာဗျူဟာ ၄**

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆန်းသစ်တီထွင်မှုများ၊ လူမှုဘဝအသက်မွေး မှုများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တီထွင်ဖန်တီးမှုရှိ သော လုပ်ငန်းများကို မျှဝေထောက်ပံ့ပေးရန်၊

**မဟာဗျူဟာ ၅**

ယဉ်ကျေးမှုနှင့်အမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုကို လက်တွေ့လုပ်ကိုင် ဆောင်ရွက်နေသူများ၊ အဖွဲ့အစည်းများနှင့် မူဝါဒချမှတ်သူများအကြား ပူးပေါင်းရန်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ရန်၊

**မဟာဗျူဟာ ၆**

အာဆီယံအား ကမ္ဘာလုံးဆိုင်ရာအသိုက်အဝန်းတွင် တက်ကြွသော အဖွဲ့ဝင်ဖြစ်လာစေရန် ၎င်း၏ယဉ်ကျေးမှု အခန်းကဏ္ဍကို မြှင့်တင်ရန်။

မဟာဗျူဟာ ၁ ဖြစ်သည့် အာဆီယံအသိုက်အဝန်း၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာအစဉ်အလာများနှင့် အနှစ်သာရတန်ဖိုးများကို ပိုမိုတန်ဖိုးထားစေရန် အာဆီယံစိတ်ဓာတ်နှင့် သွင်ပြင်လက္ခဏာတို့ဖြင့် အားပေးမြှင့်တင်ရန် အောက်ပါအချက်များကို အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း ဖော်ပြပါရှိပါသည်–

၁။ အာဆီယံဒေသတွင်း လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီး စေရန် အနုပညာရှင်များနှင့် လူငယ်များအကြား ယဉ်ကျေးမှုပွဲတော် များ၊ ဖျော်ဖြေပွဲများ၊ ဖိုရမ်နှင့် ပြပွဲများကဲ့သို့ ယဉ်ကျေးမှုဖလှယ် ပွဲများကို ဆောင်ရွက်ခြင်း၊

၂။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရေးအသိုင်းအဝိုင်းများ၊ ပုဂ္ဂလိကများနှင့် အစိုးရအဖွဲ့အစည်းတို့က ပူးပေါင်း၍ အာဆီယံ စိတ်ဓာတ်အား မြှင့်တင်နိုင်ရေး အစီအစဉ်များကို ဆောင်ရွက်ခြင်း၊

၃။ အာဆီယံနှင့်သက်ဆိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုအသစ် များအပြင် မြို့ပြအတွင်း အခြားနိုင်ငံများမှ အခြေချနေထိုင်နေသူများ၊ လူမျိုးပေါင်းစုံနေထိုင်မှုနှင့် ဒေသတွင်း ပေါင်းစပ်ညှိနှိုင်းမှု စသည် တို့ကို လေ့လာခြင်း၊

၄။ အာဆီယံယဉ်ကျေးမှုအမွေအနှစ်၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် ရသတန်ဖိုးတို့ကို ပညာပေးမျှဝေပေးမှု မြှင့်တင်နိုင်ရေး online platforms နှင့် မီဒီယာနည်းပညာမျိုးစုံ (multi–media technology) တို့ဖြင့် ဆောင်ရွက်ခြင်း၊

၅။ ရိုးရာနှုတ်ပြောများကို မှတ်တမ်းတင်ခြင်း (ဥပမာ– ဓမ္မတေး သီချင်း၊ ရိုးရာပုံပြင်များ စသည်တို့) နှင့် ပရိသတ်များထံသို့ အလွယ်တကူ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်ခြင်း၊

၆။ ယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်နိုင်ရေး အားပေး ခြင်းနှင့် အထောက်အထားများ စုဆောင်းခြင်းနှင့် အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်လာစေရေး တွန်းအားပေးခြင်း၊

၇။ အာဆီယံအဖွဲ့ဝင်များ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုများနှင့် ထူးခြားသော ယဉ်ကျေးမှုတို့ကို ပိုမိုနားလည်စေ၍ ချစ်မြတ်နိုးစေရန် လူငယ်များကို ကျွမ်းကျင်သူများထံ၌ အလုပ်သင်အဖြစ် သင်ယူစေ သည့် အစီအစဉ်ကို ဆောင်ရွက်ခြင်း၊

၈။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများ၌ အာဆီယံ အနုပညာ ရှင်များ၏ ခေတ်သစ်အနုပညာနှင့် ရိုးရာအနုပညာတို့ကို တိုးမြှင့် နိုင်ရန်ရည်ရွယ်၍ မီဒီယာအမျိုးမျိုးတို့ဖြင့် ဆန်းသစ်တီထွင်မှု နှင့် တီထွင်ဖန်တီးမှုတို့ ဆောင်ရွက်ခြင်းအား ပြုစုပျိုးထောင် ပေးခြင်း။

မဟာဗျူဟာ ၂ ဖြစ်သည့် မတူကွဲပြားသည့် အခြားသော ယဉ်ကျေးမှုများ ကို နားလည်မှု လွဲမှားခြင်းကြောင့် ဖြစ်ပေါ်လာမည့် အစွန်းရောက် အကြမ်း ဖက်မှုကို တန်ပြန်တုံ့ပြန်ရန်၊ ယဉ်ကျေးမှုအပေါ် အပြန်အလှန် နားလည်မှု တိုးတက်လာစေရန်နှင့် အာဆီယံဒေသအား ပေါင်းစည်းပေးနိုင်သော ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးကို အားဖြည့်ခြင်းဖြင့် အာဆီယံ၏ ကွဲပြား ခြားနားသော ယဉ်ကျေးမှုကို မြှင့်တင်ရန် အောက်ဖော်ပြပါအချက်များ ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိပါသည်–

၁။ အာဆီယံအသိုက်အဝန်းရှိ ပြည်သူများအချင်းချင်း ယဉ်ကျေးမှုများ အပေါ် တန်ဖိုးထားမှုများကို အလေးထားတတ်စေရန် ယဉ်ကျေးမှု များဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ပေးခြင်း၊

၂။ ကျောင်းသင်ခန်းစာများ၌ ယဉ်ကျေးမှုအကြား ငြိမ်းချမ်းစေမှုနှင့် နားလည်တန်ဖိုးထားမှုတို့ကို ဖြစ်ပေါ်စေသည့် ပညာပေးအစီအစဉ် များကို အားပေးစေခြင်း၊

၃။ ယဉ်ကျေးမှုသည် အပြန်အလှန်နားလည်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်မှုနှင့် လူမှုရေးအသွင်အပြင် ပြောင်းလဲမှုဆိုင်ရာ မဏ္ဍိုင် တစ်ရပ်အဖြစ် အဓိကထား ဆောင်ရွက်ခြင်း။

မဟာဗျူဟာ ၃ ဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးအပါအဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်သော ယဉ်ကျေးမှု အရှိန်အဝါအတွက် အာဆီယံဒေသတွင်းနေ ပြည်သူများ၏ ယဉ်ကျေးမှုရေးရာ အခွင့်အရေးများအား အသိအမှတ်ပြုရန် အောက်ဖော်ပြပါ အချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပါရှိပါသည်–

၁။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ လမ်းပြမြေပုံ ဖော်ဆောင်ခြင်း၊

၂။ လူမှုဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ယဉ်ကျေးမှုအကြား ပူးပေါင်းမှု တို့ကို မြှင့်တင်အားပေးခြင်း၊

၃။ အာဆီယံပြည်သူများအား ယဉ်ကျေးမှုဆိုင်ရာ စာတတ်မြောက်မှုကို မြှင့်တင်ပေးခြင်း၊

၄။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ ကဏ္ဍကဲ့သို့ ယဉ်ကျေးမှုကိုလည်း ဦးစားပေးရန် အာဆီယံအစုအဖွဲ့များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အားပေးခြင်း၊

*စာမျက်နှာ ၇ သို့*




# (၆၉)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ကယားပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်

**လွိုင်ကော် ဇန်နဝါရီ ၁၃**

(၆၉)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကယားပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ပေးအပ်ခြင်းကို ဇန်နဝါရီ ၁၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးဘော့စ်ကိုက ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြပြီး ပြည်နယ်ကြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်နယ်အစိုးရနှင့်အတူ လက်တွဲပြီး နိုင်ငံ့အကျိုး၊ အများအကျိုးအတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ယခုနှစ်တွင် ကျရောက်သည့် (၆၉) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများကို ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး မျှော်လင့်တမ်းတနေသည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းလာစေရေးအတွက် နောက်နှစ်တွင်လည်း ယခုလို ပြည်နယ် အစိုးရဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များနှင့် ပြည်သူများ၏ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဂုဏ်ထူးဆောင် ဆုပစ္စည်းများကို ပေးအပ်ရာ **(ဝဲပုံ)** ကယားပြည်နယ်၌ ၂၀၂၀ ပြည့်နှစ်အတွင်း ဆုချီးမြှင့်ခြင်းခံရသည့် လူမှုရေးရာထူးချွန်ဆု ပထမအဆင့် နှစ်ဦး၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ဒုတိယအဆင့် ကိုးဦး၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု တတိယအဆင့် ၇၀ နှင့် လူမှုရေးဆိုင်ရာ ထူးချွန်ဆု တတိယအဆင့် ၂၀ တို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ချီးမြှင့်ကြောင်း သိရသည်။ **စိုးလှိုင်ငွေး(ပြန်/ဆက်)**

---

*စာမျက်နှာ ၆ မှ*

၅။ သဘာဝဘေးအန္တရာယ် အဆင်သင့်တုံ့ပြန်နိုင်မှုအပေါ် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် landscapes တို့ကို စနစ်တကျ စီမံခန့်ခွဲမှုနှင့် ခြိမ်းခြောက်မှုများအပေါ် ဦးဆောင်၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခြင်းတို့ကို အားပေးခြင်း၊

၆။ သဘာဝဘေးအန္တရာယ် ကျရောက်နေသော ယဉ်ကျေးမှုအမွေအနှစ်များအား အရေးပေါ်တုံ့ပြန်မှုတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ကူညီဆောင်ရွက်ရန် ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မှုကို တည်ဆောက်ရန် ကြိုးပမ်းထောက်ပံ့ခြင်း၊

၇။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၌ ရင်ဆိုင်နေရသည့် ရိုးရာဓလေ့များ ကျဆင်းလာခြင်း၊ ဒေသတွင်း ဗဟုသုတပုံစံများနှင့် အလေ့အကျင့်များ စသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

မဟာဗျူဟာ ၄ ဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆန်းသစ်တီထွင်မှုများ၊ လူမှုဘဝ အသက်မွေးမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် တီထွင်ဖန်တီးမှုရှိသော လုပ်ငန်းများကို မျှဝေထောက်ပံ့ပေးရန် အောက်ဖော်ပြပါအချက်များ ဖော်ဆောင်ရမည်ဟု ဖော်ပြထားသည်–

၁။ ရပ်ရွာအခြေပြုအသေးစားနှင့် အလတ်စား ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများ (SMCEs)ရှိ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ကုန်များကို မြှင့်တင်ရန် အာဆီယံဒေသတွင်း ယဉ်ကျေးမှုကို ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှုတို့အား အားပေးခြင်း၊

၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ကုန်များအတွက် ဘုံဈေးကွက် ဖော်နိုင်ရေး အားပေးခြင်း၊

၃။ အာဆီယံဒေသအတွင်း ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများ တီထွင်ဖန်တီးမှုများအတွက် ပုဂ္ဂလိကများနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းတို့၏ရန်ပုံငွေအထောက်အပံ့ တို့ကို အာဆီယံဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။ (ဥပမာ – ငွေကြေးပံ့ပိုးမှု၊ အကျိုးတူ ရန်ပုံငွေ၊ ဒေသတွင်း ရန်ပုံငွေ)

၄။ ယဉ်ကျေးမှုနှင့် အနုပညာတွင် လူငယ်များ၊ အမျိုးသမီးများ စွမ်းဆောင်နိုင်မှုများကို ပြုစုပျိုးထောင်ရန် အားပေးခြင်း၊

၅။ ရုပ်ရှင်၊ ဂီတနှင့် ကာတွန်းအစရှိသော အာဆီယံဒေသတွင်း တီထွင်ဖန်တီးသည့် လုပ်ငန်းများ၌လည်း လူငယ်များ၊ အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပေးခြင်း၊

၆။ အနုပညာသင်ရိုးဖွံ့ဖြိုးတိုးတက်ရန်နှင့် နည်းပညာဆိုင်ရာ လက်ဆင့်ကမ်းမှု၊ စွမ်းရည်မြှင့်တင်မှု၊ ထုတ်လုပ်မှုနှင့် ဒီဇိုင်းတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရန် စက်မှုလုပ်ငန်းများ နှင့် ပညာရေးဆိုင်ရာအဖွဲ့များအကြား လွယ်ကူစွာ ချိတ်ဆက်ခြင်းဖြင့် တီထွင်ဖန်တီးခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာသင်တန်းများ၊ လူ့အရင်းအမြစ်တိုးတက်ရေးအတွက် အာဆီယံစင်တာတစ်ခု မြှင့်တင်ခြင်း၊

၇။ ယဉ်ကျေးမှုဆိုင်ရာနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ ထုတ်ကုန်များ၏ မူပိုင်ခွင့် (intellectual property rights –IPR) နှင့်ပတ်သက်၍ မူဝါဒ အပါအဝင် မူပိုင်ခွင့်တို့ကို ပူးပေါင်းဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ခြင်း၊

၈။ ရုပ်ရှင်စတူဒီယို၊ ပြတိုက်နှင့် မော်ကွန်းတိုက်တို့၌ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လေ့လာဆောင်ရွက်ခြင်း၊

၉။ အာဆီယံအတွင်းရှိ ယဉ်ကျေးမှုနှင့်ဖန်တီးမှုဆိုင်ရာ ထုတ်ကုန်များကို နယ်စပ်ဖြတ်ကျော် ဖြန့်ချီခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ထောက်ပံ့ပေးခြင်း၊

၁၀။ အာဆီယံ ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက် အကောင်းဆုံးဆောင်ရွက်ချက်များကို မြှင့်တင်ရန် စံပြထုတ်ကုန်များ၏အရည်အသွေးနှင့် ဈေးကွက်ဆိုင်ရာ မဟာဗျူဟာများနှင့်အညီ ယဉ်ကျေးမှုဆိုင်ရာ စွန့်ဦးတီထွင်သူများကို အသိအမှတ်ပြုပြီး ဆုချခြင်းများ ဆောင်ရွက်ခြင်း၊

၁၁။ ယဉ်ကျေးမှုနှင့်အမွေအနှစ်ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန် (ပုဂ္ဂလိကကဏ္ဍ အပါအဝင်) အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ခရီးသွားလုပ်ငန်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်။

မဟာဗျူဟာ ၅ – ယဉ်ကျေးမှုနှင့်အမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများ၊ အဖွဲ့အစည်းများနှင့် မူဝါဒချမှတ်သူများအကြား ပူးပေါင်းရန်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ရန် အောက်ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်–

၁။ ကျောင်းသူ / ကျောင်းသား၊ ဆရာ / ဆရာမတို့၏အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာရေးအရည်အသွေး တိုးတက်စေရန်နှင့် အလေ့အကျင့်ကောင်းများကို မျှဝေရန် ကွန်ရက်တစ်ခုတည်ဆောက်ခြင်း၊

၂။ ရိုးရာနှင့်ခေတ်ပြိုင်အနုပညာဖန်တီးမှု ကျွမ်းကျင်သူများ (practitioners) အတွက် ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်များ ကျင်းပပေးခြင်း၊

၃။ ပုံနှိပ်ထုတ်ဝေခြင်းနှင့်အွန်လိုင်းမှ ထုတ်ဝေခြင်းများမှတစ်ဆင့် အနုပညာနှင့်စာပေ ဖန်တီးမှု ပုံစံအမျိုးမျိုးကို မြှင့်တင်ရန် အာဆီယံလူငယ်အနုပညာရှင်များ၊ မီဒီယာအနုပညာရှင်များနှင့် စာရေးဆရာများ ပါဝင်သည့် ကွန်ရက်တစ်ခုတည်ဆောက်ခြင်း၊

၄။ ဒြပ်ရှိ / ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအကြား ဆက်နွှယ်မှုများကို အများပြည်သူများ သိရှိစေရန် မီးမောင်းထိုးပြနိုင်ရေးနှင့် ပညာပေးနိုင်ရေးတို့အတွက် ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များကို အားပေးခြင်း၊

၅။ မှတ်တမ်းများ စီမံခန့်ခွဲမှု (records management)နှင့် မော်ကွန်းတိုက်များ (archives) အပေါ် ပညာရပ်များ၊ ကျွမ်းကျင်မှုများ၊ နည်းပညာတို့ကို မျှဝေပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်စေခြင်း၊

၆။ ထွန်းသစ်စ အနုပညာရှင်တွေ၊ အထူးသဖြင့် ဒေသခံအနုပညာရှင်တွေကို ကူညီပံ့ပိုးပြီး ပြုစုပျိုးထောင်ရန်နှင့် စွမ်းရည်များကို ပရိသတ်များအား ပြသနိုင်ရန် ပလက်ဖောင်းများနှင့် အတူထောက်ပံ့ပေးခြင်း၊

၇။ အာဆီယံဒေသအတွင်း တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်း တိုက်ဖျက်နိုင်ရေးနှင့် မှောင်ခိုတားဆီးရေးတို့အတွက် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

၈။ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ကျွမ်းကျင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် နည်းပညာရှင်များတို့ ချိတ်ဆက်၍ အပြန်အလှန် ယဉ်ကျေးမှုဖလှယ်နိုင်ရေးအတွက် ကွန်ရက်တည်ဆောက်ခြင်း။

မဟာဗျူဟာ ၆ – အာဆီယံအား ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းတွင် တက်ကြွသော အဖွဲ့ဝင်ဖြစ်လာစေရန်အတွက် ၎င်း၏ယဉ်ကျေးမှု အခန်းကဏ္ဍကို မြှင့်တင်ရန် အောက်ဖော်ပြပါ အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်–

၁။ အပြန်အလှန်နားလည်မှုရှိခြင်းနှင့် ငြိမ်းချမ်းသော ယဉ်ကျေးမှုတစ်ရပ်ကို မြှင့်တင်ရေး၊ ယဉ်ကျေးမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်သကဲ့သို့ အာဆီယံဒေသတွင်းရှိ တူညီသော အသံများ၊ ယဉ်ကျေးမှုဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်းများကို အားပေးခြင်း၊

၂။ အာဆီယံ အနုပညာပွဲတော်များ၊ အမွေအနှစ်ဆိုင်ရာ အစီအစဉ်များ၊ ရုပ်ရှင်ပွဲတော်များကဲ့သို့ အာဆီယံပွဲတော်များကို ဆောင်ရွက်ခြင်း၊

၃။ အာဆီယံနိုင်ငံများနှင့် အခြားနိုင်ငံများတို့၌ ယဉ်ကျေးမှုမြို့တော်၊ အကောင်းဆုံးအနုပညာဖျော်ဖြေမှု၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသ၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ယဉ်ကျေးမှုစင်တာများကို ပိုမိုဆောင်ရွက်ခြင်း၊

၄။ အာဆီယံဒေသတွင်းနှင့် အခြားနိုင်ငံများအကြား နားလည်မှုကို တိုးမြှင့်စေရန် ယူနက်စကို (UNESCO– The United Nations Educational, Scientific and Cultural Organization)၊ SEAMEO– Southeast Asian Ministers of Education Organization, Japan Foundation တို့ကဲ့သို့သော အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များ၊ အမွေအနှစ်များ၊ အနုပညာများအပေါ် ပူးပေါင်းဆောင်ရွက်ခြင်းများကို အားပေးခြင်း၊

၅။ ယဉ်ကျေးမှုဆိုင်ရာ သင်တန်းကျောင်းနှင့် ဖန်တီးမှုစက်မှုလက်မှု သင်တန်းကျောင်းများ၊ အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာပညာရေး၊ အောင်မြင်သော စွမ်းဆောင်မှုများ၊ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အာဆီယံမိတ်ဖက် ဆက်ဆံရေးဆိုင်ရာပုဂ္ဂိုလ်များ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ယဉ်ကျေးမှုဖလှယ်ရေး၊ လေ့လာရေးများကို အားပေးခြင်း၊

၆။ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ကုန်များ၊ ယဉ်ကျေးမှုဆိုင်ရာ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ယဉ်ကျေးမှုဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မူဝါဒချမှတ်နိုင်သူများအကြား ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊

၇။ ယဉ်ကျေးမှုဆိုင်ရာထိန်းသိမ်းစောင့်ရှောက်ရေး၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖန်တီးမှုကဏ္ဍများနှင့် သက်ဆိုင်သော စီမံချက်များ၊ အစီအစဉ်များအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မူဝါဒချမှတ်နိုင်သူများအကြား ယဉ်ကျေးမှုဆိုင်ရာ သင်တန်းကျောင်းများ တည်ဆောက်ခြင်း။
(ဥပမာ–အစိုးရသင်တန်းကျောင်း၊ Foundation နှင့် Academies ယဉ်ကျေးမှုစင်တာများ)

**အကောင်အထည်ဖော်ဆောင်ရေး**

ဤမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နိုင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက Focal အဖြစ် ဆောင်ရွက်သည့် ယဉ်ကျေးမှု ဆပ်ကော်မတီ (SCC – Sub Committee of Culture) က စီမံချက်များ (Project)ရေးဆွဲပြီး အာဆီယံနိုင်ငံများနှင့်အတူ ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရသည်။

မဟာဗျူဟာစီမံကိန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တည်ဆဲဥပဒေနှင့် အာဆီယံဆိုင်ရာ အကျိုးစီးပွား သတ်မှတ်မှုများတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရပါသည်။

ပုဂ္ဂလိက သင်တန်းကျောင်းများ၊ ပြည်သူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အာဆီယံမိတ်ဖက်ဆက်ဆံရေးအဖွဲ့များ၊ အာဆီယံယဉ်ကျေးမှု ရန်ပုံငွေများအပါအဝင် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံမိတ်ဖက် ဆက်ဆံရေးအဖွဲ့တို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရသည်။

ဤသို့ဖြင့် ကောင်းမွန်သည့် စီမံကိန်း၏ မဟာဗျူဟာ ၆ ရပ်ကို လက်တွေ့ကျကျဖြင့် အကောင်အထည်ဖော်ဆောင်နိုင်မှုသည် ယဉ်ကျေးမှုနှင့် အနုပညာလုပ်ငန်းအစုအဖွဲ့၏ ပန်းတိုင်ပင် ဆိုနိုင်ပါသည်။ ထိုသို့အောင်မြင်သော ပန်းတိုင်သို့ ချီတက်ရာတွင် မိမိဝန်ကြီးဌာနတစ်ခုတည်းသာမက ဆက်စပ်ဝန်ကြီးဌာနများ၊ အာဆီယံဒေသတွင်းရှိ ပြည်သူများပါ သိရှိနားလည်၍ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက လွန်စွာကောင်းမွန်သည့် ရလဒ်များကို ဆွတ်ခူးနိုင်မည်မှာ ကေန်မုချပင် ဆိုနိုင်ပါကြောင်း ရေးသားတိုက်တွန်း လိုက်ရပါသည်။

ကျမ်းကိုးစာရင်း –
- **ASEAN Strategic Plan for Culture and Arts 2016–2025**
- **အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယေဘုယျအခြေအနေနှင့် အနာဂတ်အလားအလာ (နှင်းမြတ်သူ (ယဉ်ကျေးမှု)) ဆောင်းပါး**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

ထက်လျှံ

ဒစ်ဂျစ်တယ်မီဒီယာနှင့် ဈေးကွက်ကဏ္ဍ၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများဆိုင်ရာ ဗဟုသုတ မျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၁၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး ။ ။** ဒီအစီအစဉ်မှာဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ် ဈေးကွက်လုပ်ငန်းကဏ္ဍတွေမှာ အပြောင်းအလဲအသစ်တွေနဲ့အတူ အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေက ဘယ်လိုရှိနေသလဲဆိုတဲ့ အကြောင်းအရာတွေကို ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ မြန်မာနိုင်ငံ ကြော်ငြာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ TODAY Ogilvy Myanmar မှ Chairman ဒေါက်တာသာထွန်းဦးနဲ့ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းတို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးမေးခွန်းအနေနဲ့ ပုံနှိပ်မီဒီယာကနေ ဒစ်ဂျစ်တယ်မီဒီယာကို ကူးပြောင်းသွားတဲ့ ပုံစံတွေနဲ့ အခုလက်ရှိ နိုင်ငံတကာရဲ့ ရေစီးကြောင်းတွေက ဘယ်လိုမျိုး ဖြစ်နိုင်သလဲဆိုတာကို ဒေါက်တာသာထွန်းဦးက ရှင်းပြပေးပါဦး။

**ဒေါက်တာသာထွန်းဦး ။ ။** ပုံနှိပ်မီဒီယာနဲ့ပတ်သက်ပြီး ဘာဆက်ဖြစ်မလဲဆိုတာကို ၁၉၉၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွေမှာ အမေရိကန်နိုင်ငံက ပုံနှိပ်မီဒီယာရဲ့ရှေ့အနာဂတ်နဲ့ ပတ်သက်ပြီး စတင်ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကျွန်တော် ၁၉၉၅ ခုနှစ်မှာ PC World မဂ္ဂဇင်းကို တရားဝင် စတင်ထုတ်ဝေခဲ့ပြီး ၂၀၁၃ ခုနှစ်အထိ ၁၈ နှစ်ထုတ်ဝေခဲ့ပါတယ်။ PC World က ၂၀၁၃ ခုနှစ်အကုန်မှာ ဒစ်ဂျစ်တယ်ပြောင်းသွားပြီး ဆက်လက်မထုတ်နိုင်ခဲ့ပါဘူး။

ဆက်လက်ပြီး မထုတ်နိုင်ဘူးဆိုတာကလည်း ဒစ်ဂျစ်တယ်ပြောင်းလဲမှုတွေ မြန်ဆန်လာပြီး စာဖတ်ပရိသတ်အရေအတွက်နဲ့ ကြော်ငြာတွေရရှိမှုရဲ့ အခက်အခဲတွေ အများကြီးရှိလာပါတယ်။ ကျွန်တော့် အတွေ့အကြုံအရ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ပြောင်းလဲရတဲ့ အခြေအနေတွေထဲက ပထမအချက်အနေနဲ့ စာအုပ်ဆိုင်တွေ နည်းလာတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ စာအုပ်ဈေးကွက်အနေနဲ့ ဒေသတွင်းနိုင်ငံများထက် စာအုပ်ရောင်းချမှုဈေးနှုန်းက နိမ့်တဲ့အတွက် ကော်မရှင်နိမ့်တယ်။ ကော်မရှင်နိမ့်တဲ့အတွက် စာအုပ်ဆိုင်တွေက တဖြည်းဖြည်းနဲ့ မရပ်တည်နိုင်ဘူး။

တစ်ဖက်ကလည်း စက္ကူတို့၊ ပုံနှိပ်ခတို့ရဲ့ ကုန်ကျစရိတ်တွေ တက်လာပါတယ်။ အခြားတစ်ဖက်က ဘာဖြစ်လာလဲဆိုတော့ အိုင်တီရဲ့ နည်းပညာတိုးတက်လာတယ်။ ဈေးနှုန်းတွေက ကျလာတယ်။ ဒီအချိန်မှာ စားသုံးသူတွေအနေနဲ့ ဒစ်ဂျစ်တယ်ဘက်ကို စိတ်ပါဝင်စားလာတဲ့အတွက် ၂၀၁၅ ခုနှစ် နောက်ပိုင်းတော်တော်များများက ဒစ်ဂျစ်တယ်ဘက်ကို ပြောင်းလဲလာကြပါတယ်။

နိုင်ငံတကာကိုကြည့်ရင် သူတို့သတ်မှတ်ထားတဲ့ အခြေအနေအရ ဘာပြောလဲဆိုရင် နယူးရော့ကာတို့လို၊ ဘန်ကောက်ပို့စ်တို့လို မဂ္ဂဇင်းတွေဆက်ပြီး ရပ်တည်နိုင်ပါတယ်။ ဒါပေမယ့် သူတို့လည်း ဒစ်ဂျစ်တယ်ဘက်ကို သွားနေပါတယ်။ ထုံးစံအရဆိုရင် ကျွန်တော်တို့ မဂ္ဂဇင်းတွေက ပိုက်ဆံပေးဖတ်တဲ့သူတွေနဲ့ ကြော်ငြာအပေါ်မှာ ရပ်တည်ရပါတယ်။ အနာဂတ်မှာ ကျွန်တော်တို့ ခန့်မှန်းထားတာက ဘက်ပေါင်းစုံထုတ်ဝေနိုင်တဲ့ ယန္တရား (Integrated Publication Mechanism) ဖြစ်လာပါတယ်။ ဒါက e-Publication ရှိရမယ်၊ ဝက်ဘ်ဆိုက်လည်း ရှိရမယ်၊ ဆိုရှယ်မီဒီယာပေါ်မှာလည်း ရပ်တည်နိုင်ရမယ်။

နောက်တစ်ခုက ဒိုင်ယာလော့ပါ။ စာရေးဆရာတွေနဲ့ စာဖတ်ပရိသတ်တွေကြားမှာ စကားပြောတာတို့၊ ဆက်သွယ်တာတို့ လုပ်လာမယ်၊ ဒီလို ပလက်ဖောင်းမျိုးတွေနဲ့ ရပ်တည်သွားရမယ်လို့ နိုင်ငံတကာမှာ ပြောဆိုနေတာ ရှိပါတယ်။

**အစီအစဉ်မှူး ။ ။** အပတ်စဉ်ထုတ် ဂျာနယ်တွေ၊ နေ့စဉ်ထုတ် သတင်းစာတွေ ဒစ်ဂျစ်တယ်မီဒီယာ ပြောင်းလဲလာတဲ့ အနေအထားတွေကို ဦးသောင်းစုငြိမ်းက ဆွေးနွေးပေးပါဦး။




ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေအစီအစဉ်တွင် မြန်မာနိုင်ငံ ကြော်ငြာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ TODAY Ogilvy Myanmar မှ Chairman ဒေါက်တာသာထွန်းဦးနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**ဦးသောင်းစုငြိမ်း ။ ။** ၂၀၀၀ပြည့်နှစ်ကစပြီး အပတ်စဉ်ထုတ် ဂျာနယ်လောကထဲကို ကျွန်တော်စတင်ပြီး ဝင်ရောက်လာတာပါ။ အဲဒီတုန်းကလည်း စိန်ခေါ်မှုတွေ၊ အခက်အခဲတွေက ပုံစံအမျိုးမျိုးနဲ့ ရှိခဲ့ပါတယ်။ စာပေစိစစ်ရေးအပါအဝင် တင်းကျပ်တဲ့ မူဝါဒတွေကို ဖြတ်သန်းခဲ့ရပါတယ်။ ၂၀၀၅ / ၂၀၀၆ လောက်ကစပြီး စာနယ်ဇင်းလောကမှာ စာပေလွတ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်တွေကို စတင်ပြီး တဖြည်းဖြည်းနဲ့ ပေးလာတဲ့အခါမှာ သတင်းဖော်ပြမှုတွေက ပိုပြီးသွက်လက်လာပါတယ်။

ဒီအချိန်မှာ ပြည်သူလူထုက သတင်းဂျာနယ်တွေကို ပိုပြီးဖတ်ရှုလာကြပါတယ်။ ၂၀၀၉ / ၂၀၁၀ ဝန်းကျင်မှာ နိုင်ငံရေးနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့အချိန်၊ ဒီအချိန်မှာလည်း စာပေစိစစ်ရေး မူဝါဒတွေက ပိုပြီးဖြေလျှော့လာတဲ့အတွက် သတင်းဂျာနယ်တွေအနေနဲ့ ကောင်းမွန်တဲ့ ခေတ်တစ်ခေတ်အဖြစ် အားကောင်းခဲ့ပါတယ်။

၂၀၁၀ / ၂၀၁၁ / ၂၀၁၂ ဝန်းကျင်မှာ အင်တာနက်က သန်းနဲ့ချီတဲ့ မြန်မာပြည်သူလူထုရဲ့ လက်ထဲကို ရောက်ရှိလာပါတယ်။ အိမ်တွေ၊ ရုံးတွေမှာ အင်တာနက်တွေ တပ်ဆင်လာတယ်။ ဆိုက်ဘာကဖေးနဲ့ အင်တာနက်ကဖေးတွေကို တော်တော်ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပါတယ်။ အင်တာနက်သုံးစွဲမှုက အတော်မြင့်တက်လာပါတယ်။ ပထမအကြိမ် လွှတ်တော်အစည်းအဝေးခေါ်တဲ့ အချိန်တုန်းက ကျွန်တော်မှတ်မိတာက ဝက်ဘ်ဆိုက်တွေမှာ သတင်းပါသွားတယ်ဆိုရင် လွှတ်တော်ထဲအထိ ဂယက်ရိုက်သွားတယ်ဆိုတာကို မြင်တွေ့လာရပါတယ်။

ဒါပေမယ့် ပြည်သူလူထု သန်း ၅၀ နီးနီးကို တကယ်ထိရောက်မှုရှိတာက ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်တွေ ချပေးလိုက်တဲ့အချိန် ဆက်သွယ်ရေးအော်ပရေတာတွေ ပိုပြီးဝင်လာကြပါတယ်။ မိုဘိုင်းဖုန်းဈေးကွက်မှာ ယှဉ်ပြိုင်မှုတွေ ပိုပြီး အားကောင်းလာပါတယ်။ ဈေးတွေ အပြိုင်အဆိုင်လျှော့လာတယ်။ ဝန်ဆောင်မှုတွေကို ပိုပြီးကောင်းအောင်လုပ်လာကြတယ်။ အင်တာနက် အမြန်နှုန်းတွေက မြင့်တက်လာပြီး အမေရိကန်၊ ယူကေနဲ့ ကမ္ဘာ့ပထမဈေးကွက်ရဲ့ နိုင်ငံတွေနီးနီးကို အင်တာနက်တွေက မြန်ဆန်ပြီး စိတ်ချရလာပါတယ်။

လူတွေရဲ့လက်ထဲမှာ ငါးလက်မအရွယ် စမတ်ဖုန်းတွေ ရောက်ရှိလာတယ်။ အရင်က အင်တာနက်ကောင်းတယ် ဆိုပေမယ့် လူတိုင်းရဲ့အိမ်မှာ ကွန်ပျူတာ၊ လက်ပ်တော့တို့က မရှိပါဘူး။ နောက်ပြီး ကိုယ်နဲ့မကွာ သယ်သွားလို့ မရနိုင်ဘူးဆိုတော့ သတင်းအချက်အလက်ရယူတဲ့ ပုံစံက နိုင်ငံခြားနဲ့ သိပ်မတူသေးပါဘူး။ ၂၀၁၃ – ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ နည်းပညာပြောင်းလဲမှုတွေကြောင့် ပြည်သူလူထုရဲ့ မီဒီယာသုံးစွဲမှုတွေ ပြောင်းလဲလာပါတယ်။ ဖေ့စ်ဘွတ်ကွန်ရက်ရဲ့ ပျံ့နှံ့မှုနှုန်းနဲ့ ရင့်ကျက်မှုက ပိုပြီး မြင့်မားလာတဲ့အခါ မြန်မာနိုင်ငံအတွင်းမှာ လူမှုကွန်ရက်က အရှိန်အဝါကြီးမားလာပြီး ပုံနှိပ်မီဒီယာသမားတွေ အားလုံးလိုလို ဒီအပေါ်ကို အသွင်ကူးပြောင်း တင်ဆက်လာကြပါတယ်။

ပထမဆုံးက ပုံနှိပ်မီဒီယာကနေ ဒစ်ဂျစ်တယ်မီဒီယာဆိုပြီး အင်တာနက်ကို သုံးစွဲတဲ့ပုံစံ ပြောင်းလဲလာတယ်။ အင်တာနက်ဝက်ဘ်ဆိုက်ကနေ နောက်ပိုင်းမှာ ဆိုရှယ်မီဒီယာဖြစ်တဲ့ လူမှုကွန်ရက်ကို ကူးပြောင်းလာတယ်။

အရင်က ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ သတင်းစာတွေက ဝယ်ယူဖတ်ရှုကြတဲ့ဝင်ငွေနဲ့၊ ကြော်ငြာဝင်ငွေတွေနဲ့ ရရှိပါတယ်။ ဒီလိုပုံစံမျိုးကနေ ဆိုရှယ်မီဒီယာခေတ်မှာ ဆိုရှယ်မီဒီယာ၊ လူမှုကွန်ရက်ပေါ်မှာ ကိုယ့်ရဲ့သတင်းနဲ့ ကိုယ်ပေးချင်တဲ့အချက်အလက်ကို သန်းနဲ့ချီတဲ့ ပရိသတ်တွေဆီ အခမဲ့ ရောက်အောင်ပေးပို့ပြီး အပြိုင်အဆိုင် လုပ်လာကြတဲ့အတွက် သတင်းစာတွေ၊ ဂျာနယ်တွေကို ပိုက်ဆံပေးပြီး ဝယ်ဖတ်တာတွေက လျော့သွားပြီး စီးပွားရေးလုပ်ငန်းတွေကနေထည့်တဲ့ ကြော်ငြာဝင်ငွေတစ်ခုတည်းကို မှီခိုရတဲ့ပုံစံအဖြစ် ပြောင်းလဲလာပါတယ်။ ထုတ်ဝေသူတွေအနေနဲ့ စီးပွားရေးပုံစံတွေပါ ပြောင်းလဲပြီး စဉ်းစားလာရတဲ့ အခြေအနေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။** နိုင်ငံတကာသာမက မြန်မာနိုင်ငံမှာ ပုံနှိပ်နဲ့ ရုပ်မြင်သံကြား စနစ်ဟောင်းတွေကနေ ဒစ်ဂျစ်တယ်၊ ဆိုရှယ်နဲ့ မိုလ်ဘိုင်းတွေအပေါ်မှာ ဈေးကွက်ရေစီးကြောင်းတွေက ဘယ်လိုတွေ ပြောင်းလဲလာသလဲဆိုတာ ဒေါက်တာသာထွန်းဦးက ဆွေးနွေးပေးပါဦး။

**ဒေါက်တာသာထွန်းဦး ။ ။** ကျွန်တော်တို့ တိုင်းပြည်မှာ အပြောင်းအလဲက သိပ်အသိသာကြီး မဟုတ်ပါဘူး။ ဒစ်ဂျစ်တယ်ဈေးကွက် (Digital Marketing) အနေနဲ့ကြည့်မယ်ဆိုရင် လက်ရှိမှာ Traditional Media သမားရိုးကျမီဒီယာပါ။ အဲဒီမှာ တီဗွီ၊ Billboard ၊ ပုံနှိပ်မီဒီယာတွေပါမယ်။ ပုံနှိပ်မီဒီယာက ကျသွားတာသေချာပါတယ်။

ဒစ်ဂျစ်တယ်ဘက်မှာ အတော်တက်လာသလားဆိုတော့ လောလောဆယ် ဈေးကွက်ရဲ့ အဓိက ရည်ရွယ်ချက်က Target Audience ဦးတည်ပရိသတ်တွေအပေါ်မူတည်ပြီး ဆိုရှယ်မီဒီယာရှိတယ်လို့ ပြောလို့ရပေမယ့်၊ မြန်မာနိုင်ငံရဲ့ အဓိက ဖေ့စ်ဘွတ်ပါ။ ဖေ့စ်ဘွတ်ကို ဘယ်သူတွေက ကြည့်နေသလဲဆိုတာ မှန်းဆရတာ သိပ်ခက်ပါတယ်။

အိမ်နီးချင်းနိုင်ငံတွေကို ကြည့်လိုက်ရင် ၂၀၁၅ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်မှာ နှစ်စဉ်ဒစ်ဂျစ်တယ်မီဒီယာဘက်ကို ရွှေ့သွားတဲ့ပမာဏက ၁၅ နဲ့ ၂၅ ရာခိုင်နှုန်းကြားမှာ ရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ အင်တာနက်တွေ၊ ပလက်ဖောင်းတွေ အလွန်တိုးတက်တဲ့ စင်ကာပူမှာ ၂၀၂၀ ပြည့်နှစ်က ဒစ်ဂျစ်တယ်ဘတ်ဂျက်အနေနဲ့ ၃၀ ရာခိုင်နှုန်းအထိ သုံးပုံတစ်ပုံလောက် တက်သွားပါတယ်။

အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကို ကြည့်မယ်ဆိုရင် ၂၀၁၉ ခုနှစ်မှာ ဒေါ်လာသန်း ၃၅၀ လောက် ဒစ်ဂျစ်တယ်ဘက်ကို ရောက်သွားပါတယ်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်ကာလအတွင်းမှာ ဒေါ်လာ သန်း ၄၅၀ လောက်အထိ ဖြစ်သွားပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ Mango မီဒီယာရဲ့ ပြောကြားချက်အရ ၂၀၁၉ ခုနှစ်မှာ ဒစ်ဂျစ်တယ်ဘတ်ဂျက်အနေနဲ့ ဒေါ်လာသန်း ၃၀ လောက်ရှိနိုင်တယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဒေါ်လာသန်း ၄၀ နဲ့ ၅၀ ကြားမှာ ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကြည့်ရင် မီဒီယာဘတ်ဂျက်တစ်ခုလုံးက ဒေါ်လာသန်း ၂၃၀ နဲ့ ၂၅၀ ကြားမှာ ရှိတဲ့အတွက် သိပ်အတက်ကြီး မဟုတ်သေးပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့မှာ ကန့်သတ်ချက်တွေက အများကြီးရှိပါတယ်။ Target Audience က ဘယ်သူလဲ၊ ဘယ်မီဒီယာနဲ့ ထိရောက်အောင်လုပ်နိုင်မလဲ။ ဒစ်ဂျစ်တယ်ဈေးကွက်နယ်ပယ်က အကြီးကြီးကျန်ပါသေးတယ်။ လုပ်ပိုင်ခွင့်တွေ၊ အခြေအနေတွေလည်း အများကြီးရှိတယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။

**အစီအစဉ်မှူး ။ ။** ဦးသောင်းစုငြိမ်းက မီဒီယာထုတ်ဝေသူနဲ့ ကြော်ငြာထည့်သွင်းတဲ့ ဝန်ဆောင်မှုလုပ်ငန်းလည်း လုပ်ကိုင်နေသူဖြစ်တော့ ဈေးကွက်ပုံစံ ပြောင်းလဲလာတဲ့ အခြေအနေတွေကို ပြောကြားပေးပါဦး။

**ဦးသောင်းစုငြိမ်း ။ ။** ဒီလုပ်ငန်းနယ်ပယ်ထဲကို စပြီး ရောက်တဲ့အချိန်က မဖွံ့ဖြိုးသေးတဲ့ အချိန်၊ ဂျာနယ်အနေနဲ့ စောင်ရေက နည်းပါတယ်။ တီဗွီကပိုပြီး ကြော်ငြာဝင်တာများပါတယ်။ လမ်းဘေးမှာ Billboard တွေထောင်ပြီး ကြော်ငြာတာတွေ၊ တခြားနည်းလမ်းတွေက ပိုပြီးများတယ်။ အထူးသဖြင့် ကျွန်တော်တို့ စပြီးထုတ်ခဲ့တဲ့ နည်းပညာဂျာနယ်တို့၊ သတင်းဂျာနယ်တို့က စစချင်းမှာ ကြော်ငြာထည့်တဲ့သူလည်း နည်းပါသေးတယ်။

သတင်းလွတ်လပ်ခွင့်တွေနဲ့အတူ စောင်ရေတွေ တက်လာတဲ့အချိန်မှာ ပုံနှိပ်ဂျာနယ်မှာ ကြော်ငြာထည့်တာ အတော်များခဲ့ပါတယ်။ ဝင်ငွေက အဆမတန် ထိုးတက်လာပြီး ခေတ်ကောင်းတစ်ခုကို ဖြတ်သန်းခဲ့ပါတယ်။ ဒီနောက်ပိုင်း ဒစ်ဂျစ်တယ်မီဒီယာကို ကူးလာတဲ့အချိန်မှာ စောင်ရေတွေ ကျတာလည်းရှိသလို (Digital Marketing) ဒစ်ဂျစ်တယ်ဈေးကွက်ရဲ့ ဆွဲဆောင်အားက ကြော်ငြာရှင်တွေ၊ အေဂျင်စီတွေအနေနဲ့ ကိုယ်တိုင်ဈေးကွက်ထဲကနေ ကြော်ငြာတစ်ခု ထည့်လိုက်တယ်ဆိုရင် ဒီကြော်ငြာရဲ့ ထိရောက်မှု၊ ပျံ့နှံ့မှုတွေက အရင်ပုံနှိပ်မီဒီယာမှာ ကြော်ငြာထည့်ရင် ကိုင်တွယ်လို့မရခဲ့တဲ့ စွမ်းဆောင်မှု၊ ထိန်းချုပ်လို့မရခဲ့တဲ့ အကြောင်းအရာတွေ ဒါတွေအားလုံးကို Digital Marketing မှာ လုပ်လို့ရလာပါတယ်။ ထုတ်ဝေသူတစ်ဦးအနေနဲ့ ကိုယ်ရဲ့မီဒီယာမှာ ကြော်ငြာလာထည့်တာ နည်းသွားတယ်လို့ တွေ့မြင်ခံစားနေရပါတယ်။

တစ်ဖက်မှာ ကိုယ်တိုင်လည်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းအသစ်တွေ စတင်ရာမှာ၊ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုအသစ်တွေကို မိတ်ဆက်ချင်တဲ့အခါမှာ အားသာချက်တွေ ပြန်ပြီးတွေ့ရပါတယ်။ ဒီမှာ ဘယ်လိုမျိုးတွေ ပြန်လုပ်လို့ရလာသလဲဆိုတော့ ကိုယ်က ဘယ်မြို့နယ်မှာနေတဲ့ ဘယ်လိုလူမျိုးကို Target ထားမယ်ဆိုတာမျိုးအထိကို လုပ်လို့ရလာပါတယ်။

နိုင်ငံခြားမှာ ကြော်ငြာနဲ့ပတ်သက်တဲ့ ပညာရှင်တွေ စမ်းသပ်ထားတာက သူတို့ Target ဦးတည်ထားတဲ့ လူပုဂ္ဂိုလ်တစ်ဦးကို သူ့ရဲ့နာမည်နဲ့ ကြော်ငြာတိုက်ရိုက်ပေးပို့လို့မရပေမယ့်၊ သူလို အလားတူ လူ ၅၀ / ၁၀၀ လောက်အထိကို ထိထိမိမိရောက်ရှိသွားအောင် သူတို့ ဦးတည်ပြီး လုပ်လို့ရလာပါတယ်။ ဒီလိုမျိုး ဦးတည်ပြီး လုပ်လို့ရတဲ့အထိ Digital Marketing က စွမ်းဆောင်လို့ ရနိုင်ပါတယ်။

ဒစ်ဂျစ်တယ်ပေါ်မှာ ကြော်ငြာတစ်ခုကို မြန်မာငွေကျပ် သိန်းနဲ့၊ သန်းနဲ့ချီပြီး သုံးမယ်ဆိုရင်လည်း သုံးလို့ရပါတယ်။ ဒါမှမဟုတ် ငွေကျပ် ငါးသောင်း၊ တစ်သိန်းစသဖြင့် Campaign တစ်ခု ဖွင့်ပြီးသုံးမယ်။ ဥပမာ – ကမာရွတ်မြို့နယ်မှာရှိတဲ့ အသက် ၄၀ ကျော်အရွယ် အမျိုးသမီးတွေကို ရည်ရွယ်ဦးတည်မယ်ဆိုတာမျိုးလောက်အထိကို အသေးစိတ်သတ်မှတ်ပြီး လုပ်လို့ရပါတယ်။

ဒါကြောင့် Digital Marketing ကပေးတဲ့ အခွင့်အလမ်းတွေကြောင့် စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ပိုပြီးထိရောက်တဲ့ ရလဒ်တွေကို မျှော်လင့်လို့ရလာနိုင်တယ်။ အဲဒီမှာ ရှိလာမယ့် စိန်ခေါ်မှုက Digital Marketing, Google နဲ့ ဆိုရှယ်မီဒီယာတို့ကပေးနေတဲ့ ကြော်ငြာပလက်ဖောင်းတွေက လေလံစနစ်နဲ့ သွားတာဖြစ်တဲ့အတွက် တဖြည်းဖြည်းနဲ့ ဈေးကပိုပြီး မြင့်တက်လာမှာ ဖြစ်ပါတယ်။

ပုံနှိပ်မီဒီယာခေတ်တုန်းကလို ဂျာနယ်တွေအနေနဲ့ စောင်ရေတွေ တက်လာတဲ့အချိန်မှာ ကြော်ငြာနှုန်းထားတွေ ပိုပြီးတက်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ကျွန်တော်တို့ဘက်မှာ စောင်ရေများလာတဲ့အတိုင်း ကုန်ကျစရိတ်တွေက ပိုပြီးများလာတာဖြစ်တဲ့အတွက် ကြော်ငြာခနှုန်းထားတွေ ပိုပြီးတက်လာသလို အခု ဆိုရှယ်မီဒီယာကနေတစ်ဆင့် သွားနေတာလည်း ဒီနေ့ မြန်မာငွေကျပ် တစ်သောင်းသုံးပြီး ရလာတဲ့ရလဒ်ကို နောက်တစ်လကြာရင် ငွေကျပ် တစ်သောင်းခွဲသုံးမှ ရတော့မယ်။ နောက်တစ်နှစ်ကြာရင် ငွေကျပ် နှစ်သောင်းခွဲနဲ့ သုံးသောင်းအသုံးပြုမှ ဒီရလဒ်အတူတူကို ရရှိမယ်ဆိုတာမျိုး တဖြည်းဖြည်းနဲ့ နှုန်းထားတွေက တက်လာပါမယ်။

ဒီတော့ Digital Marketing ကို အခုသွားနေတဲ့ သူတွေအနေနဲ့ ပိုပြီးဖန်တီးမှုအားကောင်းတဲ့ ပုံစံတွေကို ရှာဖွေရမယ်။ ပိုက်ဆံကို ပုံအောပြီး သွားလို့မရတော့ဘူး၊ ကိုယ်က ဖန်တီးမှုတွေ လုပ်နိုင်ရင် ပိုပြီးအခွင့်အလမ်းတွေ ရလာမယ်၊ ပြိုင်ဆိုင်မှုတွေက ပိုပြီးပြင်းထန်လာမယ်လို့ ယူဆရပါတယ်။

**အစီအစဉ်မှူး ။ ။** ၂၀၂၂ ခုနှစ်အလွန်မှာ နည်းပညာတိုးတက်မှုနဲ့ ကိုဗစ် – ၁၉ ကပ်ရောဂါ ရဲ့တွန်းအားကြောင့် လုပ်ငန်းလုပ်ကိုင်ပုံတွေ ပြောင်းလဲလာမယ်လို့ ပညာရှင်တွေက သုံးသပ်ပြောကြားထားတာရှိပါတယ်။ ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက် ကဏ္ဍတွေမှာ အပြောင်းအလဲ အသစ်တွေနဲ့အတူ စိန်ခေါ်မှုတွေ၊ အခွင့်အလမ်းသစ်တွေက ဘယ်လိုမျိုးတွေ ရှိလာနိုင်မလဲဆိုတာ ဒေါက်တာသာထွန်းဦးက ဆွေးနွေးပေးပါဦး။

**ဒေါက်တာသာထွန်းဦး ။ ။** ကိုဗစ်ကြောင့်လည်းမဟုတ်ပါဘူး။ Digital Transformation က World Economic Forum ဦးဆောင်တဲ့ Klaus Schwann ကနေ စတုတ္ထစက်မှုတော်လှန်ရေးဆိုတဲ့ စကားလုံး စတင်သုံးနှုန်းလိုက်တဲ့အချိန်ကစပြီး ဘယ်လုပ်ငန်းတိုင်းမဆို Digital Transformation လုပ်ရမယ်ဆိုတဲ့ အတွေးအခေါ်နဲ့ အယူအဆကို စပြီး ကြားသိလာရပါတယ်။

လက်ရှိ သူတို့ပြောပြောနေတဲ့ VUCA ဖြစ်ပါတယ်။ Volatile ဖြစ်တယ်။ Uncertain ဖြစ်တယ်။ Complex ဖြစ်တယ်။ Ambiguous မှန်းလို့လည်း မရဘူး။ ဥပမာ – ကိုဗစ်ကာလကို ကြည့်လိုက်ရင် လုပ်ငန်းအများစုက ရပ်တန့်သွားတယ်၊ နှောင့်နှေးသွားတယ်ဆိုပေမယ့် GRAB Food တို့လို၊ Food Panda တို့လို အလုပ်အကိုင်အခွင့်အရေးတွေ အများကြီးတက်လာတာရှိပါတယ်။

Digital Transformation ကြောင့် Marketing လည်းပါတယ်။ မီဒီယာလည်းပါတယ်။ အားလုံးမှာ ဘာစိန်ခေါ်မှုတွေ ဖြစ်လာသလဲဆိုတော့ Change လုပ်ရမယ်။ ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ အဓိကခေါင်းဆောင်ပိုင်းက Leadership Style ကို ပြင်ဆင်ရမယ်။ ကျွန်တော်တို့ သိထားတဲ့ နည်းပညာ၊ အတွေ့အကြုံ၊ ဗဟုသုတလောက်နဲ့ လုပ်လို့မရပါဘူး။ Learning ပြင်ဆင်ရတော့မယ်။ အထူးသဖြင့် ကျွန်တော်တို့က Late Comer ဖြစ်တဲ့အတွက် Leapfrog လုပ်သွားနိုင်တဲ့ အခွင့်အလမ်းတွေ၊ သူများတွေရဲ့ သင်ခန်းစာကိုယူပြီး လုပ်နိုင်ဖို့လိုပါတယ်။

စိန်ခေါ်မှုမှာ ဘာတွေ့နေရသလဲဆိုတော့ ဥပမာ – Digital Marketing မှာ နိုင်ငံခြားကနေ DICA ကို Register မလုပ်ဘဲ ကြော်ငြာတွေ လုပ်လာကြတယ်။ ဈေးကွက်တွေ လုပ်လာကြတယ်။ ဒီတော့ တိုင်းပြည်ရဲ့ အခွန်အကောက် ဆုံးရှုံးပါတယ်။ နောက်တစ်ခုက မြန်မာလူငယ်တွေ ပညာမရလိုက်ပါဘူး။ ပြဿနာက Digital Marketing ဖြစ်စေ၊ ဒစ်ဂျစ်တယ်မီဒီယာဖြစ်စေ အခွင့်အရေးတွေက အများကြီးပါ။

ဒီအတွက် ကျွန်တော်တို့က ဘယ်လိုပြင်ဆင်ရမလဲဆိုတော့ အဖွဲ့အစည်းတွေက ထိန်းကျောင်းပေးရမယ်။ ကြော်ငြာလုပ်ငန်းရှင်တွေဘက်ကလည်း သတိထားရမှာက ဘယ်လိုဒစ်ဂျစ်တယ်မီဒီယာတွေ၊ ဘယ်လို အေဂျင်စီတွေနဲ့ အသုံးပြုရမလဲ ဖြစ်ပါတယ်။ နောက် စိန်ခေါ်မှုတစ်ခုက အခုဆိုရင် ဖေ့စ်ဘွတ်ကနေ Privacy Control လုပ်လာတယ်။ iphone ကနေ ဒေတာတွေသုံးလို့ မရအောင် လုပ်လာတယ်။

ဒီလို ကန့်သတ်လာတဲ့အတွက် Privacy Law ကို သတိထားဖို့ လိုပါတယ်။ ရေရှည်မှာ ဘယ်ကိစ္စမဆို ဒစ်ဂျစ်တယ်အနေနဲ့ လုပ်ကို လုပ်ရမယ်။ Digital Transformation ဖြစ်တဲ့အတွက် မြန်မာလူငယ်တွေအတွက် အခွင့်အလမ်းတွေက အများကြီးရှိပါတယ်။ ကြိုးစားနိုင်ရင် အခွင့်အရေးတွေ ရလာမှာ ဖြစ်ပါတယ်။

နောက်ပြီး Digital Marketing က လူအများကြီးနဲ့ စတင်စရာမလိုပါဘူး။ ကုန်ကျစရိတ် နည်းတဲ့အတွက် လူတိုင်းနီးပါး ဝင်ရောက်လုပ်ဆောင်နိုင်ပါတယ်။ ဒါပေမယ့် ပညာပြည့်ဝဖို့ လိုအပ်ပါတယ်။ အရာရာမှာ တူနေတော့ ဘာကိုယှဉ်ပြိုင်လာမလဲဆိုရင် Strategy တွေ ပြိုင်ဆိုင်လာမယ်။ ခုနလို Privacy Control လုပ်လာတဲ့အတွက် ကျွန်တော်တို့ရဲ့ Strategy တွေ၊ Creative Works တွေက Insightful, Practical ဖြစ်ဖို့ လိုလာတယ်။ Relevant ဖြစ်ဖို့ လိုလာတယ်။

ကြော်ငြာရှင်တွေဘက်က ဒါကို သတိထားရမှာ ဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်မီဒီယာနဲ့ မြန်မာနိုင်ငံမှာ ကြုံရမယ့် စိန်ခေါ်မှုတစ်ခုက ပိုက်ဆံပေးဖတ်တဲ့ အလေ့အကျင့်ကို တော်တော်လုပ်ယူရဦးမှာ ဖြစ်ပါတယ်။ သတင်းတွေကို အလွယ်တကူ အများကြီးရတဲ့အတွက် ကောင်းတာလည်းရှိတယ်။ Fake News လို ပြဿနာတွေလည်း ရှိပါတယ်။

မီဒီယာတွေဘက်ကလည်း စာရေးဆရာတွေ၊ ထုတ်ဝေသူတွေကို သူတို့ရဲ့ စာပေနဲ့ အနုပညာဆိုင်ရာမူပိုင်ခွင့်ကို လေးစားတဲ့အနေနဲ့ Fees ငွေကြေးပမာဏ တစ်ခုပေးပြီး သတင်းတွေကို ပိုက်ဆံပေးဖတ်တဲ့ အလေ့အကျင့်ရှိမှ ရေရှည်မှာ ဒစ်ဂျစ်တယ်မီဒီယာတွေ ရှင်သန်သွားနိုင်မှာ ဖြစ်ပါတယ်။ Digital Transformation က ကြုံကိုကြုံရမယ်။ Digital Transformation ကြောင့် တချို့လုပ်ငန်းတွေမှာ စိန်ခေါ်မှုအကြီးအကျယ်ဖြစ်နိုင်သလို တချို့လုပ်ငန်းတွေမှာ အခွင့်အရေးတွေ အများကြီး ရလာနိုင်ပါတယ်။ လူငယ်တွေအတွက် အခွင့်အရေးတွေ ရလာနိုင်တယ်။ ဒစ်ဂျစ်တယ်ကို ဦးစားပေးပြီး လေ့လာဖို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။

> **“ဒီတော့ Digital Marketing ကို အခုသွားနေတဲ့ သူတွေအနေနဲ့ ပိုပြီးဖန်တီးမှုအားကောင်းတဲ့ ပုံစံတွေကို ရှာဖွေရမယ်။ ပိုက်ဆံကို ပုံအောပြီး သွားလို့မရတော့ဘူး၊ ကိုယ်က ဖန်တီးမှုတွေ လုပ်နိုင်ရင် ပိုပြီးအခွင့်အလမ်းတွေ ရလာမယ်၊ ပြိုင်ဆိုင်မှုတွေက ပိုပြီးပြင်းထန်လာမယ်လို့ ယူဆရပါတယ်”**

**အစီအစဉ်မှူး ။ ။** ၂၀၂၂ ခုနှစ်အလွန်မှာ ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက် ကဏ္ဍတွေနဲ့ ပတ်သက်ပြီး ဘယ်လိုစိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ဖြစ်လာနိုင်သလဲဆိုတာ ဦးသောင်းစုငြိမ်းက သုံးသပ်ဆွေးနွေးပေးပါဦး။

**ဦးသောင်းစုငြိမ်း ။ ။** ၂၀၂၂ ခုနှစ်အလွန်မှာ ဒစ်ဂျစ်တယ်နဲ့ ကူးပြောင်းသွားတဲ့ ပုံစံအသစ်တွေကို အများကြီး ဆက်ပြီးလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်က တစ်ကမ္ဘာလုံးမှာ ကိုဗစ်–၁၉ ကပ်ဘေးကြီး ဆိုက်နေတဲ့အတွက် ကျွန်တော်တို့ အားလုံး စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ ဒုက္ခတွေကို ဖြတ်သန်းလာခဲ့ရပါတယ်။

ဒုက္ခပေါင်းများစွာကနေ ကောင်းတဲ့အချက်တစ်ခုကို ဆွဲထုတ်ပြီးပြောရမယ်ဆိုရင် ကပ်ရောဂါဘေးရဲ့ တွန်းအားကြောင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို တွန်းပို့ခံလိုက်ရပါတယ်။ ၂၀၀၀ ပြည့်နှစ် ဝန်းကျင်လောက်ကတည်းက မြန်မာနိုင်ငံမှာ e-Governmet ကို လုပ်မယ်။ ဒစ်ဂျစ်တယ်အစိုးရလုပ်မယ် စသဖြင့် ကျွန်တော်တို့တွေ ကြွေးကြော်လာခဲ့တာ အခုကိုဗစ်ရဲ့တွန်းအားလောက်ကို အကျိုးမသက်ရောက်ခဲ့ပါဘူး။

အခုလည်း မပြီးသွားပါဘူး။ နောက် တစ်နှစ်/ နှစ်နှစ် ဘယ်လောက်ကြာမလဲဆိုတာ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် အခုဆက်ပြီး အတူယှဉ်တွဲ နေထိုင်ရမယ်ဆိုတဲ့အချိန်မှာ နည်းပညာသမားတွေအနေနဲ့ မျှော်လင့်ချက်တစ်ခုထားတာက အခုလူနေမှုပုံစံတွေ ဒစ်ဂျစ်တယ်ကို ဦးစားပေးတဲ့ ခေတ်တစ်ခုကို ပြောင်းလာတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ နည်းပညာကို အကျိုးရှိထိရောက်စွာ အသုံးချမှုအနေနဲ့ အရင်တုန်းက အညွှန်းကိန်းတွေကို ယှဉ်ကြည့်ရင် အများကြီးနိမ့်နေပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်မတန်းနိုင်ခဲ့ပါဘူး။

ဒီတွန်းအားတွေကြောင့် အဘိုး၊ အဘွားအရွယ်တွေကအစ အခုဆိုရင် Zoom Meeting ထဲကို ဝင်တတ်လာပါတယ်။ Messenger ဖွင့်ပြီး သားသမီးမြေးမြစ်တွေနဲ့ Video Call လုပ်တတ်လာတယ်။ ဒါမျိုးတွေက ပြီးခဲ့တဲ့နှစ်က ဘယ်လိုမှ မစဉ်းစားနိုင်ခဲ့တဲ့အရာတွေ ဖြစ်ပါတယ်။ အခုဆိုရင် ပြည်ထောင်စုဝန်ကြီးတစ်ဦးနဲ့ အစည်းအဝေးလုပ်ကြမယ်ဆိုတဲ့အခါ ဒီဘက်အသင်းအဖွဲ့ကလည်း အားလုံး Zoom ပေါ်ကို တက်လာပြီး ပြောဆိုဆွေးနွေးခွင့်တွေ ရလာတယ်ဆိုတော့ အစည်းအဝေးတွေ အများကြီး ပိုလုပ်ဖြစ်လာတယ်။

ဒစ်ဂျစ်တယ်ကူးပြောင်းမှုကြောင့် ကောင်းတဲ့ရလဒ်တွေ အများကြီးထွက်လာပါတယ်။ ဒါကို စဉ်းစားပြီး ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက်မှာ ဒီလိုမျိုး ထိရောက်တဲ့ ပုံစံပြောင်းလဲမှုတွေကို အများကြီးမြင်တွေ့နိုင်ပါတယ်။ New Paradigm တစ်ခုလို့ သတ်မှတ်လို့ရပါတယ်။ နိုင်ငံခြားမှာ ရေစီးကြောင်းအနေနဲ့ ဖြစ်နေတာ ဆယ်စုနှစ်လောက် ရှိနေပြီဖြစ်ပါတယ်။

ဆိုရှယ်မီဒီယာပေါ်ကနေ စီးပွားရေးလုပ်ငန်းတွေ၊ ဈေးကွက်တွေ ကူးပြောင်းသွားတာကို မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ်တွေကစပြီး မြင်တွေ့လာရတယ်။ နိုင်ငံခြားမှာ တကယ့်နာမည်ကြီးတဲ့ Social Influencer တွေဆိုရင် သူတို့ရဲ့ Instagram အကောင့်တစ်ခုမှာ ပုံရိုက်ပြီး တင်တယ်။ အဲဒီပုံမှာ Caption စာတစ်ခု တွဲပြီးရေးမယ်။ သက်ဆိုင်ရာလုပ်ငန်းကို တွဲတင်လိုက်မယ်။ ဒါမျိုးအတွက်ကို ဒေါ်လာခုနစ်သောင်းခွဲ၊ တစ်သိန်းစသဖြင့် ဒီလိုမျိုးတွေ အထိကို တောင်းလို့ရတဲ့အထိ အင်အားရှိပါတယ်။

ဒီလိုအင်အားရှိဖို့အတွက် သူတို့ဆီမှာ Follower ပေါင်းက သန်း ၂၀၊ ၃၀ လောက်ရှိပါတယ်။ သူတို့ တစ်ကြိမ်တင်လိုက်ရင် ဒီဘက်မှာလည်း သူတို့ကြော်ငြာတာကို ရရှိတဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ တကယ့်ကို ရောင်းအား၊ မောင်းနှင်အားတစ်ခု လက်တွေ့ရရှိတော့ သူတို့ရဲ့ ဈေးနှုန်းတွေက အတော်ကောင်းပါတယ်။

မီဒီယာလုပ်ငန်းတွေအနေနဲ့ ပုံနှိပ်မီဒီယာကနေ ဒစ်ဂျစ်တယ်မီဒီယာကို ကူးပြောင်းတဲ့အခါ သူတို့ရဲ့ ပလက်ဖောင်းတွေပေါ်ကနေ စီးပွားရေးလုပ်ငန်းတွေရဲ့ ဈေးကွက်ရှာဖွေရေးမှာ တစ်ချက်၊ တစ်ချက်တွန်းလိုက်တယ်ဆိုရင် ထိရောက်တဲ့ အကျိုးသက်ရောက်မှုတွေ ရှိပါတယ်။ ဒါတွေက နိုင်ငံခြားမှာ ဆောင်ရွက်နေတာ နှစ်ပေါင်းများစွာ ကြာနေပါပြီ။

မြန်မာနိုင်ငံအနေနဲ့ ဒီနှစ်တွေထဲမှာ သိသာထင်ရှားလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်က ဘယ်လောက်ပဲ အွန်လိုင်းကနေ လော်စပီကာကြီးနဲ့ အော်ပေမယ့် နောက်ဆုံးကျတော့ အွန်လိုင်းကနေ ဘာမှဝယ်လို့မရဘူး။ အွန်လိုင်းကနေ ထိထိရောက်ရောက် ဘာမှပြီးမြောက်အောင် လုပ်လို့မရတဲ့အတွက် ဈေးမှာ၊ ပလာဇာမှာ၊ Shopping Mall မှာ၊ ဆိုင်ရှိတဲ့နေရာကို သွားမယ်ဆိုတာ ဖြစ်လာရပြီး ကြော်ငြာကိုတွေ့ရှိတာနဲ့ ဝယ်မယ်ဆိုတာအကြားမှာ ပွတ်တိုက်မှုတွေက ရှိနေပါတယ်။

ဒီလိုပွတ်တိုက်မှုတွေ ရှိနေတဲ့အတွက် ချက်ချင်းဆိုသလို ကြော်ငြာတစ်ခုကို မြင်လိုက်တဲ့အခါ နှိပ်ပြီး ဝယ်လိုက်မယ်ဆိုတာကို မရောက်ရှိသွားပါဘူး။ ဒါပေမယ့် ကိုဗစ်ရောဂါကြောင့် မြန်မာနိုင်ငံမှာ လုပ်ငန်းတော်တော်များများက အွန်လိုင်းပေါ်တက်လာပြီး Live Sale တွေ၊ ဗီဒီယိုတွေနဲ့ ရောင်းချနေပါတယ်။ Comment Section တွေထဲမှာ၊ Chat Box တွေထဲမှာ ပစ္စည်းတွေမှာတယ်၊ အရောင်းအဝယ်ဖြစ်ကြတယ်။

ဒီလိုမျိုးတွေ ဖြစ်လာတဲ့အတွက် အွန်လိုင်းပေါ်မှာ ကြော်ငြာတဲ့လုပ်ငန်းက ပိုပြီးအကျိုးသက်ရောက်မှုရှိတာတွေကို မြင်လာရပါတယ်။ ဒါကြောင့် နောက်ပိုင်း မြင်တွေ့လာနိုင်တာက Influencer တွေကနေ ကြော်ငြာပေးမယ်၊ ပစ္စည်းကို ရောင်းပေးမယ်ဆိုတာတွေ ပိုများလာနိုင်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာဆိုရင် နာမည်ကျော် ရုပ်ရှင်မင်းသမီးတွေ၊ အဆိုတော်တွေ၊ အခြားနာမည်ကျော်ကြားသူတွေက ဦးဆောင်လုပ်ကိုင်နေတာကို မြင်တွေ့ရပါတယ်။ ဒီလိုကြော်ငြာတဲ့ပုံစံက ရေစီးကြောင်းတစ်ခုအနေနဲ့ ဆက်ပြီးသွားနိုင်ပါတယ်။

နောက်တစ်ခုက နိုင်ငံခြားမှာ အားလုံးလိုလို ဖန်တီးနိုင်စွမ်းရှိတယ်။ မည်သူမဆို သူသိတဲ့ အချက်အလက်တစ်ခုကို ကောင်းကောင်းပြန်ပြီး ဝေမျှပေးနိုင်တယ်ဆိုရင် ဒါကိုသိချင်တဲ့သူ ဆယ်ယောက်၊ အယောက်တစ်ရာ၊ အယောက်တစ်သိန်းရှိလား ဒါက သူ့ရဲ့အမာခံပရိသတ်ဖြစ်လာနိုင်ပြီး သူ့နောက်ကို Follow လုပ်တာ ဖြစ်လာနိုင်တယ်။

အရင်ခေတ်ကဆို မီဒီယာလုပ်ငန်းတစ်ခု ထူထောင်ဖို့အတွက် ဝန်ထမ်းတွေ အများကြီးခန့်ရမယ်၊ အယ်ဒီတာအဖွဲ့ ဖွဲ့ရမယ်၊ ထုတ်ဝေခွင့်လိုင်စင် လျှောက်ဖို့အတွက် အခြေခံလိုအပ်ချက်တွေ ပြည့်မီအောင် တော်တော်လုပ်ရမယ်၊ ပုံနှိပ်တိုက်တွေ ထူထောင်ရမယ် သို့မဟုတ် ပုံနှိပ်တိုက်တွေနဲ့ စာချုပ်ချုပ်ဆိုရမယ်၊ ဖြန့်ချိရေးတွေ ပြင်ဆင်ရမယ် စသဖြင့် အများကြီးလုပ်ရမှာကနေ ဒစ်ဂျစ်တယ်မီဒီယာမှာ တစ်ဦးတစ်ယောက်တည်းကနေ မီဒီယာလုပ်ငန်းကို စပြီးလုပ်လို့ရလာပါတယ်။

မည်သူမဆို ဥပမာ – ကိုယ်က စန္ဒရားတီးတတ်တယ်၊ ဂစ်တာတီးတတ်တယ်၊ ပန်းချီဆွဲတတ်တယ်ဆိုရင် ဒါကို ပြန်ပြီးသင်ပြမယ်၊ ပြန်ပြီးဝေမျှမယ်ဆိုတာကနေ တဖြည်းဖြည်းနဲ့ သူ့ရဲ့ Follower အမာခံပရိသတ်ရလာမယ်။ ပရိသတ်တွေများလာမယ်ဆိုရင် သူ့အနေနဲ့ ဒါကို စီးပွားဖြစ်အနေနဲ့ စပြီး စဉ်းစားလို့ ရလာနိုင်တယ်။ ဥပမာ – အနည်းဆုံးအခြေခံက စီးပွားရေးလုပ်ငန်းတစ်ခုနဲ့ ပူးပေါင်းပြီး သူ့ရဲ့ပရိသတ်ဆီကို ဒီစီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ကြော်ငြာကို တင်ပြပေးတာမျိုး လုပ်လို့ရပါတယ်။ သို့မဟုတ် သူကိုယ်တိုင်ကပဲ ကုန်ပစ္စည်းတစ်ခုခု၊ ဝန်ဆောင်မှုတစ်ခုခုကို ထုတ်လုပ်ပြီး သူကိုယ်တိုင် ရောင်းချသူ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်အနေနဲ့ ပြောင်းလဲလာနိုင်ပါတယ်။

နိုင်ငံခြားမှာ Influencer တွေ၊ Celebrity တွေ၊ မင်းသား မင်းသမီးတွေရဲ့ Trend ကို ဒီလိုမျိုး မြင်ရပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်တွန်းအားပေးချင်တာက ဒစ်ဂျစ်တယ်မီဒီယာကနေ အခွင့်အလမ်းတွေအနေနဲ့ အများကြီးရှိပါတယ်။ ဒီအခွင့်အလမ်းတွေကို လူတိုင်း လက်ဆုပ်လက်ကိုင်ရယူပြီး ဆောင်ရွက်နိုင်ပါတယ်။ ဒီအတွက် ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်။ အခွင့်အလမ်းတွေရှိသလို စိန်ခေါ်မှုတွေ၊ အခက်အခဲတွေလည်း ရှိပါတယ်။ ဒါတွေကို ဌာနဆိုင်ရာတွေကစပြီး ဥပဒေပြုအဖွဲ့အစည်းတွေ၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းတွေ အားလုံးမှာ တာဝန်တွေ၊ ဝတ္တရားတွေ ပိုပြီးများလာပါတယ်။

အထူးသဖြင့် ဆိုက်ဘာနဲ့ပတ်သက်တဲ့ ကျွမ်းကျင်မှုတွေ၊ ဒစ်ဂျစ်တယ် သိနားလည်မှုတွေ လိုအပ်လာမယ်။ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီက ငွေတွေအလိမ်မခံရအောင် သတိထားတတ်လာမယ်။ ကိုယ်က တစ်ခါမှ တခြားနိုင်ငံက ထီမထိုးဖူးဘဲနဲ့ တခြားနိုင်ငံက ထီပေါက်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူးဆိုတာမျိုးတွေကို သိရမယ်။ ပြည်တွင်းမှာ ထီမထိုးတဲ့သူတစ်ယောက်က ထီပေါက်တယ်ဆိုတာ မဟုတ်ဘူးဆိုတာကို သိရမယ်။

ပစ္စည်းတွေ တစ်ခုခုကြော်ငြာထားတာတွေ့လို့ ဝယ်မယ်ဆိုရင် ကိုယ်ဝယ်ထားတဲ့ ဝက်ဘ်ဆိုက် သို့မဟုတ် ဖေ့စ်ဘွတ်စာမျက်နှာက ဘယ်လောက်ခိုင်မာမှုရှိသလဲ သူ့ရဲ့ နောက်ကြောင်းကို လိုက်နိုင်ရမယ်။ အရင် ရက်တွေ၊ လတွေက တင်ထားတဲ့ သူ့ရဲ့ Post မှာ၊ Comment တွေမှာဝင်ပြီး ဖတ်ကြည့်ဖို့ လိုအပ်ပါတယ်။ ဒီမှာ စားသုံးသူတွေက Complaint လုပ်ထားသလား၊ ထောက်ခံထားသလားဆိုတာ နည်းနည်းစစ်ဆေးတတ်တဲ့ အကျင့်မျိုး ရှိရပါမယ်။ ဒါက ပြည်သူတစ်ဦးချင်းအနေနဲ့ ဒီလိုအသိတွေ ရှိဖို့ လိုပါတယ်။

တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းတွေမှာလည်း အင်အားနဲ့အလုပ် မမျှဘူးဆိုတာ မြင်တွေ့ရတယ်။ နည်းပညာနဲ့ပတ်သက်တဲ့ အမှုအခင်းတွေ ဖြစ်ပေါ်လာတဲ့အတွက် လိုအပ်တဲ့ လေ့ကျင့်သင်ကြားမှုတွေ၊ လေ့လာသင်ယူမှုတွေလုပ်ပြီး ပြင်ဆင်ဖွဲ့စည်းသင့်ပါတယ်။ ဆိုက်ဘာအမှုအခင်းတွေနဲ့ ပတ်သက်တာတွေကို အထူးပြင်ဆင်ထားသင့်ပါတယ်။

အထူးသဖြင့် e-Commerce တို့၊ Digital Marketing တို့ လုပ်လာပြီး ဆိုက်ဘာအမှုအခင်းတွေ ဖြစ်ခဲ့တယ်ဆိုရင် ဘယ်လိုထိရောက်လျင်မြန်စွာ အရေးယူမလဲ။ ဒီလို အရေးယူတဲ့ အဖွဲ့အစည်းတွေ၊ တရားဥပဒေစိုးမိုးရေး အဖွဲ့တွေ၊ တရားရုံးတွေမှာ ဒါတွေကို တရားစီရင်နိုင်ပြီလား၊ ဒါတွေအားလုံးကို လူ့အသိုက်အဝန်းတစ်ခုလုံးက ပြင်ဆင်ဖို့လိုပါတယ်။

အမုန်းစကားလိုကိစ္စတွေကို လွတ်လွတ်လပ်လပ် ဖန်တီးပြီး တင်ဆက်လို့ ရလာတဲ့အချိန်မှာ တစ်ဦးတစ်ယောက်ချင်းစီတိုင်းမှာ တာဝန်ယူမှု၊ တာဝန်သိမှု စိတ်ဓာတ်တွေနဲ့ ကျင့်ဝတ်တွေလည်း လိုက်နာဖို့လိုတယ်ဆိုတဲ့ အသိပညာပေးလုပ်ငန်းတွေ များများလုပ်ဖို့ လိုပါတယ်။

မီဒီယာရဲ့ အကျိုးသက်ရောက်မှုက များသလို သူ့ရဲ့ အန္တရာယ်ဖြစ်စေနိုင်မှုကလည်း ပိုပြီးမြင့်လာတဲ့အတွက် ပြည်သူလူထုအနေနဲ့ ဒါကိုထိုင်တွေးပြီး ကြောက်နေဖို့ မလိုပါဘူး။ ဒါမျိုးတွေ ဖြစ်လာနိုင်တယ်ဆိုတာကို သိထားပြီး ကိုယ့်အနေနဲ့ ဒီအခွင့်အလမ်းတွေအပေါ်မှာ ကောင်းကောင်းဘယ်လိုအသုံးချမလဲ၊ ဘယ်လိုလုပ်ဆောင်မယ်ဆိုတာကို ပြင်ဆင်ထားနိုင်ရင် ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက်ရဲ့ စွမ်းအားတွေကြောင့် ကျွန်တော်တို့အနေနဲ့ ၂၀၂၂ ခုနှစ်မှာ ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။

# မိသားစုဝင်ငွေ အထောက်အကူပြုမည့် မှိုစိုက်ပျိုးထုတ်လုပ်ရေး

မျိုးသူ (ကုန်သွယ်မြှင့်)

ကျွန်တော်တို့ ငယ်စဉ်ကလေးဘဝက ညဘက်လသာလျှင် အိမ်ရှေ့ကွပ်ပျစ်တွင် သူငယ်ချင်းများ စုဝေးပြီး အမျိုးမျိုးသော ကစားနည်းများကို ကစားတတ်ကြသည်။ မောလာလျှင် ကွပ်ပျစ်တွင် စုဝေးပြီး ထိုင်ကာ အုပ်စုနှစ်စုခွဲ၍ ထိုင်ကစားရသော ခေါင်းတို့တမ်း၊ ကျားဗိုလ်ဆွဲတမ်းများအပြင် စကားထာဖွက်တမ်းလည်း ကစားတတ်ကြသည်။

ထိုသို့ ဖွက်ခဲ့ကြသော စကားထာများတွင် "တစ်နှစ်တစ်ခါ ပေါ်လို့လာ ငါလည်းမင်းလောင်း ထီးဖြူဆောင်း"ဟူသည့် မှိုကိုဖွက်သော စကားထာလေးကို သတိရမိသည်။ မှိုရသောမျက်နှာ ဟူသည်မှာလည်း အလွန်ပီတိဖြစ်၍ ပြုံးနေသောမျက်နှာ၊ ကျေနပ်အားရနေသော မျက်နှာကို ခေါ်ခြင်းဖြစ်၍ မှိုကို မြန်မာလူမျိုးများ အလွန်ကြိုက်နှစ်သက်ကြသည်ကို မြင်သာသည်။

ကျွန်တော် ကြားဖူးသလောက်ပြောရလျှင် ကောက်ရိုးမှို၊ အပ်မှို၊ ငွေနှင်းမှို၊ မှိုခြောက်ပန်းခြောက်နှင့် လင်ဇီးမှို တို့ရှိပြီး လူအများစိုက်ပျိုးစားသုံးကြသည်ကို တွေ့နိုင်ပါသည်။ ထိုသို့စိုက်ပျိုးထုတ်လုပ်သော မှိုများကို စီးပွားဖြစ် စိုက်ပျိုးလာကြသည်မှာ နှစ်အတန်ကြာပြီဖြစ်သော်လည်း မှိုစိုက်ပျိုး ထုတ်လုပ်မှုမှာ တွင်ကျယ်မှုနည်းပါးနေသေးသည်ကို တွေ့နိုင်သည်။

လက်ရှိအချိန်တွင် ကိုဗစ်ရောဂါကြောင့် အသွားအလာများကန့်သတ်ခြင်း၊ ဝန်ဆောင်မှု လုပ်ငန်းအများစုမှာ အခက်အခဲများ ကြုံတွေ့နေရခြင်း၊ အခြေခံလူတန်းစားများအတွက် စီးပွားရေးလုပ်ငန်းများ ရှာဖွေရန်ခက်ခဲခြင်းနှင့် ဝင်ငွေကျဆင်းနေခြင်းများ ကြုံတွေ့နေကြရချိန် မှိုစိုက်ပျိုးခြင်းမှာ အရင်းအနှီး နည်းနည်းနှင့် နေရာကျယ်ကျယ်ပြန့်ပြန့်မလိုဘဲ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်ပြီး မိသားစုဝင်ငွေတစ်ခု ရှာဖွေနိုင်သောလုပ်ငန်းဖြစ်သည်။

ထိုသို့ ဆောင်ရွက်မည်ဆိုပါက ငွေကြေးအရင်းအနှီးအနည်းငယ်ကို ရှာဖွေရန်လိုအပ်မည်ဖြစ်သည်။ ထိုလိုအပ်သည့် အရင်းအနှီးကို ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် သမဝါယမအသင်းများက ရယူနိုင်သည်။ အရင်းအနှီးလိုအပ်ချက်ကို တွက်ချက်လျှင် ငွေနှင်းမှို အထုပ် ၁၀၀ စိုက်ပျိုးပါက ကုန်ကျစရိတ်မှာ ငွေကျပ် ၂၀၀၀၀၀ ခန့်ရှိပြီး ၁၅ ရက်တွင် ဝင်ငွေတစ်သိန်းခန့် ပြန်လည်ရရှိနိုင်သည်။ ငွေနှင်းမှိုမှာ ဈေးနည်းပါးတတ်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ခန့်ရှိတတ်သည်။ ကောက်ရိုးမှိုမှာမူ ငွေနှင်းမှိုနှင့် ကုန်ကျစရိတ်တွင် မကွာသော်လည်း နေရာလိုအပ်ချက်ရှိသည်။ ပြန်လည်ဝင်ငွေရရှိမှုမှာ ငွေနှင်းမှို၏ နှစ်ဆခန့်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အထိ ရရှိနိုင်သည်ဟု သိရသည်။

### ကမ္ဘာ့မှိုစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

ကမ္ဘာပေါ်တွင် စားသုံးမှို စိုက်ပျိုးထုတ်လုပ်ကြသည့်အခြေအနေကို နိုင်ငံအလိုက်ကြည့်မည် ဆိုပါက တရုတ်နိုင်ငံမှ ထုတ်လုပ်မှုသည် အများဆုံးဟု ပြောနိုင်သည်။ တရုတ်နိုင်ငံသည် တစ်နှစ်အတွက် တန်ချိန် ၅ သန်းကျော် ထုတ်လုပ်သည်ဟု သိရသည်။ ကမ္ဘာ့ထုတ်လုပ်မှု စုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းအထိရှိသည်ဟု သိရသည်။

တန်ချိန် သောင်းကျော်အောင် ထုတ်လုပ်ကြသော နိုင်ငံများကိုကြည့်လျှင် ဩစတြေးလျနိုင်ငံက တန်ချိန် ငါးသောင်းခန့်၊ ဘယ်လ်ဂျီယံနိုင်ငံက တန်ချိန် လေးသောင်းကျော်၊ ကနေဒါနိုင်ငံက တန်ချိန် ခုနစ်သောင်းကျော်၊ ပြင်သစ်နိုင်ငံက တန်ချိန် တစ်သိန်းကျော်၊ ဂျာမနီနိုင်ငံက တန်ချိန် ခြောက်သောင်းကျော်၊ အိန္ဒိယနိုင်ငံက တန်ချိန် လေးသောင်းကျော်၊ အင်ဒိုနီးရှားနိုင်ငံက တန်ချိန် လေးသောင်းခွဲ၊ အိုင်ယာလန်နိုင်ငံက တန်ချိန် ခြောက်သောင်းကျော်၊ အီတလီနိုင်ငံက တန်ချိန် ခုနစ်သိန်း ခြောက်သောင်းကျော်၊ နယ်သာလန်နိုင်ငံက တန်ချိန် သုံးသိန်းကျော်၊ ပိုလန်နိုင်ငံက တန်ချိန် နှစ်သိန်း နီးပါး၊ စပိန်နိုင်ငံက တန်ချိန် တစ်သိန်းကျော်၊ ယူအက်စ်အေနိုင်ငံက တန်ချိန် လေးသိန်းနီးပါး၊ အင်္ဂလန်နိုင်ငံက တန်ချိန် ခြောက်သောင်းကျော်နှင့် ဂျပန်နိုင်ငံက တန်ချိန် ခြောက်သောင်းကျော် စိုက်ပျိုးကြသည်ကို တွေ့ရသည်။

အာဆီယံနိုင်ငံများကိုကြည့်လျှင် ဗီယက်နမ်နိုင်ငံက တန်ချိန် နှစ်သောင်းကျော်၊ ထိုင်းနိုင်ငံက တန်ချိန် ခြောက်ထောင်ကျော်၊ စင်ကာပူနိုင်ငံက တန်ချိန် နှစ်ရာနှင့် ဖိလစ်ပိုင်နိုင်ငံက တန်ချိန် ခြောက်ရာခန့် စိုက်ပျိုးသည်ဟု သိရသည်။ အခြားအာဆီယံနိုင်ငံများတွင် စိုက်ပျိုးထုတ်လုပ်သည့် ကိန်းဂဏန်းများ မတွေ့ရှိပါ။ မြန်မာနိုင်ငံတွင် လက်တွေ့အားဖြင့် အထိုက်အလျောက် စိုက်ပျိုးထုတ်လုပ်နေကြသော်လည်း ပြည်တွင်းဈေးကွက်အတွက်သာ ထုတ်လုပ်နိုင်သည်ကို တွေ့ရသည်။ ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ခုနစ်သန်းကျော်ရှိသည်ဟု သိရသည်။

### မြန်မာ့မှိုစိုက်ပျိုးမှု

မြန်မာနိုင်ငံတွင် မှိုကို သဘာဝမှရရှိသကဲ့သို့ စိုက်ပျိုးထုတ်လုပ်မှုများလည်း ရှိလာသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်သော မှိုများတွင် ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုများမှာ အများစု စိုက်ပျိုးထုတ်လုပ်သော မှိုများဖြစ်သည်။ ကောက်ရိုးမှိုကို စားသုံးသူများ ပိုမိုကြိုက်နှစ်သက်ကြပြီး နေရာအနည်းငယ်နှင့် ကောက်ရိုးရရှိလျှင် စိုက်ပျိုးနိုင်ခြင်းများကြောင့် စိုက်ပျိုးသူများက နှစ်သက်ကြသည်။

ငွေနှင်းမှိုမှာ နေရာကျယ်ကျယ်ဝန်းဝန်း မလိုအပ်သဖြင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းနှင့် အိမ်တွင် အခန်းတစ်ခန်းကို မှိုစိုက်ပျိုးရန် သုံးနိုင်ခြင်းတို့ကြောင့် လည်းကောင်း၊ အရင်းအနှီးအားဖြင့် အလွန်အကျွံမများသဖြင့်လည်းကောင်း၊ နေ့စဉ်ပုံမှန်ဝင်ငွေဖြစ်စေရန် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းကြောင့်လည်းကောင်း မှိုကိုစိုက်ပျိုးထုတ်လုပ်သင့်သော အလားအလာကောင်းသည့် သီးနှံတစ်ခုအဖြစ် သတ်မှတ်လာကြသည်။

ကိုဗစ်ရောဂါမဖြစ်မီက စားသောက်ဆိုင်များသည် မှိုစိုက်ပျိုးထုတ်လုပ်သူများအတွက် ကျယ်ပြန့်သောဈေးကွက်ဖြစ်ပါသည်။ ယခု ကိုဗစ်ရောဂါကြောင့် စားသောက်ဆိုင်များမှာ တွင်တွင်ကျယ်ကျယ် ရောင်းချရခြင်းလျော့နည်းသဖြင့် မှိုသွင်းသူများအနေဖြင့်လည်း ဈေးကွက်ကျဆင်းမှုနှင့် ကြုံကြိုက်နေသည်ဟု သိရသည်။

### ကော့မှူးကွမ်းခြံကုန်းမှ မှိုစိုက်ပျိုးထုတ်လုပ်မှု

ကော့မှူး ကွမ်းခြံကုန်းမြို့နယ်များတစ်ဝိုက် မှိုစိုက်ပျိုး ထုတ်လုပ်မှုသည် အသွင်ဆန်းသစ်လာကာ မှိုမျိုးထုတ်လုပ်ပြီး နေ့စဉ်မှိုမျိုးထုပ် ၈၀၀၀ ကျော်အထိ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သူများထံ ဖြန့်ဖြူးနေရသည်ဟုဆိုသည်။ မှိုမျိုးထုတ်လုပ်သူများသည် ထိုင်းနိုင်ငံမှ မှိုမျိုးများကို တင်သွင်းကာ ထပ်ဆင့်မျိုးပွားပြီး ဒေသတွင်းဖြန့်ဖြူးနေကြခြင်း ဖြစ်သည်။ ကောက်ရိုးမှိုနှင့် ငွေနှင်းမှို နှစ်မျိုးစလုံးကို မျိုးထုတ်လုပ်ဖြန့်ဖြူးကြသည်ဟု သိရသည်။

အဆိုပါ မျိုးထုတ်လုပ်သူများသည် ကန်ထရိုက် စိုက်ပျိုးရေး ပုံစံဖြစ်သော မျိုးပေးပြီး စိုက်ပျိုးသူများက ထွက်ရှိလာသော မှိုများကို ပြန်လည်ပေးသွင်းကြခြင်း ဖြစ်သည်။ မှိုမျိုးထုတ်လုပ်သူများက မှိုအဝယ်ဒိုင်ပုံစံမျိုးဖြင့် ဝယ်ယူပြီး ရန်ကုန်မြို့ရှိ ဈေးများနှင့် စားသောက်ဆိုင်များကို ပြန်လည်ပေးသွင်းရောင်းချခြင်းဖြစ်သည်ဟု ဆိုသည်။ မျိုးထုတ်လုပ်သူများမှာ ကော့မှူးကွမ်းခြံကုန်းတစ်ဝိုက်တွင် ရှစ်ဦးအထိရှိလာပြီး ကိုဗစ်ရောဂါမဖြစ်မီက မြန်ဆန်စွာ တိုးတက်လာသော်လည်း ယခုအခါ ကိုဗစ်ရောဂါကြောင့် မှိုထုတ်လုပ်မှုကျဆင်းနေကြောင်း သိရသည်။ လက်ရှိအခြေအနေတွင် မှိုစိုက်ပျိုး ထုတ်လုပ်မှုသည် ဒေသတွင်းဈေးကွက်ကိုသာ အခြေခံပြီး အကန့်အသတ်ဖြင့် စိုက်ပျိုးထုတ်လုပ်နေပြီး အစိုးရနှင့် ဌာနများမှ အားပေးပါက ကိုဗစ်ရောဂါကာလ အလုပ်အကိုင်ရှားပါးချိန်တွင် မိသားစု တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်ပြီး ဝင်ငွေကောင်းစွာရရှိနိုင်သည့် မှိုစိုက်ပျိုးထုတ်လုပ်ခြင်းကို ဆောင်ရွက်သွားသင့်သည်။

### မှိုကဏ္ဍမှ စိန်ခေါ်မှုများ

မှိုစိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကြီးအောက်တွင် မှိုအစုအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ကာ အဆိုပါ မှိုအစုအဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မှိုစိုက်ပျိုးနည်း သင်တန်းများကို ကောင်းစွာဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ဟု သိရသည်။ မှိုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် စိန်ခေါ်မှုများ တွေ့ကြုံနေရသည်ကို တွေ့ရသည်။ အဆိုပါ စိန်ခေါ်ချက်များကို ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်သည် –

- မှိုဈေးကွက်ကျယ်ပြန့်ရန်လိုအပ်ခြင်း၊ တာရှည်ခံမည့်နည်းပညာလိုအပ်နေခြင်း၊ ရေရှည်တွင် မှိုကိုသေချာစွာထုပ်ပိုးပြီး နိုင်ငံခြားတင်ပို့ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန် လိုအပ်ခြင်း။
- မှိုမျိုးဖြန့်ဖြူးသူများနှင့် မှိုစိုက်ပျိုးသူများတွင် ငွေအရင်းအနှီး လိုအပ်ချက် များပြားခြင်း။
- အထောက်အကူပစ္စည်းဖြစ်သည့် ကောက်ရိုးနှင့် ဖဲဒါကို အလုံအလောက်ရရှိရန် လိုအပ်ခြင်း။
- ငွေနှင်းမှိုသည် ကောက်ရိုးမှိုထက် စိုက်ပျိုးချိန်ကြာမြင့်ပြီး အကျိုးအမြတ်ရရှိမှု နည်းပါးသဖြင့် ငွေနှင်းမှိုစိုက်ပျိုးမှုကို ဖွံ့ဖြိုးလာရေး စည်းရုံးဆောင်ရွက်ရန် လိုအပ်ခြင်း။

### မှိုကဏ္ဍအတွက် အားဖြည့်ဆေးများ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၇ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့ ဦးဆောင်ပြီး "သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် ပြည်တွင်း ပြည်ပ ဈေးကွက်များ စဉ်ဆက်မပြတ်ရောင်းချနိုင်ရေးနှင့် တောင်သူများအတွက် သင့်လျော်သော အကျိုးအမြတ်ရရှိရေး" အတွက် ကူညီဆောင်ရွက်ရန် ရှိသည်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း၊ မှိုအစုအဖွဲ့စသည့် ပုဂ္ဂိုလ်များဖြင့် အွန်လိုင်းအစည်းအဝေး တစ်ရပ်ကို ကျင်းပညှိနှိုင်းခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသည် ကိုဗစ်ကပ်ရောဂါ ကာလအတွင်း ယခင်နှစ်က တောင်သူများ အခက်အခဲတွေ့ခဲ့ရသည်များကို ယခုနှစ်တွင် မတွေ့ကြုံစေရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ မည်ကဲ့သို့ဆောင်ရွက်ကြမည်ကို ညှိနှိုင်းဆွေးနွေးကြခြင်းဖြစ်သည်။ ယင်းဆွေးနွေးချက်များကို သီးခြားဆွေးနွေးခြင်းမပြုဘဲ ထူးခြားသည့် ကဏ္ဍတစ်ခုအဖြစ် ပါဝင်လာသည့် မှိုစိုက်ပျိုးထုတ်လုပ်မှုနှင့် မိသားစုများအတွက် အပိုဝင်ငွေ တစ်ခုဖြစ်စေနိုင်သည့် မှိုစိုက်ပျိုး ထုတ်လုပ်ခြင်း မည်ကဲ့သို့ အားပေးဆောင်ရွက်ကြမည်ကို ဆွေးနွေးခဲ့ကြသည့်အချက်များ ထည့်သွင်းဖော်ပြလိုပါသည်။

အစည်းအဝေးတွင် မှိုအစုအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်က အထက်တွင် ဖော်ပြသည့် စိန်ခေါ်ချက်များကို အစိုးရဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးနိုင်မည်ဆိုပါက တိုးတက်လာမည်ဖြစ်ကြောင်း တင်ပြချက်အပေါ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက နည်းပညာသင်တန်းများပေးနေကြောင်း၊ ထပ်မံ၍လည်း စပေးသွားမည်ဖြစ်သကဲ့သို့ ဝန်ကြီးဌာနအောက်ရှိ သမဝါယမအသင်းများမှ အသေးစားချေးငွေများကို ထုတ်ချေးပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က မှိုကို စည်သွတ်ဘူးစက်ရုံလုပ်ရန်ရှိကြောင်း ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ဆွေးနွေးရာတွင် မှိုကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်ကာလ အခြေခံလူတန်းစားများတွင် ဝင်ငွေကျဆင်းခြင်း၊ အလုပ်အကိုင်ခက်ခဲခြင်းများ ကြုံတွေ့နေရသဖြင့် ပြင်ပသို့ထွက်ပြီး အလုပ်လုပ်ရန်လည်း မလို၊ ကုန်ကျစရိတ်လည်း အနည်းငယ်သာရှိသည့် တစ်နိုင်တစ်ပိုင်နှင့် ဝင်ငွေရရှိနိုင်သည့် မှိုစိုက်ပျိုးထုတ်လုပ်ခြင်းကဲ့သို့လုပ်ငန်းမျိုးကို အားပေးသင့်သည်ဟု လမ်းညွှန်ကြောင်း၊ မိမိတို့နိုင်ငံတွင် မှိုစိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အတိုင်း အခြေခံလူတန်းစားများအတွက် အပိုဝင်ငွေတစ်ခုရရှိလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ လုပ်ငန်းကို ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်း တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အခြေခံ လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးနည်းစနစ်၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်တို့ကို တတ်နိုင်သရွေ့ ဝိုင်းဝန်းကူညီ အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုကဲ့သို့သော ဆွေးနွေးမှုများကို နားထောင်ရင်း မှိုစိုက်ပျိုးထုတ်လုပ်သူများအတွက် အားဆေးတစ်ခွက်ရရှိလာပြီဖြစ်ပြီး ကြီးမားသော ပံ့ပိုးမှုများလည်း ရရှိလာမည်ဟု မျှော်လင့်မိသည်။ ထို့အပြင် ကိုဗစ်ကာလ၌ တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုများအတွက် အပိုဝင်ငွေတစ်ခု ရရှိနိုင်ပါကြောင်း သတင်းကောင်း တင်ပြအပ်ပါသည်။ ။

> **"အရင်းအနှီးကို ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် သမဝါယမအသင်းများက ရယူနိုင်သည်။ အရင်းအနှီးလိုအပ်ချက်ကို တွက်ချက်လျှင် ငွေနှင်းမှိုအထုပ် ၁၀၀ စိုက်ပျိုးပါက ကုန်ကျစရိတ်မှာ ငွေကျပ် ၂၀၀၀၀၀ ခန့်ရှိပြီး ၁၅ ရက်တွင် ဝင်ငွေတစ်သိန်းခန့် ပြန်လည်ရရှိနိုင်သည်။ ငွေနှင်းမှိုမှာ ဈေးနည်းပါးတတ်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ခန့်ရှိတတ်သည်။ ကောက်ရိုးမှိုမှာမူ ငွေနှင်းမှိုနှင့် ကုန်ကျစရိတ်တွင် မကွာသော်လည်း နေရာလိုအပ်ချက်ရှိသည်။ ပြန်လည်ဝင်ငွေရရှိမှုမှာ ငွေနှင်းမှို၏ နှစ်ဆခန့်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အထိ ရရှိနိုင်သည်ဟု သိရ"**

# ရွှေဘို၌ ဆိုင်ကယ်ခိုးယူသူကို စစ်ဆေးရာ ခိုးယူခံရသောဆိုင်ကယ် ၁၄ စီးနှင့် ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်နိုင်

**ရွှေဘို ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဆိုင်ကယ်ခိုးယူလာသူကို စစ်ဆေးရာက ခိုးယူခံရသော ဆိုင်ကယ် ၁၄ စီးနှင့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦး ထံမှ သိရသည်။

ရွှေဘိုမြို့တွင် ဇန်နဝါရီ ၈ ရက် ညနေ ၅ နာရီခွဲက ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ် ပြည့်ဖြိုးသူ ခေါင်းဆောင်သော နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် ရွှေဘို – ရေဦး သွားကားလမ်းပေါ်တွင် အောင်ထက်လင်း (ခ) ဘောပြား (၂၁) နှစ် အမှတ်(၉) ရပ်ကွက် သက်သာပန်းတောင်းရပ် ရွှေဘိုမြို့နေသူအား KENBO –125 အစိမ်းရောင်ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်မေးရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာမပြနိုင်ဘဲ နေအိမ်အဆောက်အအုံ တစ်ခုအတွင်းမှ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထပ်မံ စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ အောင်ထက်လင်းနှင့်အတူ ရွှေဘိုမြို့ပေါ်ရပ်ကွက်များမှ ဆိုင်ကယ်မျိုးစုံ ၁၄ စီးအား ခိုးယူခဲ့ကြသော ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ စောထွေး၊ ဝဏ္ဏအောင်၊ ပိုင်ကိုနှင့် ရွှေဘိုမြို့နယ် ထနောင်းဝန်းကျေးရွာနေ စိုးလင်းထိုက်၊ ခင်ဦးမြို့နေ ဖိုးလုံးတို့ခြောက်ဦးအနက် စောထွေးနှင့် ဖိုးလုံးတို့ နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်နေ၍ ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**




# ဘားအံ၊ နမ့်ခမ်း၊ မံစီနှင့် ပင်လည်ဘူးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ဘားအံမြို့နယ် ဘားအံ–မော်လမြိုင်ကားလမ်း ဇာသပြင်ကျေးရွာ လမ်းဆုံအနီးတွင် စိုးတင့်မောင်းနှင်လာသည့် Air Wave အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ ကို လည်းကောင်း၊ ထို့နောက် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ အုပ်စု ခရားအတွင်းကျေးရွာရှိ ၎င်းနေထိုင်သည့် နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၁ ပြားကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ဆင်ဝါးနော်လမ်းထောင့်တွင် မနန်းမိုဟွမ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ကို လည်းကောင်း။



မအမ်မင်၊ ရဲဝင်း တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မံစီမြို့နယ် ဟန်ထက်–မန်ရကျေးရွာသွားလမ်း ဟန်ထက်ကျေးရွာအနီးတွင် ရဲဝင်း မောင်းနှင်ပြီး မအမ်မင် လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ရှေ့ပြေးဆိုင်ကယ်အဖြစ် အိုက်မန်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား စစ်ဆေးရှာဖွေရန် ရပ်တန့်ခိုင်းစဉ် အိုက်မန်က ဆိုင်ကယ်အားထား၍ ထွက်ပြေးလွတ်မြောက်သွားသဖြင့် ဆိုင်ကယ်များကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလို ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ဟဲသတ်ကျေးရွာအနီး ကောလင်း – ပင်လည်ဘူးကားလမ်း ကီလိုတိုင် အမှတ်(83 Km)တွင် ရဲအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကနီမြို့နယ် အလောင်းတော်ကဿပလမ်း ကိုးတောင်ကွေ့အနီးတွင် ယာဉ်တစ်စီး တိမ်းမှောက်၊ ယာဉ်မောင်း သေဆုံး

**ကနီ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကနီမြို့နယ် ကိုးတောင်ကွေ့အနီးတွင် အုတ်တင်ယာဉ်တစ်စီး တိမ်းမှောက်ပြီး ယာဉ်မောင်းသေဆုံးခဲ့သည်။

ယမန်နေ့ ညနေ ၄ နာရီတွင် ကနီမြို့နယ် အလောင်းတော် ကဿပဘုရားဖူးလမ်း ကိုးတောင်ကွေ့အနီးတွင် ဘုတလင်မြို့နယ် နတ်ရွာ ကျေးရွာနေ ဦးဌေးဝင်း မောင်းနှင်လာသော 1I/--- ခြောက်ဘီးယာဉ်သည် အမျိုးသား ၁၆ ဦးပါရှိပြီး အုတ်ပို့၍အပြန် ဘရိတ်ပေါက်တိမ်းမှောက်သွားရာယာဉ်မောင်း ဦးဌေးဝင်းမှာ အခင်းဖြစ်နေရာတွင်သေဆုံးသွားပြီး အမျိုးသား ၁၆ ဦးတွင် ဒဏ်ရာများရရှိကာ ကနီမြို့နယ် ကပိုင်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို ကနီမြို့မရဲစခန်းမှ ယာဉ်စည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**



# ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်ရန် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီပေး ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီပေးသည် မတ်လတွင် ယှဉ်ပြိုင်ကစားရမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းအား လေ့ကျင့်မှုပြုလုပ်ရန် ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

အန်တွမ်နီပေးနှင့် လက်ထောက်နည်းပြဖြစ်သည့် ဂျာမနီနိုင်ငံသား ခါမေးလ်လည်း လိုက်ပါလာပြီး နှစ်ဦးစလုံး ကိုဗစ်စည်းမျဉ်းအတိုင်း နိုဗိုတယ်ဟိုတယ်၌ အသွားအလာကန့်သတ် နေထိုင်လျက်ရှိသည်။ ယင်းနည်းပြနှစ်ဦးသည် မြန်မာနိုင်ငံသို့ မထွက်ခွာမီ ဂျာမနီနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါပိုး ရှိမရှိ စစ်ဆေးခဲ့ရာ Negative အဖြေထွက်ခဲ့ပြီး ရန်ကုန်မြို့သို့ ရောက်ရှိအပြီးတွင်လည်း ထပ်မံစစ်ဆေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီပေး၏ တောင်းဆိုမှုကြောင့် နိုင်ငံခြားသားလက်ထောက်နည်းပြတစ်ဦး ခန့်အပ်ပေးမည်ဖြစ်ပြီး ဂျာမနီနိုင်ငံသား ခါမေးလ်သည် အန်တွမ်နီပေးနှင့်အတူ လိုက်ပါလာခြင်းဖြစ်သည်။ ခါမေးလ်သည် မြန်မာအသင်းကို အန်တွမ်နီပေး ပထမအကြိမ်ကိုင်တွယ်သည့် ၂၀၁၈ ခုနှစ်တွင်လည်း လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က တစ်နှစ်စာချုပ် ချုပ်ဆိုသွားမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ယခုလအတွင်း စခန်းဝင်လေ့ကျင့်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲလက်ကျန်ပွဲများအဖြစ် မတ်လတွင် နှစ်ပွဲ၊ ဇွန်လတွင်တစ်ပွဲ ကစားရမည်ဖြစ်ပြီး မတ် ၂၅ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ် ၃၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ ဇွန် ၁၅ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် ငါးပွဲကစား ခြောက်မှတ်ရရှိထားသည်။

**ညီမြတ်သော်တာ**

▼ *ကျောဖုံးမှ*

ပရီမီယာလိဂ် ပွဲစဉ်(၁၈)မှ ဇန်နဝါရီ ၁၃ရက် နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်ရလဒ်များအဖြစ် ဝုဖ်နှင့် အဲဗာတန်တွင် နှစ်ဂိုး–တစ်ဂိုးဖြင့် အဝေးကွင်း၌ အဲဗာတန်အသင်း အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် အဲဗာတန်အတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၆ မိနစ်တွင် အိုင်ဝိုဘီက သွင်းယူခဲ့ပြီး ၁၄ မိနစ်တွင် ရူဘင်နာဗက်စ်က ဝုဖ်အတွက် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ အဲဗာတန်အတွက် အနိုင်ဂိုးကို ပွဲချိန် ၇၇ မိနစ်တွင် နောက်တန်းကစားသမား မိုက်ကယ်ကိန်းက သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ် တစ်ပွဲဖြစ်သော ရှက်ဖီးလ်ယူနိုက်တက်နှင့် နယူးကာဆယ်ပွဲတွင် တစ်ဂိုး – ဂိုးမရှိဖြင့် ရှက်ဖီးလ်ယူနိုက်တက်အသင်း အနိုင်ရရှိခဲ့သည်။ ရှက်ဖီးလ်ယူနိုက်တက်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် ပယ်နယ်တီမှ ဘိုင်လီချက်ပ်က သွင်းယူပေးပြီး ရှက်ဖီးလ်ယူနိုက်တက်အတွက် ယခုနှစ်ရာသီ ပထမဦးဆုံးပရီမီယာလိဂ်နိုင်ပွဲဖြစ်ခဲ့သည်။

ပွဲစဉ် (၁၈) ယှဉ်ပြိုင်အပြီးတွင် အဲဗာတန်အသင်းသည် တစ်ပွဲလျော့ဖြင့် ရမှတ် ၃၂ မှတ်ရရှိထားပြီး ဝုဖ်က ရမှတ် ၂၂ မှတ်နှင့် နယူးကာဆယ်က ရမှတ် ၁၉ မှတ်၊ ရှက်ဖီးလ်ယူနိုက်တက်က ငါးမှတ်သာ ရရှိထားသည်။ **သီဟ**



မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပေါ့ဂ်ဘာ သွင်းယူနေစဉ်။

○ *ကျောဖုံးမှ*

ရီးရဲမက်ဒရစ်အသင်းသည် မီလီတာအိုကို ပေါ်တိုအသင်းက ခြောက်နှစ်စာချုပ်ဖြင့် ခေါ်ယူထားသည့်အတွက် ဘာနေဗျူးတွင် ၎င်း၏ စာချုပ်သက်တမ်းမှာ လေးနှစ်ခွဲကျန်ရှိနေသေးကြောင်း သိရသည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းအနေဖြင့် အဆိုပါ ခံစစ်ကစားသမားကို လွယ်လွယ်ရောင်းထုတ်သွားဖွယ်မရှိကြောင်းလည်း သိရသည်။ မော်ရင်ဟို၏ စပါးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၆ ပွဲကစားပြီးချိန်တွင် ခံစစ်က ၁၅ ဂိုးသာ ခွင့်ပြုပေးထားရသေးသည်။ မော်ရင်ဟိုသည် ဗဟိုခံစစ်တွင် ဒီယာနှင့် အယ်ဒါဝီလ်ရယ်တို့ကိုသာ ပထမဦးစားပေးအတွဲအဖြစ် အသုံးပြုနေသည်။ အခြားသတင်းတစ်ရပ်တွင် စပါးအသင်းသည် ကစားသမားအပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ရီးရဲမက်ဒရစ်အသင်းကို ဆက်သွယ်လိုက်ကြောင်း၊ ခံစစ်ကစားသမား မီလီတာအိုကို အနာဂတ်တွင် အမြဲတမ်းခေါ်ယူခွင့်နှင့်အတူ အငှားခေါ်ယူလိုနေကြောင်း၊ ဘာနေဗျူးတွင် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် မီလီတာအိုအနေဖြင့် ပထမအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ ၎င်းသည် ရီးရဲမက်ဒရစ်အသင်းသို့ မပြောင်းရွှေ့မီ ပေါ်တိုအသင်း၌ ၂၀၁၈–၂၀၁၉ ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၄၇ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် ယခုအပြောင်းအရွှေ့ကာလတွင် မီလီတာအိုကို ခေါ်ယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ စပါးအသင်းသည် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်ပြီးလျှင် ဇန်နဝါရီ ၁၇ ရက်၌ အမှတ်ပေးဇယားအောက်ဆုံးမှ ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အခြားဆက်စပ်သတင်းအနေဖြင့် နည်းပြမော်ရင်ဟို၏ စပါးအသင်းသည် အသက် ၂၂ နှစ်အရွယ် စတုဂတ်တောင်ပံကစားသမား ဂွန်ဇာလက်စ်ကို ခေါ်ယူရေးတွင် လိဒ်စ်၊ ဂျူဗင်တပ်စ်အသင်းတို့နှင့်အပြိုင် ပါဝင်လာကြောင်း သိရသည်။

**အောင်ဇော်**

# အမေရိကန်လွှတ်တော်အဆောက်အအုံကို စီးနင်းဝင်ရောက်ခဲ့မှုနှင့်ပတ်သက်၍ မိမိတွင်တာဝန်မရှိကြောင်း ထရမ့်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း သမ္မတထရမ့်ကို ထောက်ခံသည့် ဆန္ဒပြပြည်သူများက အမေရိကန်လွှတ်တော်အဆောက်အအုံကို စီးနင်းဝင်ရောက်ခဲ့မှုနှင့်ပတ်သက်၍ ၎င်း၌တာဝန်မရှိကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ထရမ့်သည် ခြောက်ရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီ ၁၂ ရက်တွင် အိမ်ဖြူတော်၌ သတင်းထောက်များရှေ့သို့ လူလုံးထွက်ပြခဲ့သည်။ ဒီမိုကရက်တစ်အမတ်များနှင့်အခြားသူများက ၎င်းကို ပြင်းပြင်းထန်ထန်ပြစ်တင်ဝေဖန်လျက်ရှိသည့် လွှတ်တော်အတွင်း ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ သမ္မတထရမ့်က မှတ်ချက်ပေးခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ၎င်းပြောဆိုခဲ့သည့် မိန့်ခွန်းသည် လုံးဝသင့်လျော်မှန်ကန်သည့် မိန့်ခွန်းဖြစ်ပြီး အောက်လွှတ်တော် ဒီမိုကရက်တစ်အမတ်များက ၎င်းအား ဖြုတ်ချရန် ကြိုးပမ်းခြင်းသည် အလွန်ရယ်စရာကောင်းကြောင်း၊ ထိုသို့လုပ်ဆောင်မှုကြောင့် လူထု၏ဆူပူအုံကြွမှု ပိုမိုဆိုးရွားလာစေကြောင်း ထရမ့်က ထပ်မံပြောကြားခဲ့သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

ဒီမိုကရက်တစ်အမတ်များက ယခုအတိုင်း ဆက်သွားနေမည်ဆိုပါက အနာဂတ်တွင် ၎င်းတို့၏လုပ်ရပ်ကြောင့်ပင် ဆူပူအုံကြွမှုများထပ်ဖြစ်လာနိုင်ပြီး မိမိတို့နိုင်ငံအတွင်း ကြောက်စရာကောင်းသည့် အန္တရာယ်ဖြစ်လာနိုင်ကြောင်း၊ ၎င်းအနေဖြင့် မည်သည့် အကြမ်းဖက်လုပ်ရပ်ကိုမျှ မဖြစ်စေလိုကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

အောက်လွှတ်တော်ကိုယ်စားပြု ဒီမိုကရက်တစ်အမတ်များသည် ဇန်နဝါရီ ၁၂ ရက်က သမ္မတထရမ့်ကို ရာထူးမှဖယ်ရှားရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ချက် အမှတ် ၂၅ ကို အသုံးပြုရန် ဒုတိယသမ္မတ မိုက်ပန့်စ်ကို တောင်းဆိုရန်အတွက် မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် သမ္မတထရမ့်ကို ဖြုတ်ချရန် တောင်းဆိုမှုများအပေါ် ဒုတိယသမ္မတ မိုက်ပန့်စ်အနေဖြင့် တုံ့ပြန်မည့်ဟန်မရှိကြောင်း၊ အမေရိကန်မီဒီယာများက ဖော်ပြကြသည်။ အကယ်၍ ထရမ့် ရုံးတော်မှ ထွက်မသွားလျှင် အောက်လွှတ်တော် ဒီမိုကရက်တစ်အမတ်များက ၎င်းကို တရားစွဲဆိုရန် မဲခွဲဆုံးဖြတ်ကြဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ထိန်းသိမ်းခံထားရသည့် ရေနံတင်သင်္ဘောအရေး အီရန်နှင့် တောင်ကိုရီးယား သဘောတူညီမှုမရသေး

**ဆိုးလ် ဇန်နဝါရီ ၁၃**

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ချွိုင်ဂျုံဂန်၊ ဗဟိုဘဏ် ဥက္ကဋ္ဌ ဟီမက်တီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်တို့သည် ဇန်နဝါရီ ၁၁ ရက်က မြို့တော်တီဟီရန်၌ တောင်ကိုရီးယားရေနံတင်သင်္ဘော အရေးကိစ္စနှင့်ပတ်သက်၍ သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သော်လည်း နှစ်ဦးနှစ်ဖက် သဘောတူညီမှု မရရှိသေးကြောင်း သိရသည်။

ထို့ပြင်ဆွေးနွေးမှုအတွင်း တောင်ကိုရီးယားနိုင်ငံက ပိတ်ဆို့ထားသည့် အီရန်ငွေကြေးနှင့် ပတ်သက်၍လည်း သဘောတူညီမှုမရသေးပေ။ အဆိုပါနေ့ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်က တောင်ကိုရီးယားဘဏ်များသည် တောင်ကိုရီးယားနိုင်ငံတွင် အီရန်၏ငွေကြေးပိုင်ဆိုင်မှုကို နှစ်ပေါင်းများစွာ ကန့်သတ်မှုများလုပ်ဆောင်ခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ အီရန်ဘက်မှ ညှိနှိုင်းမှု အများအပြား လုပ်ဆောင်ခဲ့သော်လည်း အရာမထင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ သို့ဖြစ်၍ ယင်းကိစ္စကြောင့် အီရန်နှင့် တောင်ကိုရီးယားနိုင်ငံ၏ ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းရာတွင် ကြီးမားသည့်အဟန့်အတားဖြစ်လျက်ရှိကြောင်း အီရန်ဘက်မှ ပြောကြားခဲ့မှုကို အီရန်နိုင်ငံပိုင် အိုင်အာအင်န်အေ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ ထို့ပြင် အီရန်နိုင်ငံခြားရေးဝန်ကြီးက တောင်ကိုရီးယားရေနံတင်သင်္ဘောကို ဖမ်းဆီးထိန်းသိမ်းရသည့်အကြောင်းမှာ ပတ်ဝန်းကျင်ညစ်ညမ်းအောင် လုပ်ဆောင်မှုကြောင့် ဖြစ်ကြောင်းနှင့် ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်ကြောင်း အကြောင်းပြချက်ပေးခဲ့သည်။ တောင်ကိုရီးယားက ပတ်ဝန်းကျင်ညစ်ညမ်းအောင် လုပ်ဆောင်သည်ဆိုသော အထောက်အထားပြသရန် အီရန်ကို တောင်းဆိုထားကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက ဖော်ပြသည်။

**ဆင်ဟွာ**



ဇန်နဝါရီ ၆ ရက်က ထိန်းသိမ်းခံ ရေနံတင်သင်္ဘောကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် အီရန်သို့ သွားရောက်သည့် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို အင်ချွန်းလေဆိပ်၌ တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ နှစ်ရက်ဆက်တိုက် ၁၀၀ ကျော်ရှိ

**မနီလာ ဇန်နဝါရီ ၁၃**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၅၃ ဦး ထွက်ပေါ်ခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၄၉၂၇၀၀ အထိ ရှိလာပြီဖြစ်ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ဖော်ပြသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၆ ဦး ထပ်တိုးခဲ့ရာ တစ်နိုင်ငံလုံးသေဆုံးသူ အရေအတွက် စုစုပေါင်း ၉၆၉၉ ဦးအထိ တိုးလာခဲ့ပြီး ရောဂါကြောင့်နေ့စဉ်သေဆုံးသူအရေအတွက် နှစ်ရက်ဆက်တိုက် ၁၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။



နှာခေါင်းစည်းတပ်ဆင်ကာ သွားလာလှုပ်ရှားနေကြသည့် ဖိလစ်ပိုင်ပြည်သူအချို့ကို တွေ့ရစဉ်။

လက်ရှိတွင် ရောဂါပျောက်ကင်းသွားသူ ၃၉၇ ဦးရှိရာ တစ်နိုင်ငံလုံးရှိ ရောဂါပျောက်ကင်းသွားသူ အရေအတွက်စုစုပေါင်း ၄၅၈၅၂၃ ဦး ရှိပြီဖြစ်သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံတွင် ကပ်ရောဂါ စတင်ဖြစ်ပွားသည့် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှစတင်ကာ လက်ရှိအချိန်အထိ ပြည်သူ ၆ ဒသမ ၆၈ သန်းကို ကိုဗစ်-၁၉ စစ်ဆေးမှုဆောင်ရွက်ထားပြီဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်ပြည်သူများအား ထိုးနှံပေးရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးသန်း ၂၀ ကို ဗြိတိန်-ဆွီဒင်ဆေးဝါးကုမ္ပဏီ အက်စ်ထရာဇနီကာမှ ဝယ်ယူရေး သဘောတူညီမှုကိုဇန်နဝါရီ ၁၄ ရက်တွင် လက်မှတ်ထိုးမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# စပိန်နိုင်ငံက ဗြိတိန်မှခရီးသွားများ လာရောက်မှုကို ဖေဖော်ဝါရီ ၂ ရက်အထိ ပိတ်ပင်မည်

**မက်ဒရစ် ဇန်နဝါရီ ၁၃**

ဗြိတိန်နိုင်ငံမှ လာရောက်သည့် ခရီးသွားများကို စပိန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်ပင်ထားမှုကို လာမည့် ဖေဖော်ဝါရီ ၂ ရက်အထိ အချိန်ထပ်တိုးလိုက်ကြောင်း စပိန်အာဏာပိုင်များက ဇန်နဝါရီ ၁၂ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

**ဝင်ရောက်ခွင့်ပိတ်ပင်**

ဗြိတိန်၌ ကူးစက်ဖြစ်ပွားလျက်ရှိသည့် ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးစိတ်အသစ် ကူးစက်မှုအန္တရာယ်ကို စိုးရိမ်ရသည့်အတွက် စပိန်နိုင်ငံက ဗြိတိန်မှ လေကြောင်းနှင့် ရေကြောင်းတို့မှ ခရီးသွားများ လာရောက်မှုကို ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ပိတ်ပင်ခဲ့သည်။ စပိန်နိုင်ငံသားများနှင့် စပိန်တွင် တရားဝင်နေထိုင်ကြသူများကိုသာ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့သည်။

**နှစ်ပတ်ထပ်တိုး**

ဗြိတိန်နိုင်ငံမှ လာရောက်ကာ စပိန်လေဆိပ်များမှတစ်ဆင့် နိုင်ငံတကာသို့သွားရောက်မည့် ခရီးသွားများကိုလည်း ဝင်ရောက်ခွင့်ပိတ်ပင်ခဲ့သည်။ယခင်သတ်မှတ်ထားသည့် ပိတ်ပင်မှုမှာ ဇန်နဝါရီ ၁၉ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ယခုအခါ ယင်းပိတ်ပင်မှုကို ရက်သတ္တ နှစ်ပတ်အချိန်ထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်မှုကို ထိန်းချုပ်ရန် အရေးပေါ်အခြေအနေကြေညာ

**ပေကျင်း ဇန်နဝါရီ ၁၃**

တရုတ်နိုင်ငံတွင် ကိုဗစ် -၁၉ ထိန်းချုပ်ရေး အစီအမံများ ခိုင်မာစွာ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူဦးရေ ၃၇ သန်းရှိသည့် ဟေလုံကျန်းပြည်နယ်၌ ရောဂါကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်ရန် ဇန်နဝါရီ ၁၃ ရက်တွင် အရေးပေါ်အခြေအနေကြေညာလိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့သည့် ၂၀၁၉ ခုနှစ်နှောင်းပိုင်းမှစတင်ကာ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပြီးနောက် အခြေအနေများ ပြန်လည်တည်ငြိမ်မှုရရှိခဲ့သည်။ သို့ရာတွင် မကြာသေးမီရက်သတ္တပတ်များအတွင်း ရောဂါကူးစက်ဖြစ်ပွားမှုများ ထပ်မံတိုးပွားလာသည့်အတွက် သက်ဆိုင်ရာဒေသများ၌ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ဆောင်ရွက်ခဲ့ရပြီး ခရီးသွားလာမှုများကို အလျင်အမြန်ကန့်သတ်ကာ ပြည်သူသန်းပေါင်းများစွာကို ကိုဗစ်-၁၉ စစ်ဆေးမှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့သည်။

ယခုအခါ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသအတွင်းရှိ ပြည်သူသန်း ၂၀ ကျော်တို့မှာ ကန့်သတ်ပိတ်ဆို့မှုအောက် ကျရောက်လျက်ရှိသည်။ ဇန်နဝါရီ ၁၃ ရက်တွင် နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်အစိုးရက အရေးပေါ်အခြေအနေကြေညာလိုက်ပြီး မလိုအပ်ဘဲ ပြည်နယ်အတွင်းမှ ထွက်ခွာသွားလာခြင်းမပြုကြရန် ဒေသခံပြည်သူများအား တိုက်တွန်းထားသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံသို့ လာရောက်မည့် နိုင်ငံတကာခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထားပြရမည်

**တိုကျို ဇန်နဝါရီ ၁၃**

ဂျပန်နိုင်ငံသို့ လာရောက်မည့် နိုင်ငံတကာခရီးသွားများ အနေဖြင့် ၇၂ နာရီအတွင်း စစ်ထားသည့် ကိုဗစ်–၁၉ ကင်းစင်ကြောင်း သက်သေအထောက်အထားပြရမည်ဟု ဂျပန်နိုင်ငံက တောင်းဆိုလိုက်သည်။

တိုကျိုနှင့် အိမ်နီးချင်း ခရိုင်သုံးခုတွင် လွန်ခဲ့သော သီတင်းပတ်က နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာ ပြီးနောက် အဆိုပါပန်ကြားချက်သည် ဇန်နဝါရီ ၁၃ ရက် တွင် စတင်အမိန့်အာဏာသက်ရောက်ခဲ့သည်။

တိုကျိုအနီး နာရီတာလေဆိပ်တွင် ကိုရိုနာဗိုင်းရပ်စ် သီးသန့်ခွဲခြားစောင့်ကြည့်ရေးဆိုင်ရာ တာဝန်ရှိသူများက ဆိုက်ရောက်လာသော ခရီးသည်များ၏ ကိုဗစ်–၁၉ စစ်ဆေး ချက်ရလဒ်များကို စစ်ဆေးပြီး လိုအပ်သည့်ထပ်မံစစ်ဆေး မှုများကိုလည်း ပြုလုပ်လျက်ရှိသည်။

ဂျပန်နိုင်ငံသားများနှင့် နိုင်ငံခြားကျောင်းသားများ အပါအဝင် နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများအနေဖြင့် ကိုဗစ်–၁၉ ကင်းစင်ကြောင်း စစ်ဆေးချက်ကို တင်ပြရ မည်ဖြစ်သည်။

ကိုဗစ်–၁၉ ကင်းစင်ကြောင်း အထောက်အထား မတင်ပြနိုင်ပါက သတ်မှတ်နေရာများတွင် ကိုဗစ်–၁၉ စောင့်ကြည့်စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ဆိုက်ရောက်လာ ပြီးသုံးရက်ပြည့်သည့်နေ့တွင် ကိုဗစ်–၁၉ စစ်ဆေးရမည်ဖြစ် သည်။

ကိုဗစ်–၁၉ ကင်းစင်ကြောင်းအထောက်အထားပြသ နိုင်သော်လည်း ၎င်းတို့အနေဖြင့် ၎င်းတို့၏ အိမ်တွင် သော်လည်းကောင်း အခြားသင့်လျော်ရာနေရာများ တွင်လည်းကောင်း ဆိုက်ရောက်လာသည့်နေ့မှ ၁၄ ရက် အထိ သီးသန့်စောင့်ကြည့်မှု လုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံမှ အလုပ်ကိစ္စဖြင့်ပြန်လည်ရောက်ရှိလာ သော လုပ်ငန်းအကြီးအကဲတစ်ဦးက မိမိအနေဖြင့် ကိုဗစ်– ၁၉ ထောက်ခံစာကို ထုတ်ပေးနိုင်သည့် ဆေးရုံကို ရှာဖွေရ သည်မှာ အခက်အခဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ကိစ္စမှာ ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်သော်လည်း လုပ်ဆောင်ရ မည့်ကိစ္စဖြစ်သည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေရန် သတိပေးထားသည့် ဆိုင်းဘုတ်ကို ဂျပန်လေဆိပ်တစ်ခုတွင် တွေ့ရစဉ်။

# နိုင်ငံတော်အရေးပေါ် ကြေညာချက်ကို ခရိုင်ခုနစ်ခုအထိ တိုးမြှင့်ပြဋ္ဌာန်းရန် ဂျပန်အစိုးရ သတ်မှတ်

**တိုကျို ဇန်နဝါရီ ၁၃**

ဂျပန်အစိုးရသည် ကိုဗစ် –၁၉ ကူးစက် မှုမြင့်တက်နေသည့်အတွက် နိုင်ငံ တော်အရေးပေါ်ကြေညာချက်ကို ခရိုင် ခုနစ်ခုအထိ တိုးမြှင့်ပြဋ္ဌာန်းရန် သတ်မှတ်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါ ရိုရှိဟိဒဲ က ဇန်နဝါရီ ၁၃ ရက်က ပြည်သူလူထု ပါဝင်ရန် ပန်ကြားသည့် သတင်းစာ ရှင်းလင်းပွဲတစ်ခု လုပ်ဆောင်ခဲ့သည်။

နိုင်ငံတော်အရေးပေါ်အခြေအနေ ထပ်မံတိုးမြှင့်လိုက်သည့် ခရိုင်ခုနစ်ခု မှာ အိုဆာကာ၊ ယူဂို၊ ကျိုတို၊ အိုက်ချိ၊ ဂျီဖူ၊ ဖူကူအိုမာနှင့် တိုချီဂီတို့ဖြစ်ကြ သည်။ လတ်တလောတွင် လွန်ခဲ့သော သောကြာနေ့က ပြဋ္ဌာန်းခဲ့သည့် နိုင်ငံ တော် အရေးပေါ်ကြေညာချက်သည် တိုကျိုနှင့် အိမ်နီးချင်း ခရိုင်သုံးခုကို အာဏာသက်ရောက်လျက်ရှိကြောင်း သိရသည်။

ကျွမ်းကျင်သူများက ဇန်နဝါရီ ၁၃ ရက်တွင် စုဝေးခဲ့ပြီး ခရိုင်များတွင် ဖြစ်ပွားနေသည့် ကိုဗစ်–၁၉ အခြေ အနေများကို လေ့လာသုံးသပ်ခဲ့ ကြောင်း သိရသည်။

နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာချက်အရ ပြည်သူများ အနေဖြင့် မလိုအပ်ဘဲ အပြင်ထွက်ခွင့် မရှိသလို ရုံးတက်ရုံးဆင်းလုပ်ရသည့် လုပ်သားထုပမာဏကိုလည်း ၇၀ ရာခိုင်နှုန်းအထိ လျှော့ချလိုက်သလို အကယ်၍ဖြစ်နိုင်ပါက အဝေးမှလုပ် သည့် ပုံစံဖြင့် လုပ်ဆောင်ရမည်ဖြစ် သည်။ စားသောက်ဆိုင်များနှင့် ဘား များအနေဖြင့်လည်း ဖွင့်လှစ်သည့် အချိန်များ လျှော့ချရမည်ဖြစ်သည်။ ထို့အတူ အခမ်းအနားများသို့ တက် ရောက်သည့် လူဦးရေ အရေအတွက် ကိုလည်း ကန့်သတ်ထားကြောင်း သိရသည်။

နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာချက်ကို ဖေဖော်ဝါရီ ၇ ရက် အထိ သတ်မှတ်ပြဋ္ဌာန်းရန် မျှော်လင့် ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်ဝန်ကြီးချုပ် ဆူဂါ ရိုရှိဟိဒဲက ဇန်နဝါရီ ၁၃ ရက်တွင် ပြည်သူလူထုပါဝင်ရန် ပန်ကြားသည့် သတင်းစာရှင်းလင်းပွဲ တစ်ခုပြုလုပ်နေသည်ကို ရုပ်မြင်သံကြားတွင် တွေ့ရစဉ်။

## အင်ဒိုနီးရှားတွင် တစ်နေ့အတွင်း ကိုဗစ်–၁၉ ကူးစက်မှု အများဆုံးစံချိန်တင်

**ဂျကာတာ ဇန်နဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၃ ရက်က နောက်ထပ် ကိုဗစ်–၁၉ ထပ်မံ ကူးစက်ခံရသူ ၁၁၂၇၈ ဦး တိုးလာကြောင်းနှင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ စတင် ကူးစက်ဖြစ်ပွားချိန်မှစကာ တစ်နေ့အတွင်း ကိုဗစ်–၁၉ အများဆုံး ကူးစက် ဖြစ်ပွားမှုအဖြစ် စံချိန်တင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၈၅၈၀၄၃ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၀၆ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့်စုစုပေါင်းသေဆုံးသူ ၂၄၉၅၁ ဦးရှိလာခဲ့သည်။ တစ်ချိန် တည်းမှာပင် နောက်ထပ်ဆေးရုံမှဆင်းသွားသူ ၇၆၅၇ ဦးရှိလာခဲ့ပြီး စုစုပေါင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းသွားသူ ၇၀၃၄၆၄ ဦး ရှိလာခဲ့သည်။

ကိုဗစ်–၁၉ သည် နိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ခုအထိတိုင်အောင် ပျံ့နှံ့ ကူးစက်ဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ဂျကာတာတွင် ၃၄၇၆ ဦး၊ အနောက်ဂျာဗားတွင် ၁၇၅၅ ဦး၊ အလယ်ဂျာဗားတွင် ၁၄၇၅ ဦး၊ အရှေ့ဂျာဗားတွင် ၈၁၅ ဦးနှင့် တောင်ဆူလာဝေဆီတွင် ၆၄၈ ဦး ဖြစ်သည်။

ဂိုရန်တာလိုနှင့် မာလူကူပြည်နယ်နှစ်ခုတွင် ကိုဗစ်–၁၉ အသစ်ကူးစက် ဖြစ်ပွားသူမရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒို တရုတ်နိုင်ငံ၏ ကိုဗစ်– ၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူ

**ဂျကာတာ ဇန်နဝါရီ ၁၃**

အင်ဒိုနီးရှား သမ္မတ ဂျိုကို ဝီဒိုဒိုသည် ဇန်နဝါရီ ၁၃ ရက်က ဂျကာတာရှိ သမ္မတအိမ်တော်တွင် တရုတ်နိုင်ငံ ဆီနိုဗက် ဘိုင်ရွှန်တက်ခ် ကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်– ၁၉ ထိုးနှံမှုကို ခံယူခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သူ ဖြစ်လာသည်။



အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုကို တွေ့ရစဉ်။

အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုသည် ကာကွယ်ဆေး ထိုးနှံမှု ခံယူပုံအဆင့်ဆင့်ကို ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ ကာကွယ်ဆေးထိုးနှံမှု မခံယူခင် သမ္မတ၏ ဆေးဘက်ဆိုင်ရာအဖွဲ့က သမ္မတအား ကျန်းမာရေးမှတ်တမ်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် ကာကွယ်ဆေးထိုးပေးခဲ့ခြင်း ဖြစ်သည်။ ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံ လက်မှတ်ကိုလည်း သမ္မတအား ပေးအပ်ခဲ့သည်။ ထို့နောက် ၁၄ ရက်ကြာပြီးနောက် အဆိုပါ ကာကွယ်ဆေး ထိုးထားသော လက်မှတ်ကို ပြသပြီး ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှု ခံယူရမည်ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့၊ ပြည်သူ့စစ်တပ်မှူးနှင့် အမျိုးသားရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး များကလည်း တရုတ်နိုင်ငံမှ ကိုဗစ်–၁၉ ရောဂါကာကွယ် ဆေးများ ထိုးနှံခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတက ပြည်သူများအားလုံး ကာကွယ် ဆေးအပေါ် ယုံကြည်မှုရှိစေရန် ရည်ရွယ်ပြီး တရုတ်နိုင်ငံမှ ကာကွယ်ဆေးကို ပထမဆုံး အထိုးခံမည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက်က လူမှုကွန်ရက်စာမျက်နှာတွင် ရေးသား ဖော်ပြခဲ့သည်။

တရုတ် ကိုဗစ်–၁၉ ကာကွယ်ဆေးသည် အင်ဒိုနီးရှား နိုင်ငံတွင် တတိယအဆင့် လူတွင်စမ်းသပ်မှုပြုလုပ်ခဲ့ပြီး ထိရောက်သည့်ရလဒ်များရရှိခဲ့သလို ကမ္ဘာ့ကျန်းမာရေး အဖွဲ့က သတ်မှတ်ထားသည့် အခြေခံစံနှုန်း ၅၀ ရာခိုင်နှုန်း အထက် ကျော်လွန်နေသောကြောင့် အင်ဒိုနီးရှားနိုင်ငံ ဆေးဝါးနှင့် စားသောက်ကုန်ဦးစီးဌာနက အဆိုပါကာကွယ် ဆေးကို အရေးပေါ် သုံးစွဲရန် ခွင့်ပြုပေးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယခုသီတင်းပတ်မှစကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းကို စတင်သွားမည်ဖြစ်သည်။ ကာကွယ်ဆေးပထမ ဦးစားပေး ထိုးနှံခံရမည့်သူများမှာ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများဖြစ်ပြီး ၁ ဒသမ ၅ သန်းရှိကြောင်း သိရသည်။

၁၅ လအတွင်း အင်ဒိုနီးရှားပြည်သူ ၁၈၁ သန်းကို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီ ဂူနာဒီဆာဒီခင်က ပြောကြား လိုက်သည်။ **ဆင်ဟွာ**

# တောရိုင်းတိရစ္ဆာန်တို့ရဲ့အသက်ရှင်နေထိုင်မှုကို ခြိမ်းခြောက်လာတဲ့ ပါးစပ်နှာခေါင်းစည်း အဆင်အခြင်မဲ့ စွန့်ပစ်ခြင်း

•••• ခြူးစန္ဒီနွေး ••••

**ကိုဗစ် – ၁၉ ကပ်ရောဂါနဲ့ တစ်ကမ္ဘာလုံးရင်ဆိုင်နေရချိန်မှာ ရောဂါ ပျံ့နှံ့ကူးစက်မှုကနေ ကာကွယ်ဖို့ လူ့အသက်တွေကို ကယ်တင်ဖို့အတွက် ပါးစပ်နှာခေါင်းစည်းဟာ အရေးပါတဲ့အရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ အပြင်ထွက်တဲ့အခါတိုင်း ပါးစပ်နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်ဖို့ အမိန့်ထုတ်ထားရတဲ့နေရာတွေလည်း ကမ္ဘာမှာအများကြီးပါပဲ။**

## စိတ်မကောင်းစရာ

လူ့အသက်တွေကို ကယ်တင်ပေးနိုင်တဲ့ ပါးစပ်နှာခေါင်းစည်းဟာ တောရိုင်းတိရစ္ဆာန်တွေရဲ့ အသက်ရှင်နေထိုင်မှုကို ခြိမ်းခြောက်နေတာကတော့ စိတ်မကောင်းစရာပါပဲ။ ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ဖို့အတွက် ပါးစပ်နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်ရမယ်လို့ နိုင်ငံတွေက အမိန့်ထုတ်လိုက်တဲ့နောက်မှာတော့ လူသွားစင်္ကြံတွေ၊ ရေထဲနဲ့ ကမ်းခြေတွေမှာ စွန့်ပစ်နှာခေါင်းစည်းတွေ ပြန့်ကျဲနေတာကို တွေ့မြင်လာရပါတယ်။ တစ်ကြိမ်အသုံးပြုထားတဲ့ ဒီစွန့်ပစ်နှာခေါင်းစည်းတွေဟာ ပျက်စီးသွားဖို့တော့ နှစ်ရာနဲ့ချီပြီး စောင့်ဆိုင်းရပါတယ်။

## မျောက်တွေအတွက် အန္တရာယ်

ဒီစွန့်ပစ်နှာခေါင်းစည်းတွေဟာ သူ့ဘာသာသူ နေရာအနှံ့ကို ပျံ့နှံ့သွားတာ မဟုတ်ပါဘူး။ လူတွေက အဆင်အခြင်မဲ့စွာ စွန့်ပစ်လိုက်တဲ့အခါမှာတော့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာစေပါတယ်။ ဒီကမ္ဘာကြီးပေါ်မှာ လူသားတွေနဲ့အတူ နေထိုင်နေတဲ့ တောရိုင်းတိရစ္ဆာန်တွေအတွက်လည်း အန္တရာယ်ဖြစ်လာစေတယ်လို့ တိရစ္ဆာန်အခွင့်အရေးအုပ်စုမှ အက်ရှ်လေဖရူနိုက အေအက်ဖ်ပီကို ပြောပါတယ်။ မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူ အပြင်ဘက်မှာရှိတဲ့ တောင်ကုန်းတွေမှာတော့ မျောက်တွေဟာ စွန့်ပစ်ထားတဲ့ ပါးစပ်နှာခေါင်းစည်းတွေကို ဝါးစားနေတာအထိ မြင်တွေ့နေရပါတယ်။

## စင်ရော်ငှက်လေးတို့အဖြစ်

နောက်ပြီး ဗြိတိန်မှာလည်း သတင်းစာခေါင်းကြီးပိုင်းတွေမှာအထိ နေရာယူလာတဲ့သတင်းကို တွေ့မြင်ရပြန်ပါတယ်။ အဲဒီသတင်းကတော့ အာအက်စ်ပီစီအေအဖွဲ့က ကယ်တင်ထားတဲ့ စင်ရော်ငှက်တွေရဲ့ခြေထောက်တွေမှာလည်း စွန့်ပစ်ထားတဲ့ နှာခေါင်းစည်းတွေ ချိတ်မိနေတာကို တွေ့မြင်ရတဲ့သတင်းပါပဲ။ အဲဒီစင်ရော်ငှက်တွေကို တွေ့မြင်ပြီးတဲ့နောက်မှာတော့ တိရစ္ဆာန် စောင့်ရှောက်ရေးအဖွဲ့အတွက် သတိပေးစရာ ဖြစ်လာပါတယ်။ ငှက်တွေရဲ့ခြေထောက်မှာ နှာခေါင်းစည်းတွေ ချိတ်ပါလာတဲ့အတွက် ပျံသန်းရခက်ခဲပြီး မလှုပ်ရှားနိုင်တော့ပါဘူး။ ငှက်တွေဟာ အသက်ရှင်လျက် ရှိနေပေမယ့် ပျံသန်းဖို့ မတတ်နိုင်ဖြစ်နေရတယ်။ အဲဒီစင်ရော်ငှက်တွေကို ပြန်မလွှတ်မီ တောရိုင်းတိရစ္ဆာန် ဆေးရုံမှာကုသမှုပေးခဲ့တယ်လို့ သိရပါတယ်။ နှာခေါင်းစည်းမှာပါတဲ့ မျှော့ကြိုးရစ်ပတ်မှုကြောင့် ငှက်ရဲ့ခြေထောက်တွေမှာ ရောင်ကိုင်းလာရပြီး နာကျင်မှုဝေဒနာကို ခံစားရတာပဲဖြစ်တယ်လို့ အာအက်စ်ပီစီအေအဖွဲ့ စုံစမ်းထောက်လှမ်းသူ အာဒမ်ဂျုံးက ပြောပါတယ်။

## ရေနေသတ္တဝါတို့အတွက် ခြိမ်းခြောက်မှု

စွန့်ပစ်နှာခေါင်းစည်းတွေရဲ့ ခြိမ်းခြောက်မှုအန္တရာယ်ကို အဆိုးဆုံးခံစားရတာကတော့ ရေထဲမှာပိုပြီး ဖြစ်နိုင်ခြေများပါတယ်။ စွန့်ပစ်နှာခေါင်းစည်း၊ ရော်ဘာလက်အိတ်နဲ့ အခြားသော အကာအကွယ် စွန့်ပစ်ပစ္စည်းတွေကြောင့် မြစ်တွေနဲ့ ပင်လယ်တွေကို ညစ်ညမ်းစေပါတယ်။ လွန်ခဲ့တဲ့ နှစ်အတွင်း ကမ္ဘာ့သမုဒ္ဒရာတွေထဲမှာ စွန့်ပစ်နှာခေါင်းစည်း ၁ ဒသမ ၅ ဘီလီယံကျော်လောက် ရောက်နေပါပြီလို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုဖြစ်တဲ့ အိုရှန်းအေးရှားက ပြောပါတယ်။ စွန့်ပစ်နှာခေါင်းစည်းတွေကြောင့် ရေနေသတ္တဝါတွေရဲ့ဘဝကို ခြိမ်းခြောက်နေတယ်ဆိုပြီး သတိပေးမှုတွေ ရှိပြီးသားပါ။ ကမ်းခြေမှာ သောင်တင်လာတဲ့ ပင်ဂွင်းငှက်အသေတစ်ကောင်ရဲ့ဗိုက်ထဲမှာ စွန့်ပစ်နှာခေါင်းစည်းတစ်ခုကို ဘရာဇီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေက တွေ့ရှိခဲ့ကြပါတယ်။

## အန္တရာယ်ကြီးတစ်ခု

နောက်ပြီး မိုင်ယာမီကမ်းရိုးတန်းမှာ တွေ့ရှိရတဲ့ ပင်လယ်ငါးတစ်ကောင်ရဲ့ ဗိုက်ထဲမှာလည်း အလားတူပဲ တွေ့ရှိခဲ့ရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းကလည်း မြေထဲပင်လယ်အနီး ရေငန်အိုင်အတွင်းမှာ ကဏန်းတစ်ကောင်ဟာ ပါးစပ်နှာခေါင်းစည်းအတွင်း ဝင်ပြီးသေနေတာကို တွေ့ရပါတယ်။ ပင်လယ်ထဲမှာနေကြတဲ့ သတ္တဝါတွေအတွက်တော့ နှာခေါင်းစည်းနဲ့ ရော်ဘာလက်အိတ် စွန့်ပစ်အမှိုက်တွေဟာ တကယ့်ကို အန္တရာယ်ကြီးပါပဲလို့ အမေရိကန်အခြေစိုက် သမုဒ္ဒရာထိန်းသိမ်းရေး အင်န်ဂျီအိုအဖွဲ့မှ သိပ္ပံပညာရှင် ဂျော့လီယိုနတ်က ပြောပါတယ်။ စွန့်ပစ်ပလတ်စတစ်ပစ္စည်းတွေဟာ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေပြီး နောက်ပိုင်းမှာသေးငယ်တဲ့ အမှုန်တွေအဖြစ်သို့ ပြောင်းလဲသွားပါတယ်။ အဲဒီအမှုန်တွေဟာ အစားအသောက်ထဲကို ဝင်ရောက်လာပြီး ဂေဟစနစ်တစ်ခုလုံးကို ထိခိုက်စေတယ်လို့ သူကဆက်ပြောပါတယ်။

## စည်းရုံးနေကြ

ကိုဗစ်– ၁၉ ကပ်ရောဂါကနေ ကာကွယ်ဖို့အတွက် ပြန်လည်ပြီးအသုံးပြုနိုင်တဲ့ အဝတ်နှာခေါင်းစည်းတွေ ပြောင်းသုံးဖို့ တိုက်တွန်းမှုတွေရှိလာပေမယ့် အများစုကတော့ ပေါ့ပါးတဲ့တစ်ခါသုံးတွေကို အသုံးပြုဖို့ ရွေးချယ်ကြတုန်းပါပဲ။ နှာခေါင်းစည်းတွေကို စွန့်ပစ်တဲ့အခါ တိရစ္ဆာန်တွေမှာ အန္တရာယ်မကြုံရအောင် မျှော့ကြိုးတွေကို ဖြတ်ထုတ်ပစ်ဖို့၊ စနစ်တကျ စွန့်ပစ်ကြဖို့ စည်းရုံးလှုံ့ဆော်သူတွေက စည်းရုံးနေကြပါတယ်။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူတွေကို အစိုးရအနေနဲ့ ဒဏ်တပ်ပေးဖို့ကိုလည်း အိုရှန်းအေးရှားအဖွဲ့က တောင်းဆိုထားပါတယ်။ နောက်ပြီးတော့ လျှော်ဖွပ်ပြီး ပြန်သုံးလို့ရတဲ့ နှာခေါင်းစည်းကို သုံးစွဲကြဖို့လည်း အဲဒီအဖွဲ့က ဆက်လက်တိုက်တွန်းထားပါတယ်။

## စွန့်ပစ်အမှိုက်အဖြစ် ပင်လယ်တွင် အဆုံးသတ်

ကိုဗစ် – ၁၉ ကို တစ်ကမ္ဘာလုံးက တိုးတက်နေတဲ့အချိန် ရောဂါကာကွယ်ဖို့အတွက် အသုံးပြုရတဲ့ အကာအကွယ်ပစ္စည်းတွေဟာ နောက်ဆုံးမှာတော့ စွန့်ပစ်အမှိုက်တွေအဖြစ် ပင်လယ်ထဲမှာ အဆုံးသတ်ရပါတယ်။ ခန့်မှန်းခြေအားဖြင့်တော့ တစ်ကမ္ဘာလုံးအနှံ့ နှာခေါင်းစည်း ၁၂၉ ဘီလီယံအသုံးပြုနေပြီး ပလတ်စတစ်လက်အိတ် တန်ချိန် ၆၅ ဘီလီယံကို လတိုင်း လတိုင်း အသုံးပြုနေကြပါတယ်။ ဒီစွန့်ပစ်အမှိုက်တွေကို ရေငုပ်သမားတွေနဲ့ လှေလှော်သူတွေ မကြာခဏဆိုသလို တွေ့ရှိနေရပြီး သဘာဝပတ်ဝန်းကျင်အတွက် အန္တရာယ်ဖြစ်ကာ လက်အိတ်၊ နှာခေါင်းစည်းနဲ့ လက်သန့်ဆေးရည်ဘူးအခွံတွေလည်း ကမ်းခြေတွေမှာ သောင်တင်နေတာကို အထင်းသားတွေ့မြင်နေရပါတယ်။

## အထောက်အကူဖြစ်စေ

ဒါဟာ ပင်လယ်သမုဒ္ဒရာရဲ့ဂေဟစနစ်ကို ခြိမ်းခြောက်လာနေပါတယ်။ ပလတ်စတစ်စွန့်ပစ်အမှိုက်ပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ပင်လယ်သမုဒ္ဒရာရဲ့ ကျန်းမာရေး၊ ရာသီဥတုပြောင်းလဲမှုပြဿနာကို ဖြေရှင်းဖို့ရာ အထောက်အကူဖြစ်စေသလို ဇီဝမျိုးကွဲတွေအတွက် အထောက်အကူဖြစ်တဲ့အပြင် ရေရှည်အသက်ရှင်နေထိုင်မှု အတွက်လည်း အထောက်အကူ ဖြစ်စေပါတယ်။ ။

ကိုးကား– အေအက်ဖ်ပီ



မြေထဲပင်လယ်အတွင်းက ရေငုပ်သမားများ တွေ့ရှိခဲ့သည့် စွန့်ပစ်နှာခေါင်းစည်းနှင့် လက်အိတ်များ။



စင်ရော်ငှက်ခြေထောက်တွင် ရစ်ပတ်နေသည့် စွန့်ပစ်နှာခေါင်းစည်းကို တွေ့ရစဉ်။

**“စွန့်ပစ်နှာခေါင်းစည်း၊ ရော်ဘာလက်အိတ်နဲ့ အခြားသောအကာအကွယ် စွန့်ပစ်ပစ္စည်းတွေကြောင့် မြစ်တွေနဲ့ပင်လယ်တွေကို ညစ်ညမ်းစေပါတယ်။ လွန်ခဲ့တဲ့ နှစ်အတွင်း ကမ္ဘာ့သမုဒ္ဒရာတွေထဲမှာ စွန့်ပစ်နှာခေါင်းစည်း ၁ ဒသမ ၅ ဘီလီယံကျော်လောက် ရောက်နေပါပြီလို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အုပ်စုဖြစ်တဲ့ အိုရှန်းအေးရှားက ပြောပါတယ်”**

---

## နိုင်ငံတကာသတင်းတိုထွာ

### ဘရာဇီးနိုင်ငံတွင် ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ နှစ်သိန်းကျော်ရှိလာ

**ဆော်ပိုလို ဇန်နဝါရီ ၁၃**

ဘရာဇီးနိုင်ငံတွင် ဇန်နဝါရီ ၁၁ ရက်က ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၁၁၁၀ ရှိလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၂၀၄၆၉၀ အထိ ရှိလာပြီဖြစ်သည်။

ဘရာဇီးနိုင်ငံ၌ ယင်းနေ့တွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၄၀၂၅ ဦး ရှိလာခဲ့ပြီးနောက် စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၈၁၉၅၆၃၇ ဦးအထိ ရှိလာခဲ့သည်။

ဆော်ပိုလိုသည် ကိုဗစ်–၁၉ ကူးစက်မှုကို အဆိုးဆုံးခံစားနေရသည့် မြို့တော်ဖြစ်သည်။

ဆင်ဟွာ

### လစ်ဗျားနိုင်ငံတွင် ကျောင်းများပြန်လည်ဖွင့်လှစ်သည့်အတွက် ယူနီဆက်ဖ်ကကြိုဆို

**ထရီပိုလီ ဇန်နဝါရီ ၁၃**

လစ်ဗျားနိုင်ငံတွင် ကျောင်းများပြန်ဖွင့်လိုက်ခြင်းကို ကြိုဆိုကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ယူနီဆက်ဖ်က ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ် – ၁၉ရောဂါကြောင့် ကျောင်းများပိတ်ထားရပြီးနောက် ဇန်နဝါရီ ၂ ရက်မှစတင်ကာ ကျောင်းများပြန်ဖွင့်ရန် လစ်ဗျားပညာရေးဝန်ကြီးဌာန၏ ကြေညာမှုကိုကြိုဆိုကြောင်း ယူနီဆက်ဖ်မှ လစ်ဗျားနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အဗ္ဗဒူကာဒီယာမူဆီက ပြောသည်။

ကလေးများစာသင်ကြားမှု ပြန်လည်စတင်တော့မည်ဖြစ်ပြီး ကျောင်းများတွင် ကိုဗစ် – ၁၉ တင်းကျပ်သည့် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဟု ဇန်နဝါရီ ၁၁ ရက်တွင် ယူနီဆက်ဖ်က သတင်းထုတ်ပြန်သည်။

လစ်ဗျားနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၀၅၃၇၈ ဦးရှိပြီး သေဆုံးသူ ၁၅၉၈ ဦးရှိသည်ဟု သိရသည်။ လစ်ဗျားတွင် ၂၀၂၀ မတ်လမှစတင်ကာ ကိုဗစ်– ၁၉ ကူးစက်မှုကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ၂၀၂၀ အလွန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်



အခုဆိုရင် ၂၀၂၀ အလွန် ရှေ့ဆက်သွားမယ့် လမ်းကြောင်းအထင်အရှား၊ အဆင်သင့်ရှိနေပြီဖြစ်တဲ့အချိန်မှာ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေအပြင် NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပူးပေါင်းပါဝင်လာဖို့အတွက် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ကျွန်မတို့ ချဉ်းကပ်မှုအသစ်တွေနဲ့ ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်သွားမှာပါ။ ၂၀၂၀ အလွန်ငြိမ်းချမ်းရေးမှာ လုပ်ငန်းစဉ်ပိုင်းလို့ ဆိုလိုက်တာနဲ့ တရားဝင်အစည်းအဝေးတွေ ရှိသလို၊ အလွတ်သဘောဆွေးနွေးမှုတွေ အရေးပါတာကိုလည်း ကျွန်မတို့ လက်တွေ့ကြုံခဲ့ပြီး ဖြစ်ပါတယ်။ အလားတူပါပဲ၊ အများပြည်သူပါ ပါဝင်ပတ်သက်ခွင့်ရှိရမယ့် လူထုအခန်းကဏ္ဍကိုလည်း အလေးထားပါတယ်။ ဒါဟာ ပါဝင်ရမယ့်သူတွေအားလုံး အကျုံးဝင်ပါဝင်နိုင်အောင် လမ်းဖွင့်ပေးနိုင်ခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ရာမှာလည်း မူဘောင်လမ်းညွှန်မှု၊ လိုအပ်တဲ့ စုဖွဲ့မှု၊ စနစ်နဲ့ယန္တရားတည်ဆောက်မှုစတဲ့ ဒီဇိုင်းပိုင်းကိုလည်း ကျွန်မတို့ အာရုံစိုက်ရပါတယ်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁–၁–၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂၃ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၂–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၈၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၂၃) ဦး တွေ့ရှိ**ရပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၇၆၉) ခု | (၈၅) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၂၇) ခု | (၂၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၇၈) ခု | (၂၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၀၈) ခု | (၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၄၆) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၁၄၂) ခု | (၁) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၄၂) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀၇) ခု | (၂၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅၃) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၉) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၁) ခု | (၁၀၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၆၄၄) ခု | (၂၄၂) ဦး |
| စုစုပေါင်း | (၁၇,၈၂၇) ခု | (၅၂၃) ဦး |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၄–၁–၂၁ | ၅–၁–၂၁ | ၆–၁–၂၁ | ၇–၁–၂၁ | ၈–၁–၂၁ | ၉–၁–၂၁ | ၁၀–၁–၂၁ | ၁၁–၁–၂၁ | ၁၂–၁–၂၁ | ၁၃–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၆,၉၉၀ | ၁၉,၇၇၀ | ၁၇,၂၇၉ | ၁၈,၉၅၃ | ၂၀,၁၆၄ | ၁၉,၈၀၆ | ၁၇,၃၄၃ | ၁၈,၂၅၇ | ၂၁,၇၃၉ | ၁၇,၈၂၇ |
| ပိုးတွေ့ လူနာ | ၅၉၀ | ၆၄၇ | ၅၉၆ | ၅၉၄ | ၇၁၁ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ | ၅၂၃ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၅ | ၃.၃ | ၃.၅ | ၃.၁ | ၃.၅ | ၂.၉ | ၃.၂ | ၃.၂ | ၂.၅ | ၂.၉ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၄–၁–၂၀၂၁)ရက်နေ့မှ (၁၃–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၈,၈၁၃) ခု ဖြစ်ပါသည်။

* **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။**

### မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ (၁၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၈၂၇) ဦး | (၂,၀၅၅,၇၅၇) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၂၃) ဦး | (၁၃၂,၂၆၀) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၆၀) ဦး | (၁၁၅,၆၂၁) ဦး |
| သေဆုံးလူနာ | (၂၄) ဦး | (၂,၉၀၂) ဦး |

- ယနေ့ **သေဆုံးသူ (၂၄) ဦး**အနက် ရောဂါအခံရှိသူ (၂၁) ဦးပါဝင်ပါသည်။
  တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၆၀) ဦးတွင် –
  - ဆေးရုံများ – (၄၄၇) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၁၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၃၆၉) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၃-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၁၂-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၁,၇၃၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၂-၁-၂၁) အထိ | (၃၀-၁၂-၂၀၂၀) ရက်နေ့မှ (၁၂-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | သင်္ဃန်းကျွန်း | ၄၅၁၂ | ၂၁ | ၄ | ၆ | ၂၂ | ၁၀ | ၁၃ | ၃၆ | ၇ | ၂၁ | ၁၂ | ၁၇ | ၇ | ၁၃ | ၁၆ |
| ၂ | မြောက်ဥက္ကလာပ | ၅၈၀၁ | ၂၀ | ၆ | ၁၂ | ၁၁ | ၅ | ၃ | ၁၄ | ၁၅ | ၇ | ၁၈ | ၉ | ၁၂ | ၈ | ၁၄ |
| ၃ | မင်္ဂလာဒုံ | ၅၉၉၅ | ၂၅ | ၂၁ | ၉ | ၁၃ | ၂၁ | ၉ | ၁၄ | ၁၀ | ၂၂ | ၁၈ | ၆ | ၂၅ | ၁၄ | ၁၃ |
| ၄ | မရမ်းကုန်း | ၃၈၂၂ | ၄ | ၁၄ | ၆ | ၆ | ၅ | ၉ | ၅ | ၇ | ၁၅ | ၇ | ၃ | ၁၃ | ၉ | ၁၁ |
| ၅ | တာမွေ | ၂၉၉၈ | ၆ | ၇ | ၅ | ၁၀ | ၁၅ | ၃ | ၁၈ | ၁၁ | ၁၂ | ၈ | ၁ | ၁၁ | ၇ | ၁၀ |
| ၆ | လှိုင်သာယာ | ၄၇၈၄ | ၉ | ၁၃ | ၄ | ၃ | ၅ | ၁၃ | ၆ | ၈ | ၁၅ | ၇ | ၉ | ၄ | ၅ | ၉ |
| ၇ | မှော်ဘီ | ၂၀၉၉ | ၁၀ | ၇ | ၂၁ | ၁၁ | ၂၁ | ၁၄ | ၇ | ၁၁ | ၇ | ၂၈ | ၃ | ၁၀ | ၁၁ | ၇ |
| ၈ | ကြည့်မြင်တိုင် | ၂၀၃၆ | ၀ | ၅ | ၀ | ၃ | ၁ | ၂ | ၂ | ၂ | ၃ | ၈ | ၁ | ၈ | ၁ | ၇ |
| ၉ | ဗဟန်း | ၁၅၄၃ | ၇ | ၃ | ၂ | ၄ | ၆ | ၃ | ၃ | ၄ | ၂ | ၉ | ၂ | ၂ | ၅ | ၇ |
| ၁၀ | တောင်ဥက္ကလာပ | ၂၉၄၄ | ၅ | ၅ | ၂ | ၃ | ၇ | ၁၄ | ၁၀ | ၅ | ၃ | ၁၀ | ၁၁ | ၃ | ၁ | ၆ |
| ၁၁ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၂၈၄ | ၁၄ | ၁၃ | ၆ | ၁၉ | ၅ | ၆ | ၉ | ၇ | ၉ | ၁၁ | ၅ | ၁၅ | ၁၀ | ၆ |
| ၁၂ | ကျောက်တန်း | ၉၄၂ | ၂ | ၃ | ၁ | ၁၀ | ၀ | ၆ | ၄ | ၇ | ၁၀ | ၂ | ၄ | ၇ | ၂ | ၆ |
| ၁၃ | လသာ | ၇၈၄ | ၀ | ၁ | ၀ | ၁ | ၀ | ၄ | ၀ | ၁ | ၂ | ၁ | ၄ | ၂ | ၂ | ၆ |
| ၁၄ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၁၅၈ | ၈ | ၁၆ | ၁၄ | ၆ | ၅ | ၃ | ၁၆ | ၁၀ | ၁၇ | ၂ | ၇ | ၃ | ၃ | ၅ |
| ၁၅ | လှိုင် | ၂၉၅၀ | ၂ | ၃ | ၁၄ | ၀ | ၂ | ၁ | ၂ | ၇ | ၈ | ၅ | ၄ | ၂ | ၄ | ၅ |
| ၁၆ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၂၃ | ၁၁ | ၇ | ၄ | ၂ | ၀ | ၄ | ၇ | ၁၁ | ၄ | ၃ | ၃၄ | ၆၁ | ၁၄ | ၅ |
| ၁၇ | ရန်ကင်း | ၁၂၈၃ | ၄ | ၂ | ၄ | ၃ | ၀ | ၄ | ၆ | ၈ | ၇ | ၄ | ၆ | ၄ | ၄ | ၅ |
| ၁၈ | စမ်းချောင်း | ၂၀၁၄ | ၂ | ၁၅ | ၂ | ၃ | ၅ | ၁၁ | ၃ | ၅ | ၁၀ | ၅ | ၆ | ၇ | ၃ | ၄ |
| ၁၉ | ရွှေပြည်သာ | ၃၇၈၃ | ၅ | ၁၇ | ၂ | ၈ | ၅ | ၁ | ၂ | ၅ | ၉ | ၃ | ၆ | ၆ | ၁ | ၃ |
| ၂၀ | သန်လျင် | ၂၈၄၁ | ၅ | ၁၆ | ၅ | ၁ | ၆ | ၃ | ၂ | ၂ | ၆ | ၅ | ၁၂ | ၄ | ၆ | ၃ |
| ၂၁ | မင်္ဂလာတောင်ညွန့် ** | ၁၈၂၆ | ၂ | ၂ | ၂ | ၅ | ၂ | ၁ | ၅ | ၈ | ၃ | ၁ | ၃ | ၄ | ၂ | ၃ |
| ၂၂ | လမ်းမတော် | ၁၂၇၂ | ၁ | ၃ | ၀ | ၁ | ၂ | ၇ | ၀ | ၁၀ | ၄ | ၁ | ၂ | ၂ | ၃ | ၃ |
| ၂၃ | အလုံ | ၁၀၈၃ | ၃ | ၀ | ၀ | ၆ | ၄ | ၃ | ၂ | ၁ | ၂ | ၃ | ၂ | ၁ | ၁ | ၃ |
| ၂၄ | တွံတေး | ၉၂၃ | ၀ | ၄ | ၁ | ၃ | ၃ | ၁ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၃ |
| ၂၅ | ဒဂုံ | ၆၉၄ | ၂ | ၃ | ၂ | ၁ | ၁ | ၂ | ၂ | ၃ | ၂ | ၀ | ၁ | ၁ | ၂ | ၃ |
| ၂၆ | သုံးခွ | ၄၁၉ | ၂ | ၀ | ၁ | ၂ | ၁ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၃ |
| ၂၇ | ကမာရွတ် | ၂၄၇၃ | ၁၀ | ၆ | ၁ | ၄ | ၆၅ | ၃ | ၃ | ၃ | ၄ | ၃ | ၁၃ | ၈ | ၂ | ၂ |
| ၂၈ | ဗိုလ်တထောင် | ၁၁၆၆ | ၁ | ၁ | ၃ | ၃ | ၀ | ၂ | ၁ | ၂ | ၆ | ၂ | ၂ | ၁ | ၁ | ၂ |
| ၂၉ | လှည်းကူး | ၁၁၀၈ | ၃၀ | ၃ | ၁ | ၀ | ၆ | ၄ | ၁ | ၃ | ၁၈ | ၄ | ၅ | ၂ | ၆ | ၂ |
| ၃၀ | တိုက်ကြီး | ၆၅၄ | ၄ | ၂ | ၁ | ၃ | ၂ | ၀ | ၃ | ၁ | ၄ | ၁ | ၂ | ၄ | ၀ | ၂ |
| ၃၁ | ဆိပ်ကြီးခနောင်တို | ၄၃၈ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၂ |
| ၃၂ | ခရမ်း | ၄၃၆ | ၄ | ၁ | ၀ | ၂ | ၁ | ၁ | ၃ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၂ |
| ၃၃ | ကော့မှူး | ၃၁၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၂ |
| ၃၄ | ဒဂုံဆိပ်ကမ်း | ၁၂၄၇ | ၄ | ၁ | ၀ | ၁ | ၃ | ၈ | ၄ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၁ |
| ၃၅ | ပန်းဘဲတန်း | ၈၇၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၃ | ၅ | ၄ | ၁ | ၀ | ၁ |
| ၃၆ | ကျောက်တံတား ** | ၆၃၂ | ၀ | ၆ | ၁ | ၃ | ၁ | ၁ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၁ |
| ၃၇ | အင်းစိန် | ၄၅၈၆ | ၁၉ | ၁၃ | ၁ | ၂၈ | ၈ | ၅ | ၂ | ၈ | ၄ | ၁၀ | ၉ | ၇ | ၄ | ၀ |
| ၃၈ | သာကေတ | ၂၃၇၆ | ၁၂ | ၂ | ၃ | ၆ | ၃ | ၅ | ၃ | ၃ | ၈ | ၄ | ၃ | ၀ | ၉ | ၀ |
| ၃၉ | ဒလ | ၁၄၁၀ | ၁ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၀ | ၀ | ၀ |
| ၄၀ | ဒေါပုံ | ၁၀၉၉ | ၈ | ၁ | ၀ | ၆ | ၄ | ၀ | ၄ | ၃ | ၁ | ၃ | ၃ | ၂ | ၂ | ၀ |
| ၄၁ | ပုဇွန်တောင် | ၈၀၂ | ၁၀ | ၀ | ၂ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၄၂ | ထန်းတပင် | ၆၃၉ | ၁၃ | ၁ | ၀ | ၃ | ၁ | ၂ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ |
| ၄၃ | ကွမ်းခြံကုန်း | ၂၉၃ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၁ | ၀ | ၄ | ၃ | ၀ |
| | * | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၈၅၃၈၉ | ၂၈၇ | ၂၂၉ | ၁၃၉ | ၂၂၀ | ၂၃၂ | ၁၇၄ | ၂၁၀ | ၁၉၃ | ၂၅၂ | ၂၂၃ | ၂၀၃ | ၂၄၆ | ၁၆၅ | ၁၈၃ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | ချမ်းအေးသာစံ | ၂၆၃၂ | ၃ | ၃၈ | ၁၂ | ၂၂ | ၃၃ | ၁၂ | ၁၉ | ၂၅ | ၁၅ | ၂၄ | ၁၂ | ၁၃ | ၂၀ | ၂၀ |
| ၄၅ | အောင်မြေသာစံ | ၂၄၁၇ | ၄ | ၃၇ | ၁၃ | ၁၁ | ၂၆ | ၁၀ | ၁၃ | ၂၁ | ၂၁ | ၂၂ | ၁၅ | ၁၁ | ၉ | ၁၇ |
| ၄၆ | မဟာအောင်မြေ | ၂၄၂၅ | ၅ | ၅၁ | ၇ | ၁၅ | ၁၅ | ၂၂ | ၂၀ | ၁၄ | ၄ | ၁၅ | ၁၄ | ၁၆ | ၁၀ | ၁၅ |
| ၄၇ | ချမ်းမြသာစည် | ၁၈၈၁ | ၇ | ၃၀ | ၁၀ | ၂၄ | ၆ | ၃၀ | ၁၃ | ၁၄ | ၁၄ | ၂၄ | ၂၃ | ၂၀ | ၂၆ | ၁၄ |
| ၄၈ | ပြည်ကြီးတံခွန် | ၉၂၉ | ၃ | ၃၁ | ၁ | ၁၄ | ၇ | ၁၃ | ၉ | ၁၃ | ၁၁ | ၁၇ | ၁၂ | ၁၁ | ၁၄ | ၁၁ |
| ၄၉ | တောင်သာ | ၂၃၃ | ၀ | ၀ | ၁ | ၄ | ၃ | ၂ | ၁၄ | ၀ | ၇ | ၁၂ | ၃ | ၆ | ၇ | ၉ |
| ၅၀ | မတ္တရာ | ၁၁၅ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၂ | ၁ | ၀ | ၃ | ၉ |
| ၅၁ | အမရပူရ | ၁၅၆၈ | ၂ | ၁၈ | ၁၂ | ၁၉ | ၁၃ | ၁၃ | ၁၂ | ၁၄ | ၉ | ၂၀ | ၉ | ၁၀ | ၁၈ | ၆ |
| ၅၂ | တံတားဦး | ၉၉ | ၂ | ၄ | ၀ | ၀ | ၁ | ၃ | ၂ | ၈ | ၀ | ၆ | ၃ | ၂ | ၁ | ၅ |
| ၅၃ | ပုသိမ်ကြီး | ၆၂၈ | ၁ | ၃၉ | ၄ | ၁၂ | ၂၄ | ၁၈ | ၇ | ၆ | ၃ | ၆ | ၆ | ၁၀ | ၄ | ၃ |
| ၅၄ | မိတ္ထီလာ | ၂၂၆ | ၁ | ၆ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၆ | ၀ | ၁ | ၁ | ၀ | ၃ |
| ၅၅ | ပြင်ဦးလွင် | ၁၈၇ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၁ | ၃ | ၄ | ၆ | ၂ | ၄ | ၃ |
| ၅၆ | ကျောက်ဆည် | ၁၆၇ | ၁ | ၆ | ၀ | ၉ | ၂ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၂ | ၁ | ၂ |
| ၅၇ | နွားထိုးကြီး | ၉၆ | ၁ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၂ |
| ၅၈ | မြစ်သား | ၉၁ | ၀ | ၄ | ၀ | ၁ | ၄ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၂ | ၄ | ၂ |
| ၅၉ | စဉ့်ကိုင် | ၂၈၃ | ၉ | ၇ | ၀ | ၀ | ၃ | ၃ | ၉ | ၆ | ၀ | ၂ | ၄ | ၁ | ၁ | ၁ |
| ၆၀ | ညောင်ဦး | ၁၃၃ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၁ | ၁ |
| ၆၁ | ဝမ်းတွင်း | ၈၃ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၀ | ၁ | ၀ | ၃ | ၁ | ၁ | ၂ | ၁ |
| ၆၂ | မြင်းခြံ | ၄၅၄ | ၇ | ၁၇ | ၆ | ၆ | ၀ | ၉ | ၈ | ၁၀ | ၀ | ၁၂ | ၅ | ၁၁ | ၁ | ၀ |
| ၆၃ | ကျောက်ပန်းတောင်း | ၁၄၂ | ၀ | ၄ | ၀ | ၀ | ၂ | ၈ | ၂ | ၀ | ၁ | ၁ | ၀ | ၃ | ၁၁ | ၀ |
| ၆၄ | သာစည် | ၁၁၆ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၀ |
| ၆၅ | ပျော်ဘွယ် | ၁၀၇ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ |
| ၆၆ | ရမည်းသင်း | ၉၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၆၇ | ငါန်းဇွန် | ၇၂ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၆၈ | မလှိုင် | ၄၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၉ | မိုးကုတ် | ၄၂ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၇၀ | သပိတ်ကျင်း | ၄၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၅ | ၀ |
| ၇၁ | စဉ့်ကူး | ၁၇ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၅၃၁၈ | ၄၉ | ၂၉၈ | ၆၉ | ၁၄၃ | ၁၅၀ | ၁၄၉ | ၁၃၈ | ၁၄၀ | ၁၀၅ | ၁၇၈ | ၁၂၂ | ၁၂၅ | ၁၄၃ | ၁၂၄ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပဲခူး | ၃၁၄၈ | ၄၇ | ၄၆ | ၄၄ | ၂၅ | ၇၁ | ၅၀ | ၂၇ | ၉၁ | ၂၈ | ၅၂ | ၂၈ | ၂၉ | ၂၀ | ၂၆ |
| ၇၃ | ကျောက်တံခါး | ၃၃၄ | ၁ | ၂ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁၁ |
| ၇၄ | ဖြူး | ၄၂၁ | ၃ | ၄ | ၄ | ၄ | ၁၃ | ၂ | ၁၀ | ၅ | ၁ | ၁၄ | ၄ | ၆ | ၀ | ၄ |
| ၇၅ | ရွှေတောင် | ၁၇၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၃ |
| ၇၆ | ဒိုက်ဦး | ၂၂၁ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၅ | ၄ | ၂ | ၀ | ၂ | ၂ |
| ၇၇ | ပြည် | ၂၀၈ | ၀ | ၀ | ၄ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၅ | ၂ |
| ၇၈ | သာယာဝတီ | ၅၁၄ | ၄ | ၀ | ၀ | ၁ | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁၁ | ၀ | ၁ | ၁ |
| ၇၉ | သနပ်ပင် | ၁၈၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁၅ | ၀ | ၀ | ၁ | ၁ |
| ၈၀ | အုတ်တွင်း | ၁၁၂ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၈၁ | လက်ပံတန်း | ၄၆၀ | ၀ | ၉ | ၁၁ | ၂ | ၀ | ၃ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၀ | ၀ |
| ၈၂ | ဝေါ | ၄၂၉ | ၀ | ၃ | ၀ | ၀ | ၁ | ၁ | ၅ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၈၃ | ကဝ | ၃၇၅ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၈၄ | မင်းလှ | ၂၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၅ | ညောင်လေးပင် | ၂၄၂ | ၀ | ၁ | ၃ | ၄ | ၁ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၁၃ | ၀ | ၀ |
| ၈၆ | အုတ်ဖို | ၁၉၄ | ၁ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ |
| ၈၇ | တောင်ငူ | ၁၈၄ | ၂ | ၀ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၈၈ | ရေတာရှည် | ၁၇၀ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၈၉ | နတ်တလင်း | ၁၃၃ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၃ | ၀ | ၀ |
| ၉၀ | ကြို့ပင်ကောက် | ၁၂၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၁ | မိုးညို | ၁၁၅ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၂ | ပေါင်းတည် | ၁၁၅ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ |
| ၉၃ | ပန်းတောင်း | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | သဲကုန်း | ၉၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ |
| ၉၅ | ဇီးကုန်း | ၇၉ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၉၆ | ရွှေကျင် | ၇၂ | ၀ | ၀ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ထန်းတပင် | ၄၉ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ပေါက်ခေါင်း | ၄၇ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၈၅၇၀ | ၆၈ | ၇၃ | ၆၉ | ၄၁ | ၁၁၀ | ၈၁ | ၅၃ | ၁၀၁ | ၄၇ | ၉၄ | ၅၇ | ၅၆ | ၃၁ | ၅၁ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | ဘိုကလေး | ၂၆၀ | ၀ | ၁ | ၀ | ၀ | ၂ | ၁ | ၁ | ၁၁ | ၁၃ | ၄ | ၀ | ၁ | ၀ | ၂၈ |
| ၁၀၁ | ဟင်္သာတ | ၆၆၂ | ၁၁ | ၅၄ | ၁၂ | ၂ | ၅ | ၂၇ | ၄ | ၁၄ | ၃ | ၇ | ၇ | ၃၂ | ၆၉ | ၁၀ |
| ၁၀၂ | ပုသိမ် | ၇၂၂ | ၄ | ၁၁ | ၈ | ၁၅ | ၁၂ | ၆ | ၁၂ | ၈ | ၂၁ | ၆ | ၄ | ၃ | ၁၀ | ၉ |
| ၁၀၃ | အင်္ဂပူ | ၁၀၅ | ၁ | ၃ | ၀ | ၁ | ၁၅ | ၁ | ၀ | ၃ | ၂၈ | ၃ | ၀ | ၇ | ၀ | ၇ |
| ၁၀၄ | ဒေးဒရဲ | ၄၁၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၀၅ | မြောင်းမြ | ၂၁၅ | ၅ | ၀ | ၀ | ၃ | ၅ | ၀ | ၀ | ၃ | ၄ | ၀ | ၂ | ၀ | ၂ | ၃ |
| ၁၀၆ | ဓနုဖြူ | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၅ | ၂ | ၀ | ၃ |
| ၁၀၇ | ညောင်တုန်း | ၂၄၁ | ၀ | ၁ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၀၈ | အိမ်မဲ | ၆၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၉ | မအူပင် | ၅၀၄ | ၀ | ၁ | ၂ | ၀ | ၁ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၀ | မော်လမြိုင်ကျွန်း | ၄၉၄ | ၁၁ | ၀ | ၂ | ၀ | ၉ | ၀ | ၁ | ၈ | ၁ | ၀ | ၁ | ၀ | ၃ | ၀ |
| ၁၁၁ | ကျုံပျော် | ၂၇၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ |
| ၁၁၂ | ကျိုက်လတ် | ၂၄၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၄ | ၀ | ၀ | ၀ |
| ၁၁၃ | လပွတ္တာ | ၂၄၃ | ၁ | ၁၁ | ၀ | ၀ | ၂ | ၂ | ၁၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၄ | ဖျာပုံ | ၂၂၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၅ | ရေကြည် | ၁၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၆ | ဝါးခယ်မ | ၁၀၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | ကျောင်းကုန်း | ၈၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၄ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၈ | ကန်ကြီးထောင့် | ၆၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | လေးမျက်နှာ | ၄၆ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၁၂၀ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | ဇလွန် | ၃၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၂ | ပန်းတနော် | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၃ | ကြံခင်း | ၃၃ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၄ | ၀ | ၀ |
| ၁၂၄ | သာပေါင်း | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၅၃၇၂ | ၃၄ | ၈၅ | ၂၇ | ၂၂ | ၅၆ | ၅၀ | ၃၆ | ၆၀ | ၇၇ | ၂၂ | ၂၅ | ၅၂ | ၈၇ | ၆၅ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | စစ်တွေ | ၁၅၄၅ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၈ | ၃ | ၀ | ၅ | ၀ | ၀ | ၅ | ၅ |
| ၁၂၇ | တောင်ကုတ် | ၁၈၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၂၈ | ကျောက်ဖြူ | ၄၄၅ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ |
| ၁၂၉ | မောင်တော | ၃၉၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၀ | ကျောက်တော် | ၂၆၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၁ | မြောက်ဦး | ၂၅၉ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၂ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | အမ်း | ၁၇၀ | ၁ | ၀ | ၁ | ၁၈ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| ၁၃၄ | ရသေ့တောင် | ၁၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | ပေါက်တော | ၁၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | သံတွဲ | ၁၁၇ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၄၂၀၈ | ၂ | ၆ | ၃ | ၂၁ | ၅ | ၃ | ၁၂ | ၇ | ၀ | ၉ | ၂ | ၁ | ၅ | ၆ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | အောင်လံ | ၅၈၉ | ၉ | ၁ | ၁ | ၁၀ | ၃ | ၄ | ၂ | ၁ | ၄ | ၀ | ၁၂ | ၂ | ၁ | ၈ |
| ၁၄၄ | မကွေး | ၃၉၀ | ၈ | ၀ | ၀ | ၈ | ၁ | ၉ | ၆ | ၁၀ | ၈ | ၆ | ၀ | ၂ | ၀ | ၂ |
| ၁၄၅ | စလင်း | ၂၇၃ | ၀ | ၀ | ၀ | ၁၄ | ၆ | ၁ | ၁၉ | ၂ | ၁ | ၀ | ၁၂ | ၁၁ | ၀ | ၂ |
| ၁၄၆ | ရေနံချောင်း | ၁၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၂ |
| ၁၄၇ | ပခုက္ကူ | ၁၃၁ | ၂ | ၁ | ၀ | ၃ | ၁ | ၃ | ၂ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၂ |
| ၁၄၈ | မြိုင် | ၈၈ | ၁ | ၂ | ၀ | ၃ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၄ | ၀ | ၁ | ၂ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၂-၁-၂၁) အထိ | (၃၀-၁၂-၂၀၂၀) ရက်နေ့မှ (၁၂-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ |
| ၁၄၉ | ဆိပ်ဖြူ | ၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၆ | ၅ | ၁ | ၂ | ၁ |
| ၁၅၀ | မင်းလှ | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၁ |
| ၁၅၁ | တောင်တွင်းကြီး | ၂၄၆ | ၁ | ၁ | ၀ | ၄ | ၅ | ၅ | ၂ | ၀ | ၁ | ၁ | ၃ | ၁ | ၀ | ၀ |
| ၁၅၂ | မြို့သစ် | ၂၃၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၃ | မင်းဘူး | ၂၁၁ | ၀ | ၁ | ၀ | ၃ | ၀ | ၁ | ၆ | ၃ | ၁ | ၀ | ၄ | ၃ | ၀ | ၀ |
| ၁၅၄ | နတ်မောက် | ၁၉၈ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၅၅ | ချောက် | ၁၂၇ | ၀ | ၀ | ၀ | ၂ | ၁ | ၁၁ | ၂ | ၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ |
| ၁၅၆ | ပွင့်ဖြူ | ၈၃ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ |
| ၁၅၇ | ဂန့်ဂေါ | ၆၉ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၈ | သရက် | ၆၈ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၅၉ | ဆင်ပေါင်ဝဲ | ၃၉ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၆၀ | ရေစကြို | ၃၆ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ |
| ၁၆၁ | ပေါက် | ၃၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၃၁၀၅ | ၂၄ | ၆ | ၂ | ၅၆ | ၂၀ | ၄၀ | ၄၇ | ၁၉ | ၁၇ | ၁၆ | ၆၂ | ၂၃ | ၆ | ၂၀ |
| **၇။** | **မွန်ပြည်နယ်** | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင် | ၁၂၈၈ | ၁၃ | ၁၅ | ၁၇ | ၁၀ | ၄၂ | ၂၀ | ၂၈ | ၂၃ | ၂၉ | ၄၂ | ၂၉ | ၉ | ၃၉ | ၂၆ |
| ၁၆၉ | မုဒုံ | ၆၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၂ | ၃ |
| ၁၇၀ | သထုံ | ၄၇၄ | ၂ | ၂ | ၀ | ၁ | ၂ | ၀ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၇၁ | ကျိုက်မရော | ၆၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၁ |
| ၁၇၂ | ချောင်းဆုံ | ၄၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၇၃ | ကျိုက်ထို | ၃၀၈ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၄ | ဘီးလင်း | ၁၆၅ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၁၇၅ | ပေါင် | ၁၃၂ | ၄ | ၀ | ၄ | ၀ | ၃ | ၁ | ၄ | ၀ | ၁ | ၂ | ၂ | ၁ | ၁ | ၀ |
| ၁၇၆ | ရေး | ၁၀၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၇ | သံဖြူဇရပ် | ၆၃ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၂၇၀၈ | ၂၂ | ၂၃ | ၂၁ | ၁၂ | ၄၉ | ၂၂ | ၃၈ | ၂၆ | ၃၆ | ၄၉ | ၃၄ | ၁၀ | ၄၂ | ၃၂ |
| **၈။** | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၁၇၈ | မုံရွာ | ၁၇၂ | ၄ | ၂ | ၄ | ၅ | ၁ | ၅ | ၀ | ၃ | ၀ | ၂ | ၇ | ၅ | ၃ | ၇ |
| ၁၇၉ | စစ်ကိုင်း | ၄၈၉ | ၂ | ၁၈ | ၀ | ၁ | ၁ | ၉ | ၂ | ၂ | ၁၁ | ၁ | ၃ | ၆ | ၂ | ၄ |
| ၁၈၀ | ကလေး | ၄၁၆ | ၁ | ၆ | ၀ | ၃ | ၂ | ၁ | ၄ | ၀ | ၀ | ၉ | ၂ | ၂ | ၆ | ၄ |
| ၁၈၁ | တမူး | ၉၇ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၂ | ၀ | ၄ | ၁ | ၄ | ၄ | ၀ | ၄ |
| ၁၈၂ | ဝက်လက် | ၃၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၈၃ | ဆားလင်းကြီး | ၆၇ | ၀ | ၀ | ၁၁ | ၄ | ၀ | ၀ | ၃ | ၀ | ၀ | ၆ | ၁ | ၀ | ၀ | ၂ |
| ၁၈၄ | ကန့်ဘလူ | ၇၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၁ |
| ၁၈၅ | ဟုမ္မလင်း | ၃၁ | ၅ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၈၆ | ကျွန်းလှ | ၂၁ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၈၇ | မြောင် | ၁၈ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ |
| ၁၈၈ | ရွှေဘို | ၂၁၂ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၈ | ၁ | ၂ | ၅ | ၃ | ၀ | ၆ | ၀ |
| ၁၈၉ | ယင်းမာပင် | ၈၅ | ၂ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၀ | တန့်ဆည် | ၄၈ | ၁ | ၅ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၉၁ | အင်းတော် | ၃၉ | ၀ | ၅ | ၀ | ၀ | ၀ | ၁၀ | ၁ | ၂ | ၀ | ၃ | ၂ | ၀ | ၀ | ၀ |
| ၁၉၂ | ဒီပဲယင်း | ၃၆ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၃ | ချောင်းဦး | ၃၆ | ၀ | ၀ | ၁ | ၀ | ၁ | ၂ | ၁ | ၃ | ၀ | ၁ | ၁ | ၀ | ၁ | ၀ |
| ၁၉၄ | ပုလဲ | ၃၅ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၉၅ | ရေဦး | ၃၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၆ | မင်းကင်း | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၇ | ကောလင်း | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| ၁၉၈ | မြင်းမူ | ၂၇ | ၀ | ၅ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၉၉ | ကသာ | ၂၆ | ၀ | ၁ | ၀ | ၃ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၀၀ | ခင်ဦး | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၁ | ကနီ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၂ | ဘုတလင် | ၂၅ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၀၃ | အရာတော် | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၀၄ | ကလေးဝ | ၉ | ၀ | ၁ | ၀ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၅ | ဝန်းသို | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၃ | ၀ | ၀ | | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၂၁၈၂ | ၂၀ | ၅၆ | ၂၀ | ၃၀ | ၁၄ | ၃၁ | ၂၂ | ၁၁ | ၂၀ | ၃၅ | ၂၅ | ၂၁ | ၂၅ | ၂၈ |
| **၉။** | **ကရင်ပြည်နယ်** | | | | | | | | | | | | | | | |
| ၂၁၄ | ဘားအံ | ၅၃၁ | ၁၃ | ၀ | ၉ | ၀ | ၁ | ၂ | ၃၂ | ၁ | ၁ | ၃၀ | ၂ | ၀ | ၁ | ၀ |
| ၂၁၅ | မြဝတီ | ၃၇၈ | ၀ | ၀ | ၀ | ၀ | ၁၂ | ၂ | ၁ | ၀ | ၁၂ | ၃ | ၀ | ၀ | ၁၁ | ၀ |
| ၂၁၆ | ကော့ကရိတ် | ၂၁၇ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၁၇ | လှိုင်းဘွဲ့ | ၇၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | ကြာအင်းဆိပ်ကြီး | ၁၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | သံတောင်ကြီး | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၂၂၇ | ၁၈ | ၀ | ၉ | ၀ | ၁၃ | ၄ | ၃၃ | ၁ | ၁၅ | ၃၇ | ၂ | ၀ | ၁၃ | ၀ |
| **၁၀။** | **နေပြည်တော်** | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၄၇၂ | ၃၀ | ၃၇ | ၃၀ | ၁၃ | ၂၅ | ၀ | ၂၆ | ၁ | ၈ | ၀ | ၆ | ၂ | ၂၅ | ၁၉ |
| ၂၂၂ | ဇမ္ဗူသီရိ | ၂၂၅ | ၃ | ၂ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၀ |
| ၂၂၃ | ပုဗ္ဗသီရိ | ၁၁၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၂၂၄ | လယ်ဝေး | ၁၀၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၂၅ | ပျဉ်းမနား | ၉၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၂၆ | တပ်ကုန်း | ၄၈ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၂၇ | ဥတ္တရသီရိ | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | * | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၁၃၃ | ၃၄ | ၄၁ | ၃၁ | ၁၄ | ၂၇ | ၃ | ၃၅ | ၃ | ၁၀ | ၆ | ၆ | ၅ | ၂၇ | ၁၉ |
| **၁၁။** | **ကချင်ပြည်နယ်** | | | | | | | | | | | | | | | |
| ၂၂၉ | ဖားကန့် | ၄၃၂ | ၁၀ | ၂ | ၀ | ၀ | ၀ | ၄ | ၁ | ၆ | ၄ | ၁ | ၂ | ၂ | ၂ | ၆ |
| ၂၃၀ | မြစ်ကြီးနား | ၁၀၄ | ၂ | ၄ | ၄ | ၁ | ၀ | ၁၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၂ |
| ၂၃၁ | မိုးကောင်း | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၃၂ | ဝိုင်းမော် | ၁၄ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၃၃ | မိုးညှင်း | ၄၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၄ | ရွှေကူ | ၂၁ | ၀ | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၃၅ | ဗန်းမော် | ၁၈ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၃၆ | မိုးမောက် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | ပူတာအို | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၆၆၀ | ၁၂ | ၆ | ၄ | ၃ | ၁၀ | ၁၆ | ၄ | ၆ | ၇ | ၂ | ၄ | ၂ | ၈ | ၁၀ |
| **၁၂။** | **ချင်းပြည်နယ်** | | | | | | | | | | | | | | | |
| ၂၄၀ | ဖလမ်း | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၃ |
| ၂၄၁ | တီးတိန် | ၁၂၃ | ၀ | ၀ | ၁၄ | ၀ | ၅ | ၄ | ၂ | ၇ | ၀ | ၉ | ၁ | ၀ | ၂၀ | ၁ |
| ၂၄၂ | ကန်ပက်လက် | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၄၃ | မင်းတပ် | ၄၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | မတူပီ | ၂၉ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၅ | ပလက်ဝ | ၂၆ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၄၆ | တွန်းဇံ | ၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၄၇ | ဟားခါး | ၂၃ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၄၈ | ထန်တလန် | ၅ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| | **စုစုပေါင်း** | ၃၀၀ | ၀ | ၃ | ၁၄ | ၈ | ၇ | ၄ | ၂ | ၉ | ၀ | ၉ | ၂ | ၂ | ၂၅ | ၅ |
| **၁၃။** | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၂၄၉ | လောင်းလုံ | ၄၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၅၀ | မြိတ် | ၃၀၂ | ၁ | ၁၇ | ၀ | ၀ | ၅ | ၀ | ၃ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၁ | ထားဝယ် | ၁၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ |
| ၂၅၂ | ပုလော | ၄၃ | ၀ | ၁ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၃ | ရေဖြူ | ၂၇ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၄ | ကော့သောင်း | ၂၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၅ | သရက်ချောင်း | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ကျွန်းစု | ၁၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | ဘုတ်ပြင်း | ၁၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၈ | တနင်္သာရီ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၅၉၄ | ၁ | ၂၃ | ၀ | ၀ | ၉ | ၀ | ၃ | ၀ | ၄ | ၁ | ၁ | ၁ | ၀ | ၁ |
| **၁၄။** | **ရှမ်းပြည်နယ် (တောင်ပိုင်း)** | | | | | | | | | | | | | | | |
| ၂၅၉ | လွိုင်လင် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆၀ | တောင်ကြီး | ၂၂၇ | ၂ | ၃၁ | ၂ | ၄ | ၁ | ၃ | ၉ | ၁၀ | ၁ | ၀ | ၁၃ | ၁ | ၀ | ၀ |
| ၂၆၁ | ကလော | ၉၇ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၆၂ | ရွာငံ | ၅၁ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ |
| ၂၆၃ | ရပ်စောက် | ၃၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | ပင်လောင်း | ၂၁ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | ဆီဆိုင် | ၁၆ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | ပင်းတယ | ၁၄ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | ညောင်ရွှေ | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၆၈ | ဟိုပုံး | ၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၉ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | ဖယ်ခုံ | ၇ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၅၂၄ | ၁၂ | ၃၄ | ၅ | ၅ | ၁ | ၆ | ၁၂ | ၁၄ | ၂ | ၉ | ၁၄ | ၁ | ၁ | ၁ |
| **၁၅။** | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | | | | | | | | | | |
| ၂၇၇ | သီပေါ | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ |
| ၂၇၈ | နောင်ချို | ၃၅ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၁ | ၀ | ၁ | ၀ | ၁ |
| ၂၇၉ | မူဆယ် | ၆၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ |
| ၂၈၀ | လားရှိုး | ၃၉ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ |
| ၂၈၁ | ကျောက်မဲ | ၂၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၈၂ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | ကွတ်ခိုင် | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၈၄ | မိုးမိတ် | ၁၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၈၅ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | နမ္မတူ | ၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၂၄၄ | ၄ | ၄ | ၀ | ၀ | ၀ | ၄ | ၂ | ၃ | ၀ | ၄ | ၅ | ၈ | ၃ | ၃ |
| **၁၆။** | **ရှမ်းပြည်နယ်(အရှေ့ပိုင်း)** | | | | | | | | | | | | | | | |
| ၂၉၂ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၃ | မိုင်းယောင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၄ | ကျိုင်းတုံ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းဆတ် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |

စာမျက်နှာ ၁၈ သို့

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ COVID-19 ကာကွယ်ဆေး ဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ် (OA 013733) သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲအားလုံးတို့တွင် ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) နိုင်ငံပိုင်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော စာရင်းများမှ စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) Mobile Banking / Mobile Wallet မှ လှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider / ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card) များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ၊ ချိတ်ဆက်ထားသော Over-the-Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကို လွယ်ကူလုံခြုံစွာ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေစာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေ လုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းများမှတစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code - MYEBMMMY ကို အသုံးပြု၍ Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟု ဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှုမရှိပါက အောက်ပါ မြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ်ဘဏ်များမှတစ်ဆင့် ဘဏ်အချင်းချင်း ချိတ်ဆက် ငွေလွှဲပို့နိုင်ပါသည် -

| | |
|---|---|
| UOB Bank (Singapore) | OCBC Bank (Singapore) |
| DBS Bank (Singapore) | May Bank (Singapore/ Kuala Lumpur) |
| Sumitomo Mitsui Banking Corp (Tokyo) | Bank of Tokyo Mitsubishi UFJ (Tokyo) |
| Mizuho Bank (Tokyo) | Bangkok Bank (Bangkok) |
| Siam Commercial Bank (Bangkok) | Krung Thai Bank (Bangkok) |
| Thanachart Bank (Bangkok) | ICBC Bank (China) |
| OCBC Wing Hang Bank (Shanghai) | China Construction Bank (China) |
| Sonali Bank (Bangladesh) | AB Bank (Bangladesh) |

၃။ အလှူရှင်စာရင်းကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက e-mail - treasury05@365mopfi.gov.mm, treasury10@365mopfi.gov.mm (သို့မဟုတ်) Viber - 09-251182042, 09-420788851 တစ်ခုခုသို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၄။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လူကိုယ်တိုင် လာရောက်လှူဒါန်းခြင်းနှင့် ပြည်တွင်းမှ Virtual အစီအစဉ်တို့ဖြင့် လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| - ဒေါ်စီစီပြုံး<br>ညွှန်ကြားရေးမှူးချုပ်၊<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇-၃၄၁၀၁၅၆<br>၀၉-၄၅၀၄၅၅၂၃၇<br><br>- ဒေါ်ရီရီခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇-၃၄၁၀၁၅၈<br>၀၉-၂၅၄၅၅၈၄၂၄ | - ဦးမင်းသူ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>၀၁-၈၃၉၁၃၄၂<br>၀၁-၈၃၉၁၀၇၂ | - ဦးထွန်းထွန်းအောင်<br>ညွှန်ကြားရေးမှူး၊<br>ပြည်တွင်းအခွန်များ<br>ဦးစီးဌာန<br>၀၂-၄၀၃၅၉၁၆ |

၅။ COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများသည် ဝင်ငွေခွန်ဥပဒေနှင့်အညီ အခွန်ဆိုင်ရာ သက်သာခွင့်များ ခံစားခွင့်ရှိပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

*စာမျက်နှာ ၁၇ မှ*

| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၉၉ | လွိုင်ကော် | ၅၈ | ၀ | ၄ | ၀ | ၂ | ၀ | ၁ | ၀ | ၃ | ၂ | ၂ | ၂ | ၂ | ၀ | ၃ |
| ၃၀၀ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | ဒီမောဆို | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| | စုစုပေါင်း | ၆၃ | ၀ | ၄ | ၀ | ၂ | ၀ | ၂ | ၀ | ၃ | ၂ | ၂ | ၂ | ၂ | ၁ | ၃ |
| | စုစုပေါင်း | ၁၃၁၇၃၇ | ၅၈၇ | ၈၉၁ | ၄၁၃ | ၅၇၇ | ၇၀၃ | ၅၉၀ | ၆၄၇ | ၅၉၆ | ၅၉၄ | ၆၉၆ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ |

မှတ်ချက်။ - (၁၂-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၁) မြို့နယ် ရှိပြီဖြစ်ပါသည်။

- အထက်ဖော်ပြပါ စာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ဓာတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

** ကျောက်တံတားမြို့နယ်မှ (၁) ဦးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်မှ (၁) ဦးတို့သည် အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၎င်းတို့အား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၁၃-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၃၇၄၅၆၀ | ၁၃၈၂၀၅၁၆ | ၃၈၉၇၉၀ |
| ၂။ | အိန္ဒိယ | ၁၀၄၉၇၁၄၅ | ၁၀၁၃၀၀၄၅ | ၁၅၁၅၇၇ |
| ၃။ | ဘရာဇီး | ၈၁၉၅၆၃၇ | ၇၂၇၃၇၀၇ | ၂၀၄၇၂၆ |
| ၄။ | ရုရှား | ၃၄၇၁၀၅၃ | ၂၈၅၄၀၈၈ | ၆၃၃၇၀ |
| ၅။ | ဗြိတိန် | ၃၁၆၄၀၅၁ | ၁၄၀၆၉၆၇ | ၈၃၂၀၃ |
| ၆။ | ပြင်သစ် | ၂၈၀၆၅၉၀ | ၂၀၄၃၉၀ | ၆၈၈၀၂ |
| ၇။ | တူရကီ | ၂၃၄၆၂၈၅ | ၂၂၁၈၄၆၄ | ၂၃၁၅၂ |
| ၈။ | အီတလီ | ၂၃၀၃၂၆၃ | ၁၆၅၃၄၀၄ | ၇၉၈၁၉ |
| ၉။ | စပိန် | ၂၁၃၇၂၂၀ | စိစစ်ဆဲ | ၅၂၆၈၃ |
| ၁၀။ | ဂျာမနီ | ၁၉၆၁၅၂၀ | ၁၅၉၆၆၀၀ | ၄၄၃၃၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃- ၁ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၅၈၀၄၃ | ၇၀၃၄၆၄ | ၂၄၉၅၁ |
| ဖိလစ်ပိုင် | ၄၉၂၇၀၀ | ၄၅၈၅၂၃ | ၉၆၉၉ |
| မလေးရှား | ၁၄၄၅၁၈ | ၁၁၁၅၇၈ | ၅၆၃ |
| မြန်မာ | ၁၃၂၂၆၀ | ၁၁၅၆၂၁ | ၂၉၀၂ |
| စင်ကာပူ | ၅၈၉၈၄ | ၅၈၆၉၄ | ၂၉ |
| ထိုင်း | ၁၀၉၉၁ | ၆၉၄၃ | ၆၇ |
| ဗီယက်နမ် | ၁၅၂၁ | ၁၃၆၉ | ၃၅ |
| ကမ္ဘောဒီးယား | ၃၉၈ | ၃၇၆ | ၀ |
| ဘရူနိုင်း | ၁၇၄ | ၁၆၈ | ၃ |
| လာအို | ၄၁ | ၄၀ | ၀ |

# ရန်ကုန်- မြစ်ဝကျွန်းပေါ် ရေယာဉ်များတွင် ခရီးသည်များ စီးနင်းလိုက်ပါရန် တောင်းဆိုလာပါက ညှိနှိုင်းဆောင်ရွက်ပေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ လမ်းမတော် လသာ ဆိပ်ကမ်းများမှ မြစ်ဝကျွန်းပေါ်ဒေသ များသို့ ကိုဗစ်- ၁၉ ဒုတိယအကျော့ ကာလအတွင်း ကုန်စည်စီးဆင်းမှု မပြတ်စေရန် ပြေးဆွဲနေသည့် ရေယာဉ်များတွင် ခရီးသည်များ စီးနင်းလိုက်ပါလိုပါက တင်ပြ တောင်းဆိုနိုင်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ညှိနှိုင်းဆောင်ရွက် ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများ က ပြောကြားသည်။

"ဒီရန်ကုန်ဘက်ဆိပ်ကမ်းကနေ ရန်ကုန်- ကြာကန်လိုင်းနဲ့ ရန်ကုန်- ကျုံမငေးလိုင်းရှိတာမှာ ကြာကန်က ကိုဗစ်ဒုတိယအကျော့မှာ နှစ်လ ပိတ်ခဲ့ပြီး ပြီးတဲ့လက ပြန်ဖွင့်ပါတယ်။ ကျုံမငေးမြို့ကို နှစ်ပတ်လောက်ပဲ ပိတ်ပြီး ဒီဇင်ဘာ ၂၄ ရက်က ပြန်ဆွဲ ပါတယ်။ ကျုံမငေးကို ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီ၊ကြာကန်ကိုကြာသပတေး မွန်းလွဲ ၂ နာရီ ထွက်ပါတယ်။ ဟိုဘက်က ဆန်ပဲတင်ပါတယ်။ ရန်ကုန်ဘက်က ကုန်ပဲ တင်ပါတယ်။ ခရီးသည်နဲ့ လူပိုကိုတော့ လုံးဝမတင် ပါဘူး။ ရောဝတီတိုင်းဘက်က လူပါ လာရင်လည်း ကမ်းကိုပေးမတက်ပါ ဘူး" ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ မန်နေဂျာ (စီမံ၊ ကွပ်ကဲ) ဦးကျော် ထူးအောင်က ပြောသည်။

"ကုန်စည်စီးဆင်းမှုမပြတ်အောင် ကုန်နဲ့ဆန်ကိုတော့ ပြေးဆွဲပေးနေပါ တယ်။ နေ့စဉ် ဆန်အဝင်စာရင်းကို UMFCCI ကုန်သည်စက်မှုအသင်းချုပ် ရုံးနဲ့ လမ်းမတော်ထွေ/အုပ်ရုံးကို ပို့ရ ပါတယ်။ ခရီးသည်တွေ စီးချင်တယ်လို့ တင်ပြလာရင် ယခုရက်ပိုင်း ကိုဗစ် ကူးစက်မှု ကျဆင်းလာတာဆိုတော့ ညှိနှိုင်းဆောင်ရွက်ပေးပါမယ်။ ပြေးဆွဲ နေတဲ့ သင်္ဘောလိုင်းတွေကတော့ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ လှိုင်းဘုန်း၊ ဝါးခယ်မ၊ ကျိုက်လတ်နဲ့ ကျိုက်ပိတို့ပါ။ လောလောဆယ် ကုန်စည်ပဲ ပြေးဆွဲနေပါတယ်" ဟု ပုဂ္ဂလိကရေယာဉ်များ စည်းကမ်း ထိန်းသိမ်းကြီးကြပ်မှု ကော်မတီရုံးမှ ကော်မတီဝင် ဦးသိန်းနိုင်က ပြော သည်။

**သန့်ဇင်ဝင်း**



တောင်ကုတ်မြို့နယ်၌ လျှင်ဘေး အန္တရာယ်များ ဖြစ်ပေါ်လာပါက အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများ ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် ဇန်နဝါရီ ၁၁ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆွေလင်းမောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြိမ်း သတ် ယာဉ်တစ်စီးဖြင့် လေ့ကျင့် မှု ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းစေရေး အသိပညာပေး

**ချောက် ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တွင် ချောက်မြို့မ ရဲစခန်းမှ သက်ငယ် မုဒိမ်းမှုများ လျော့နည်းကျဆင်းစေ ရေး အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က ပြည့်ပင်အုပ်စု မိုလာ ကျေးရွာသားထကူဘုရားကျောင်းဝင်း အတွင်းရှိ ဓမ္မာရုံ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားချက် နှင့်အညီ ပြုလုပ်သည်။

ဟောပြောပွဲတွင် ချောက်မြို့မ ရဲစခန်းမှူးဒုရဲမှူး အောင်မြင့်ဦးက သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေ ရေး လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်ရှောင်ရန် အချက်များ၊ မှုခင်းများ လျော့နည်းကျဆင်းရေး မှုခင်းအသိပညာပေးခြင်း များ ဟော ပြောသည်။ ဟောပြောပွဲသို့ မြို့မ ရဲစခန်းမှူး ဒုရဲမှူးအောင်မြင့်ဦး နှင့်အဖွဲ့ မိုလာကျေးရွာအုပ်ချုပ် ရေးမှူးနှင့် ကျေးရွာသူ/သား ၂၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၉၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၉၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၃၀/၆၇၅ ကျပ် | ၆၇၅/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၄၀/၆၉၀ ကျပ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၃၅ ကျပ် | ၆၇၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၂၀/၇၅၀ ကျပ် | ၇၉၅/၈၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၁ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၀၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၉ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၉ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၆၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၁၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၀၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၇၀၀ | ၉၇၀၀ | ၁၆၇၉ | ၁၆၂၈၆၃၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၂၀၆၈ | ၇၆၅၁၆၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၅၇ | ၁၂၂၅၄၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၈ | ၁၃၂၀၀၀ |
| EFR | ၃၆၅၀ | ၃၆၅၀ | ၂၁ | ၇၆၆၅၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီဌေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကိုလိုနီခေတ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

သိပ္ပံစာရေးဆရာ ကိုကိုအောင်

**ဗြိတိသျှတို့လက်အောက်တွင် မြန်မာတို့၏ ရှေးရိုးစဉ်လာ ငွေပန်းထိမ်၊ ရွှေပန်းထိမ်၊ ရက်ကန်း၊ အိုးလုပ်ငန်း စသောအိမ်တွင်းလက်မှုလုပ်ငန်းများမှာ တိမ်ကောပျောက်ကွယ် မသွားသော်လည်း များစွာမှေးမှိန်ခဲ့ရသည်။ ဗြိတိသျှအစိုးရ၏ Laissez Faire မူဝါဒကြောင့် ထိုအိမ်တွင်းလက်မှုလုပ်ငန်းများကို အားပေး မြေတောင်မြှောက်ပေးခြင်းမရှိဘဲ လျစ်လျူရှုထားခဲ့သည်။ ပထမကမ္ဘာစစ်ဖြစ်ပြီး နောက်ပိုင်း၌ အိန္ဒိယအစိုးရက အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အားပေးလာပြီး ၁၉၁၆ ခုနှစ်တွင် Industrial Commission တစ်ခုကို ဖွဲ့စည်းခဲ့သည်။**

ထိုကော်မရှင်က အိန္ဒိယ၏ ပြည်နယ်တစ်ခုဖြစ်သော မြန်မာနိုင်ငံကိုလည်း စက်မှုလက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံဉာဏ်များ ပေးခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ Provincial Art Officer တစ်ဦး ခန့်ထားကာ မြန်မာ့အနုပညာနှင့် လက်မှုလုပ်ငန်းများကို ထိန်းသိမ်း ချီးမြှင့်သောသဘောဖြင့် ပြပွဲ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းမျှ ကိုသာ ဆောင်ရွက်ခဲ့သည်။

### မြန်မာ့လက်မှုလက်ရာများ

မြန်မာနိုင်ငံဆိုင်ရာ လက်မှုအနုပညာအရာရှိ Mr. H. L. Tilly သည် ငွေထည်လုပ်ငန်းကို အထူးစိတ်ဝင်စားပြီး မြန်မာ့ငွေထည်များအကြောင်းနှင့် ငွေပန်းထိမ်လုပ်ငန်း အကြောင်းကို လေ့လာကာ စာအုပ်အဖြစ် ရေးသားခဲ့ သည်။ မြန်မာ့လက်မှုအနုပညာအရာရှိများနှင့် အချို့သော ဝါသနာရှင်ပုဂ္ဂိုလ်များက မြန်မာ့အိမ်တွင်းလက်မှု ပညာ များ တိမ်ကောပျောက်ကွယ်မည့်အရေးကို မျှော်တွေးပြီး စိုးရိမ်ခဲ့ကြသည်။ Mr. Tilly ကို ဆက်ခံသော Provincial Art Officer မှာ အင်းစိန် အစိုးရအင်ဂျင်နီယာကျောင်း၏ ကျောင်းအုပ် Mr. A.P. Morris ဖြစ်သည်။ မစ္စတာမော်ရစ် ကလည်း အိမ်တွင်းလက်မှုလုပ်ငန်းများတွင် စိတ်ဝင်စားမှု ရှိသောကြောင့် ကျေးလက်တောရွာများရှိ လက်မှုလုပ်ငန်း များကို လေ့လာသုတေသနပြုပြီး မှတ်တမ်းငယ်များ ရေးသားခဲ့ရာ ရေးသားချက်အချို့မှာ ၁၉၁၇ ခုနှစ်က ဘဏ္ဍာရေးမင်းကြီး Mr. H.Thompson ပြုစုသော မြန်မာပြည် စက်မှုလက်မှု တိုးတက်ရေးမှတ်တမ်းတွင် ပူးတွဲဖော်ပြ ခံခဲ့ရသည်။ Mr. H. Thompson ၏ မှတ်တမ်းတွင် အိမ်တွင်းလက်မှုလုပ်ငန်းများသာမကဘဲ စက်မှုလုပ်ငန်း ကြီးများအကြောင်းကိုလည်း ဖော်ပြထားခဲ့သည်။ ထိုအချိန်က အိန္ဒိယစက်မှုလုပ်ငန်းများ ကော်မရှင်က စက်မှုလက်မှုလုပ်ငန်းများအကြောင်းကို လေ့လာစုံစမ်း နေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒိုင်အာခီအုပ်ချုပ်ရေး ရရှိလာသော အခါ စက်မှုလုပ်ငန်းများဌာန (Industries Department) ကို ဖွင့်လှစ်၍ ၁၉၂၁ ခုနှစ်တွင် Director of Industries တစ်ဦးကို ခန့်ထားခဲ့သည်။ နောက်နှစ်တွင်မူ ထိုရာထူးနှင့် ဌာနကိုပါ ဖျက်သိမ်းပြီး Superintendent of Cottage Industries ရာထူးနှင့် အစားထိုးခဲ့သည်။ အိမ်တွင်း စက်မှု လက်မှုဝန်ထောက်ရာထူးကို ကနဦးတွင် သမဝါယမဌာန၏ Joint Registrar က အချိန်ပိုင်းတာဝန်ယူ၍ လုပ်ဆောင် ခဲ့ရာမှ ၁၉၂၃ ခုနှစ် ဖေဖော်ဝါရီလတွင်မူ Cottage Industries Department အဖြစ် သီးခြားတည်ရှိခဲ့သည်။ ပထမဦးဆုံးသော အိမ်တွင်းစက်မှုလက်မှုဝန်ထောက်မှာ Mr. G.E. Harvey ဖြစ်ပြီး ထိုရာထူးတွင် ခန့်ထားခံရသူမှာ Provincial Art Officer လည်း ဖြစ်သောကြောင့် နှစ်စဉ် ကျင်းပပြုလုပ်သော လက်မှုပညာ ပြပွဲ ပြိုင်ပွဲကိုလည်း ကြီးကြပ်ကျင်းပရသည်။

### လက်မှုပညာပြပွဲ ပြိုင်ပွဲများကျင်းပခြင်း

အိမ်တွင်းစက်မှုလက်မှုဌာန၏ လုပ်ငန်းမှာ ရက်ကန်း၊ အိုးလုပ်ငန်း၊ ယွန်းထည်လုပ်ငန်း စသော လက်မှုပညာများ ကို တိုးတက်အောင် နည်းပညာပေးခြင်း၊ သင်တန်းဖွင့်၍ သင်ကြားပေးခြင်း၊ စစ်ဆေးကြည့်ရှုခြင်းတို့ပင် ဖြစ်သည်။ ထို့ပြင် သမဝါယမဌာနက တာဝန်ယူခဲ့သော လက်မှု အနုပညာအသင်းများကိုလည်း တာဝန်ယူ၍ကြီးကြပ် ရသည်။ အိမ်တွင်းစက်မှုလက်မှုဌာန အရာရှိများထဲတွင် ဆောင်းဒါးရက်ကန်းကျောင်းအုပ်ကြီးနှင့် လက်ထောက် ကျောင်းအုပ်၊ အိုးလုပ်ငန်းကျွမ်းကျင်ပညာရှင် (Pottery Expert) တစ်ဦးနှင့် လက်ထောက်တစ်ယောက်၊ ပုဂံယွန်း ကျောင်းမှကျောင်းအုပ်၊ သမဝါယမဌာနမှ လက်ထောက် အရာရှိငယ်တစ်ဦးနှင့်အိမ်တွင်းစက်မှုလက်မှု လက်ထောက် တစ်ဦးတို့ ပါဝင်ခဲ့သည်။ သမဝါယမ လက်ထောက်အရာရှိ ငယ်သည် လက်မှုပညာအသင်းများနှင့်တကွ မန္တလေးနှင့် ပုဂံဝန်းကျင်ရှိ သမဝါယမအသင်း ၄၀ ခန့်ကို တာဝန်ယူ ကြီးကြပ်ရသည်။ စက်မှုလက်မှု လက်ထောက်အရာရှိကမူ

> “ရက်ကန်းလုပ်သားများ၏ လူနေမှုဘဝ မြှင့်တင်နိုင်ရေးအတွက် ခေတ်မီ ရက်ကန်းစင်များဖြင့် ရက်လုပ်နိုင်မှသာ အထည်များ ပိုမိုထွက်ရှိနိုင်မည် ဖြစ်ကြောင်းနှင့် ရက်ကန်း သမဝါယမအသင်းများကို တည်ထောင်ထားသော်လည်း လက်ရှိသမားရိုးကျ ရက်ကန်းရက်နည်းများဖြင့် မည်သို့မျှ တိုးတက်နိုင်မည် မဟုတ်ကြောင်းကို သိမြင်ခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်တွင် မစ္စတာဆောင်းဒါးက လွန်းပျံလက်ခတ်တစ်ခုကို အင်္ဂလန်မှ ယူဆောင်လာကာ အမရပူရမှ ရက်ကန်း လုပ်သားများအား ပြသခဲ့ရာ ရက်ကန်းလုပ်သားများကလည်း သမားရိုးကျနည်းထက် ပို၍လျင်မြန်လှသော ထိုလွန်းပျံလက်ခတ်ကို စိတ်ဝင်စားကြသည်”

လက်မှုအနုပညာ ပြပွဲ ပြိုင်ပွဲများ ကိစ္စကို လုံးဝတာဝန်ယူ ဆောင်ရွက်ခဲ့သည်။

အိမ်တွင်းလက်မှုလုပ်ငန်းများ တိုးတက်ထွန်းကား ရေးအတွက် နှစ်စဉ်ကျင်းပသော လက်မှုအနုပညာ ပြပွဲကြီး များသည် မြန်မာ့လက်မှု အနုပညာလုပ်ငန်းများ မတိမ် ကောအောင် ထိန်းသိမ်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ပထမဦးဆုံးသော အနုပညာနှင့်လက်မှုပညာပြပွဲ (Arts and Crafts Exhibition) ကို ၁၈၈၅ ခုနှစ်တွင် Provincial Art Officer Mr. Tilly က ကြီးမှူး၍ ကျင်းပခဲ့သည်။ ငွေထည်ပစ္စည်းများ၊ ဆင်စွယ်ပန်းပုများနှင့် သစ်သား ပန်းပုများကိုသာ ပြသထားသော်လည်း လာရောက်ကြည့်ရှု သူက များပြားခဲ့သည်။ ပြပွဲကို နှစ်စဉ်ဆက်တိုက် ပြုလုပ် လာခဲ့ရာ လာရောက်ကြည့်ရှုအားပေးသူ အရေအတွက်က တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့သည်။ ပြသ သောပစ္စည်းများ၏ လက်ရာများကလည်း တစ်နှစ်ထက် တစ်နှစ် ပို၍ကောင်းမွန်လာသည်။ သို့ရာတွင် အခမဲ့ ဝင်ရောက်ကြည့်ရှုခွင့်ပြုထားသည့် ထိုပြပွဲတွင် အနုပညာ ပြသမှုထက် လက်မှုလုပ်ငန်းပစ္စည်းများကို ပြသမှုက များစွာ ပိုနေခဲ့ရာ ပြသပစ္စည်းအရေအတွက် တိုးတက်လာသည် နှင့်အညီ ချီးမြှင့်သော ဆုတန်ဖိုးကလည်း ပိုလာသည်။

အနုပညာနှင့် လက်မှုပညာပြပွဲများတွင် ၁၉၁၆ ခုနှစ် ဒီဇင်ဘာလက ကျင်းပပြုလုပ်ခဲ့သောပြပွဲက အကောင်းဆုံး ဟုဆိုနိုင်သည်။ ပုံမှန်အားဖြင့် ပြပွဲကို ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ရမည်ဖြစ်သော်လည်း မြန်မာ နိုင်ငံသို့ အိန္ဒိယဘုရင်ခံချုပ် Lord Chelmsford ရောက်ရှိ ခိုက်တွင် ပြသလိုသောကြောင့် ၁၉၁၆ ခုနှစ် ဒီဇင်ဘာလ တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က Provincial Art Officer မှာ မစ္စတာမောရစ်ဖြစ်ပြီး ၎င်းက ပြပွဲကို ဂျူဗလီဟောတွင် ပြုလုပ်ခဲ့သည်။ ခန်းမကြီးအတွင်း၌ နေရာမလုံလောက်၍ ဂျူဗလီဝင်းအတွင်းနှင့်အနီးရှိ မြေကွက်လပ်များပေါ်တွင်ပါ တဲထိုး၍ ခင်းကျင်းပြသခဲ့ သည်။ အနုပညာလက်ရာများ၊ ဓာတ်ပုံရုပ်ပုံများ၊ ဓာတ်သတ္တုနှင့် သစ်တောထွက်ပစ္စည်းများကို ဂျူဗလီ ခန်းမတွင် ခင်းကျင်းပြသပြီး ကျန်လက်မှုပညာလုပ်ငန်းများ ကိုမူ ဝင်းအတွင်းနှင့် မြေကွက်လပ်များပေါ်တွင် ပြသခဲ့ သည်။ ဝင်းအတွင်း၌ပြသသည့် ပြခန်းများတွင် အိမ်တွင်း လက်မှုပညာလုပ်ငန်း ၂၉ မျိုးကို လက်တွေ့လုပ်ဆောင် ပြသခဲ့သည်။

### မြန်မာ့သစ်တောထွက် ရတနာများ

သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ ပြခန်းတွင် မြန်မာ့အဖိုးတန် သစ်မျိုးစုံ၊ သစ်တောထွက်ပစ္စည်းများနှင့် အသုံးဝင်ပုံကို နမူနာများနှင့်တကွ ပြသထားရာ၌ စက္ကူ ပျော့ဖတ်လည်း ပါဝင်ခဲ့သည်။ မြန်မာ့သစ်၊ဝါးများဖြင့် စက္ကူပျော့ဖတ်ထုတ်လုပ်နိုင်ပုံကို လက်တွေ့ပြသခြင်း ဖြစ်သည်။ ထို့ပြင် မြန်မာ့သစ်တောများထဲ၌ ရှင်သန် ကျက်စားသော ငှက်မျိုးစုံတို့၏ ဥများကိုလည်း တခမ်း တနား ပြသထားသည်။ ဘုံဘေဘားမား ထရေးဒင်းကော်ပို ရေးရှင်းက သစ်ထုတ်လုပ်ပုံကို ဓာတ်ပုံများ၊ ပုံစံငယ်များ ဖြင့် ပြသခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်းကလည်း ရှမ်းပြည်မှ ကျွမ်းကျင်လုပ်သားများ ခေါ်ဆောင်လာပြီး ရှမ်းစက္ကူ ပြုလုပ်နည်းကို အစမှအဆုံး လက်တွေ့လုပ်ကိုင်ပြသခဲ့ သည်။ မြန်မာ့ရေနံကုမ္ပဏီ ဘီအိုစီက ဖယောင်းတိုင် အမျိုးမျိုးနှင့် ရေနံထွက်ပစ္စည်းများကို ဂျူဗလီဟော အပေါ်ထပ်တွင် ပြသပြီး မြေပြင်ကွက်လပ်တွင် ရေနံတူးစင် (Derrick) တစ်ခုဆောက်လုပ်ကာ ရေနံတူးပုံကို ပြသခဲ့ သည်။ ထို့အတူ မြန်မာပြည် မီးရထားကုမ္ပဏီကလည်း နောက်ဆုံးပေါ် အင်ဂျင်စက်ခေါင်းနှင့် တွဲသစ်များ၊ ပထမ ဦးဆုံး အသုံးပြုခဲ့သော စက်ခေါင်းနှင့် တွဲများကို ရထား လမ်းများပြုလုပ်ကာ ပါဝင်ပြသခဲ့သည်။ ထိုစဉ်က သုံးသော အချက်ပြဆက်သွယ်ရေးစနစ်၏ လုပ်ငန်းဆောင်ရွက်ပုံ ကိုလည်း ပုံစံငယ်များဆောက်လုပ်ကာ ပြသခဲ့သည်။ အလုပ်ဌာနလက်အောက်ရှိ မီးပြတိုက်ဌာနခွဲက မီးပြတိုက် တွင် မီးလင်းပုံကိုလည်းကောင်း၊ အာလဂွါတာမီးပြတိုက်ကို ပုံစံငယ်ဖြင့်လည်းကောင်း ပြသခဲ့သည်။ ဆောင်းဒါး ရက်ကန်းကျောင်းကလည်း ပိုးမွေးမြူခြင်းမှစ၍ ပိုးထည် ဖြစ်သည်အထိ ပိုးထည်ရက်လုပ်ပုံကို အဆင့်ဆင့်ပြုလုပ် ပြသခဲ့သည်။

### အရောင်းအဝယ် တွင်ကျယ်လာစေခဲ့

ဗြိတိသျှအစိုးရသည် ပြပွဲကြီးများကို ပြုလုပ်ခြင်းဖြင့် လက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာများ တိုးတက် ထွန်းကားလာစေသည့်အပြင် ပစ္စည်းကြော်ငြာသကဲ့သို့ ဖြစ်ပြီး အရောင်းအဝယ်ကိုပါ တွင်ကျယ်လာစေသည်ဟု ယုံကြည်ခဲ့သည်။ ထို့ကြောင့်ပင် မြန်မာ့လက်မှုပညာများနှင့် ထွက်ကုန်ပစ္စည်းများကို ၁၉၂၄ ခုနှစ် လန်ဒန်မြို့ ဝင်ဘလီ ကွင်းကြီး၌ ကျင်းပသော ဗြိတိသျှအင်ပါယာ ပြပွဲပြိုင်ပွဲကြီး တွင်လည်း ခင်းကျင်းပြသခဲ့သည်။ မြန်မာနိုင်ငံသည် အိန္ဒိယ၏ ပြည်နယ်တစ်ခုသာဖြစ်သော်လည်း မြန်မာ့ပြခန်း အဖြစ် သီးခြားဖွင့်လှစ်ပြသခွင့် ရခဲ့သည်။ မြန်မာ့လက်မှု ပညာ၊ အနုပညာပစ္စည်းများတွင် မြန်မာ့ရက်ကန်းပညာကို ဖော်ပြသော ရက်ထည်အမျိုးမျိုးကိုလည်း ပြသခဲ့သည်။ ဘုံဘေဘားမားထရေးဒင်းကော်ပိုရေးရှင်းက မြန်မာ့ အဖိုးတန်သစ်အမျိုးမျိုးကို ပြသသလို ဘားမားရူဘီမိုင်း ကုမ္ပဏီကလည်း မြန်မာ့ကျောက်သံပတ္တမြားများကို ပြသခဲ့ သည်။ အလားတူပင် ဘီအိုစီကုမ္ပဏီကလည်း မြန်မာ့ရေနံ နှင့် ရေနံထွက်ပစ္စည်းများကိုပြသခဲ့ရာ ဝင်ဘလီပြပွဲကြီး သည် မြန်မာ့လက်မှုအနုပညာများကို ကမ္ဘာသို့ တင်ပြ နိုင်သည်ထက် မြန်မာနိုင်ငံရှိ မြေပေါ်မြေအောက် သယံ ဇာတပစ္စည်းများကို နိုင်ငံခြားသားအရင်းရှင်ကြီးများက သိမြင်စိတ်ဝင်စားလာအောင် ကြော်ငြာခြင်းက ပိုများခဲ့ သည်။

မြန်မာနိုင်ငံရှိ အိမ်တွင်းလက်မှုလုပ်ငန်းများအနက် အများဆုံး လုပ်ကိုင်ကြသောလုပ်ငန်းမှာ ရက်ကန်း လုပ်ငန်းဖြစ်သည်။ ရှေးအစဉ်အဆက်ကပင် မိသားစု ဝတ်ဆင်ရေးအတွက် အနည်းဆုံး တစ်အိမ်လျှင် ရက်ကန်းစင် တစ်စင်ထားရှိကာ ရက်လုပ်ဝတ်ဆင် ကြသဖြင့် မြန်မာအမျိုးသမီးတိုင်း ရက်ကန်းခတ်တတ်ကြ သည်။ အချို့သော ကျေးရွာနှင့် မြို့များတွင် ရက်ကန်း လုပ်ငန်းဖြင့် အသက်မွေးကြသည်များလည်း ရှိကြရာ၊ အမရပူရသည် ရက်ကန်းလုပ်ငန်းနှင့်ပတ်သက်၍ ထင်ရှား သောမြို့ဖြစ်သည်။ ကိုလိုနီခေတ်တွင် ပြည်ပမှ တင်သွင်း လာသော ချည်ထည်အမျိုးမျိုးတို့ကြောင့် ရက်ကန်း လုပ်ငန်းမှာ တဖြည်းဖြည်း မှေးမှိန်လာခဲ့ရာ အမရပူရရှိ ရက်ကန်းသမားတို့၏အခက်အခဲကို သမဝါယမအသင်းများ ၏ မှတ်ပုံတင်အရာရှိ (Registrar) ဖြစ်သူ မစ္စတာ အေအီးအင်းဂလစ်နှင့် မန္တလေးကော်မရှင်နာမင်းကြီး မစ္စတာအယ်လ်အိပ်ချ်ဆောင်းဒါးတို့က သတိပြုမိခဲ့ကြ သည်။

### ခေတ်မီလက်မှုလုပ်ငန်းများဖြစ်လာအောင်အားပေး

ရက်ကန်းလုပ်သားများ၏ လူနေမှုဘဝ မြှင့်တင်နိုင် ရေးအတွက် ခေတ်မီရက်ကန်းစင်များဖြင့် ရက်လုပ်နိုင်မှ သာ အထည်များပိုမိုထွက်ရှိနိုင်မည် ဖြစ်ကြောင်းနှင့် ရက်ကန်း သမဝါယမအသင်းများကို တည်ထောင်ထား သော်လည်း လက်ရှိသမားရိုးကျ ရက်ကန်းရက်နည်းများဖြင့် မည်သို့မျှ တိုးတက်နိုင်မည်မဟုတ်ကြောင်းကို သိမြင်ခဲ့ကြ သည်။ ၁၉၀၀ ပြည့်နှစ်တွင် မစ္စတာဆောင်းဒါးက လွန်းပျံ လက်ခတ်တစ်ခုကို အင်္ဂလန်မှ ယူဆောင်လာကာ အမရပူရ မှ ရက်ကန်းလုပ်သားများအား ပြသခဲ့ရာ ရက်ကန်းလုပ်သား များကလည်း သမားရိုးကျနည်းထက် ပို၍လျင်မြန်လှသော ထိုလွန်းပျံလက်ခတ်ကို စိတ်ဝင်စားကြသည်။ မစ္စတာ ဆောင်းဒါးက ရက်ကန်းပညာနှင့် ပတ်သက်၍ နည်းလမ်း သစ်များကို သင်ကြားပို့ချပေးနိုင်မည့် ကျွမ်းကျင်သူ ပညာရှင်တစ်ဦးကို ခန့်ထားပေးရန် ၁၉၁၃ ခုနှစ်တွင် အစိုးရအား တိုက်တွန်းခဲ့ရာ ဆီရမ်ပူရက်ကန်းပညာသင် ကျောင်း၏ လက်ထောက်ကျောင်းအုပ်ကြီးဖြစ်သော Mr. A.E. Hurst သည် ၁၉၁၄ ခုနှစ် ဇန်နဝါရီလတွင် ကျွမ်းကျင်ပညာရှင်အဖြစ် အမရပူရသို့ ရောက်ရှိလာခဲ့ သည်။ အမရပူရမြို့ ရပ်ကွက်သူကြီး ဦးဖေအုန်းက မစ္စတာဟပ်စ်၏ လုပ်ငန်းများကို များစွာကူညီပေးခဲ့သည်။ ပိုမိုတွင်ကျယ်စွာ ရက်နိုင်သော ရက်ကန်းစင်များ၊ နည်းလမ်းသစ်များ စသော ပဏာမလုပ်ငန်းများကို လုပ်ကိုင်ကြပြီးနောက် အမရပူရတွင် ရက်ကန်းကျောင်း တစ်ကျောင်းကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ မစ္စတာ ဆောင်းဒါးကို ဂုဏ်ပြုသောအားဖြင့် ထိုရက်ကန်းကျောင်း ကို ဆောင်းဒါးရက်ကန်းကျောင်းဟု အမည်ပေးခဲ့ရာ ယနေ့ထိတိုင် အမည်တွင်နေဆဲ ဖြစ်သည်။ ထိုကျောင်းကို သမဝါယမဌာနက ဦးစွာကြီးကြပ်ဦးစီးခဲ့သည်။

အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဌာနတွင် ရက်ကန်း လုပ်ငန်းကဲ့သို့ပင် မြန်မာ့လက်မှုလုပ်ငန်းတစ်ခု ဖြစ်သော အိုးလုပ်ငန်း၊ မြေထည်လုပ်ငန်းကို အားပေးကူညီရန် ကျွမ်းကျင်ပညာရှင်တစ်ယောက် ရှိခဲ့သည်။ ဗြိတိသျှအစိုးရ သည် ရိုးရာအိမ်တွင်းလက်မှုလုပ်ငန်းများ ဖြစ်သော လက်ရက်ကန်း၊ အိုးလုပ်ငန်းနှင့် ယွန်းထည်လုပ်ငန်းတို့ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မည်ဟု စီစဉ်ချမှတ်ကာ စက်မှုလုပ်ငန်းဌာန ဖွင့်လှစ်စကပင် အိုးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ယောက်ကို ၁၉၂၂ ခုနှစ် ဩဂုတ်လ က ခန့်ထားခဲ့သည်။ စက်မှုလုပ်ငန်းဌာန၏ နေရာကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာနနှင့် အစားထိုးလိုက် သောအခါ ကျွမ်းကျင်ပညာရှင် L. A. Nicholas သည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာန၏ အုပ်ချုပ်မှုအောက် သို့ ရောက်ရှိသွားခဲ့သည်။ ။

## မိုးကောင်းမြို့အနီး၌ အများပြည်သူလည်ပတ်နိုင်သည့် ရေတံခွန်နှစ်ခု ရှာဖွေတွေ့ရှိ

**မိုးကောင်း ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့အား ခရီးစဉ်ဒေသသစ် ဖော်ဆောင်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်က မိုးကောင်းမြို့အနီး၌ အများပြည်သူများ လည်ပတ်အပန်းဖြေစရာ နေရာဖြစ်လာမည့် ရေတံခွန်နှစ်ခုကို We Love Mogaung အဖွဲ့နှင့် ဒေသခံများပူးပေါင်း၍ ရှာဖွေဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ခရီးစဉ်ဒေသသစ် ဖော်ဆောင်နေမှုနှင့်ပတ်သက်၍ We Love Mogaung အဖွဲ့ခေါင်းဆောင် ဦးဝင်းနိုင်က "ကျွန်တော်တို့အဖွဲ့ကို မိုးကောင်းချစ်သူလူငယ်တွေနဲ့ ဖွဲ့စည်းထားတာပါ၊ ပထမဦးဆုံးဖော်ဆောင်ခဲ့တဲ့နေရာက လွိုင်ဟင်းချယ်တောင် တိမ်ပင်လယ်၊ ဒုတိယနေရာက ခေါက်စန်းတောင်ကျောက်သဘော်၊ အခုတတိယနေရာအဖြစ် "နနတ်ရွာဟောင်း ရေတံခွန်" နဲ့ "မန်ပင်နှစ်ထပ်ရေတံခွန်" တို့ပဲ ဖြစ်ပါတယ်။ အခုတွေ့ရှိခဲ့တဲ့ ရေတံခွန်ထက် ပိုပြီးလှပတဲ့ရေတံခွန် နှစ်ခုလည်း ရှိနေသေးတဲ့အတွက် ဆက်လက်ဖော်ထုတ်သွားမှာပါ" ဟု ပြောသည်။



နနတ်ရွာဟောင်းရေတံခွန်

**ပေါ်လာခဲ့**

အဆိုပါ ရေတံခွန်နှစ်စင်းမှာ ချုံနွယ်ပိတ်ပေါင်းများဖြင့် ဖုံးကွယ်ပိတ်ဆို့နေပြီး We Love Mogaung အဖွဲ့နှင့် ဒေသခံများမှ ခုတ်ထွင် ရှင်းလင်းခဲ့ရာမှ ပေါ်လာခဲ့ခြင်းဖြစ်ကာ "နနတ်ရွာဟောင်းရေတံခွန်"မှာ အမြင့်ပေလေးဆယ်နီးပါးရှိပြီး "မန်ပင် နှစ်ထပ်ရေတံခွန်" မှာလည်း ပထမအထပ်မှာ ပေ ၄၀ ခန့် အမြင့်နှင့် ဒုတိယအထပ်မှာ ၂၅ပေခန့် အမြင့်ရှိကြောင်း သိရသည်။

အဆိုပါ ရေတံခွန်သည် မိုးကောင်းမြို့နယ်၊ လွဲလောကျေးရွာအုပ်စု၊ မန်ပင်ကျေးရွာအနီး၌ တည်ရှိပြီး မိုးကောင်းမြို့မှလေးမိုင်ခန့်ကွာဝေးကာ ရေတံခွန်သို့ သွားရောက်မည်ဆိုပါက မိုးကောင်းမြို့မှ မန်ပင်ကျေးရွာအထိကား၊ ဆိုင်ကယ်ဖြင့် သွားရောက်ရပြီး တောင်ခြေသို့ လယ်ကွင်းများကိုဖြတ်ကျော်ကာ လှည်းလမ်းအတိုင်းနာရီဝက်ခန့်လမ်းလျှောက် သွားရမည်ဖြစ်ကြောင်းနှင့် ဇန်နဝါရီ ၁၂ ရက်က လာရောက်လည်ပတ်သူများနှင့် စည်ကားလျက်ရှိကြောင်း၊ မြစ်ကြီးနား အခြေစိုက်မြန်မာ့ရုပ်မြင်သံကြား (MRTV) တိုင်းရင်းသား အစီအစဉ်မှလည်း မှတ်တမ်းများရိုက်ကူးသွားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကျောက်တံခါးမြို့နယ်သို့ ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်း

**ကျောက်တံခါး ဇန်နဝါရီ ၁၃**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကျောက်တံခါးမြို့နယ်သို့ ဇန်နဝါရီ ၁၁ ရက်တွင် ကျန်းမာရေးသုံးပစ္စည်းများလာရောက်၍ လှူဒါန်းသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျောက်တံခါးဆေးရုံ၊ ဖဒိုဆေးရုံ၊ ပဲနွယ်ကုန်းဆေးရုံ၊ အောင်မြင်ဆေးရုံများအတွက် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးသုံး ပစ္စည်းများဖြစ်သည့် UV Lamp-Instant Disinfection၊ PPE၊ Surgical Gown၊KN N95 Mask18650s၊KN 95 Mask 18650(3M)၊Face Shield ၊Plastic Apron၊ ခေါင်းစွပ်၊ လက်အိတ်၊ ခွဲစိတ်ခန်းသုံးလက်အိတ်၊ ရေမလိုလက်သန့်ဆေးရည်၊ ကယ်လိုရင်းပိုးသတ်ဆေး၊ အရက်ပြန်၊ ဘောလ်ပင်စသည့်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၃၄၆၄၅၆ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင် မောင်ဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာသန့်လွင်၊ ဖဒို၊ ပဲနွယ်ကုန်း၊ အောင်မြင်မြို့များမှ ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက အသီးသီးလက်ခံယူကြကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## မုံရွာမြို့ ဇောဓိတစ်ထောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်း ဆောင်ရွက်နေမှု ၂၅ ရာခိုင်နှုန်းပြီးစီး

**မုံရွာ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဇောဓိတစ်ထောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေး စီမံကိန်းအား ငါးနှစ်ကြာ လုပ်ဆောင်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းသည် ဧက ၂၀၀ ဝန်းကျင်ခန့်တွင် ပျိုးပင်ပေါင်း ၁၃၄၀၀၀ ကို စိုက်ပျိုးသွားမည် ဖြစ်ပြီး ၎င်းစီမံကိန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ငွေကျပ်သန်း ၆၄၀ အကုန်အကျခံ လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်းနှင့် ယခုအခါ စီမံကိန်းပထမနှစ်ပြီးစီးခဲ့သဖြင့် လုပ်ငန်းအားလုံး၏ ပြီးစီးမှုသည် ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

"ဇောဓိတစ်ထောင်ဒေသက အပူပိုင်းဒေသဖြစ်တဲ့ အပြင် မြေဆီမြေနှစ်လည်းကျဲပါးတဲ့အတွက် အပင်ကြီးထွားနှုန်းမြန်တဲ့ ပဲချယ်ရီပင်တွေကိုလည်း ထည့်သွင်းစိုက်ပျိုးပါတယ်။ ဒေသခံမျိုးအနေနဲ့ ရှား၊ ကုက္ကို၊ တမာ အပါအဝင် အမျိုးအစား ၁၁ မျိုးကို ထည့်သွင်း စိုက်ပျိုးထားပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်နဲ့ ဟိုက်ဗရစ်ဂေးရှား အပင် ၅၀၀ ကိုလည်း စမ်းသပ်ထည့်သွင်းစိုက်ပျိုးထားပါတယ်။ စီမံကိန်း ပထမနှစ်လုပ်ငန်း အားလုံးပြီးစီးသွားပါပြီ ပထမနှစ်မှာ လုပ်ငန်းတွေ ပြီးစီးသွားပြီဖြစ်တဲ့အတွက် ပြီးစီးမှုအနေနဲ့ ၂၅ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ပါတယ်။ ဒေသခံတွေရဲ့ပြောကြားချက်အရ အရင်ကဆိုပျဉ်းကတိုးတော၊ အင်ကြင်းတောကြီးဖြစ်တယ်လို့သိရတယ်၊ လူဦးရေများလာပြီး ထုတ်ယူသုံးစွဲမှု များလာတဲ့အခါ တောတွေပြုန်းပြီး ပတ်ဝန်းကျင်ကို ထိခိုက်လာတဲ့အတွက် နိုင်ငံတော်ရဲ့အစီအမံအရ ဇောဓိတစ်ထောင်ဒေသ ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်တွေကို ပြန်လည်စိုက်ပျိုးပေးခြင်းဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။



ဇောဓိတစ်ထောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းအား တွေ့ရစဉ်

ဇောဓိတစ်ထောင်ဒေသ အထူးစိမ်းစိုပြည်ရေးစီမံကိန်း ပြီးစီးပါက ဒေသဝန်းကျင်ရှိ ရေအရင်းအမြစ်များ ယခုထက်ပိုပြီး ကောင်းလာမည်ဖြစ်သည့်အပြင် ဒေသပြန်လည်စိမ်းလန်းလာခြင်း၊ ရာသီဥတုများ ပြန်လည် ကောင်းမွန်လာကာ ဒေသရှိပြည်သူများ သစ်ထင်းလောင်စာများကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်သည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## ကလေးမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း သုံးလမ်းနှင့် ကျေးလက်ကုန်ထုတ်တံတား ၁၃ စင်းတည်ဆောက်မည်

**ကလေး ဇန်နဝါရီ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကလေးခရိုင်ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း သုံးခုနှင့် ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ၁၃ ခုတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ် ကြံသာကျေးရွာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက ဆောင်ရွက်မည့် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မရှိ ကြံသာကျေးရွာ အနောက်ဘက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း နှစ်ခုနှင့် စက္ကန့်ကျေးရွာတွင် အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ ၊ ထု ကိုးလက်မရှိ စက္ကန့်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ကိုးခုတို့ကို လည်းကောင်း၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဆောင်ရွက်မည့် အရှည်တစ်မိုင်တစ်ဖာလုံ ၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မရှိ ထိုမာကျေးရွာ ကုန်ထုတ် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတစ်ခု၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း နှစ်ခုတို့ကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်မည် ဖြစ်သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို တာဝန်ရှိသူများ ဇန်နဝါရီ ၁၂ ရက်က တွေ့ဆုံကာ လုပ်ငန်းများနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခဲ့ကြောင်း၊ လုပ်ငန်းစတင်ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေလ်ဆွင်းခိုင်ထံမှ သိရသည်။ **ဇော်မင်းဌေး**

## အိန္ဒိယမြောက်ဘက်မှလာရောက်ဆောင်းခိုသည့် ဟိမဝန္တာလင်းတကို ဖမ်းဆီးထိန်းသိမ်းစောင့်ရှောက်ထား

**ပိန်းဇလုပ် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့မ(၁)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးအနီးရှိ ဒေသခံပြည်သူတစ်ဦး၏ နေအိမ်ခြံဝင်းအတွင်း၌ဇန်နဝါရီ ၁၁ ရက်က လင်းတငှက် ကြီးတစ်ကောင်ဖမ်းဆီးရမိခဲ့၍ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ငှက်ချစ်သူ ဒေသခံပြည်သူ မနော်ဘွေဖောထံမှ သိရသည်။

“ဒီငှက်က အကြောင်းတစ်ခုခုကြောင့် ဒဏ်ရာရပြီးမပျံနိုင်တော့ပဲခြံထဲ ပြုတ်ကျလာလို့ ဖမ်းဆီးထိန်းသိမ်းစောင့်ရှောက်ထားတာပါ။ အစာအဖြစ် သားငါးကျွေးတာစားသောက်နိုင်ပါတယ်” ဟု ၎င်းကပြောသည်။

အဆိုပါလင်းတငှက်မှာ မြန်မာနိုင်ငံအတွင်း နေထိုင်သည့်ဌာနေငှက်မျိုးမဟုတ်ကြောင်း၊ ဆောင်းရာသီတွင် ဒေသပြောင်းရွှေ့ ကျက်စားသောငှက်မျိုးစိတ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို အိန္ဒိယမြောက် ဘက်မှလာကြကြောင်း၊ ဟိမဝန္တာလင်းတ (Himalayan Griffon) အသားစားငှက် အမျိုးအစားမျိုးစိတ်တစ်ခုဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်း (BANCA) မှ အမှုဆောင် ဒါရိုက်တာဒေါက်တာသီရိဒေဝီအောင်၏ ပြောပြချက်အရသိရသည်။ လင်းတငှက်များသည် စွန့်ပစ်အသေကောင်သတ္တဝါများကို စားသုံးသည့်အတွက် ပတ်ဝန်းကျင်ကိုသန့်ရှင်းပေးသကဲ့သို့ ယင်းအသေကောင်များက ဗိုင်းရပ်စ်များ ပျံ့နှံ့မှုကိုလည်း တားဆီးပေးရာရောက်ခြင်းကြောင့် လင်းတငှက်များကို စည်ပင်သာယာငှက်ဟုပင် ခေါ်ဝေါ်ကြသည်။

ပိန်းဇလုပ်မြို့၌နေထိုင်သူတချို့နှင့်ငှက်ချစ်သူတချို့က အဆိုပါလင်းတငှက်နှင့်ပတ်သက်၍ သစ်တောဝန်ထမ်းများ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ပိန်းဇလုပ်မြို့သို့လာရောက်စစ်ဆေးသင့်ကြောင်း၊ ပျံသန်းနိုင်ရန် စမ်းသပ်မှုများပြုလုပ်၍ စိတ်ချရသည့်အခြေအနေသို့ရောက်ရှိပါက ပြန်လည်စေလွှတ်ပေးစေလိုကြောင်းပြောဆိုနေကြမှုများကိုလည်း ကြားသိရသည်။

ထိုကဲ့သို့ ဆောင်းခိုငှက်များလာရောက်ကျက်စားချိန်တွင် ငှက်များဘေးမဲ့ပေးရန်၊ ပစ်ခတ်ဖမ်းဆီးခြင်း၊ နှောင့်ယှက်ခြင်းမပြုကြရန်၊ ငှက်များတွင်တစ်စုံတစ်ခုသောအကြောင်းကြောင်းကြောင့် ဒဏ်ရာအနာတရဖြစ်ပြီး မပျံသန်းနိုင်၍ပြုတ်ကျလာခြင်း၊ တွေ့ရှိဖမ်းဆီးရမိခြင်းတို့ရှိပါက နီးစပ်ရာသစ်တောဦးစီးဌာနများသို့လည်းကောင်း၊ နေပြည်တော်သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲသို့ဆက်သွယ်သတင်းပေးပို့ကြပါရန် သစ်တောဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ပိန်းဇလုပ်-သိန်းညွန့်**



# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၂၅)၊ ယုဇန စီးပွားရေးတာဝါ၊ အခန်းအမှတ်(၃၀၂)နေ **ဒေါ်သီတာအောင်(ဥက္ကဋ္ဌ)**(သိန်းထွန်းအောင် ကုမ္ပဏီလီမိတက်)မေထူး ရေယာဉ်များအုပ်စုသယ်ယူပို့ဆောင်ရေးလုပ်ငန်း ရွှေနှင်းဆီ သဘော်ကျင်းနှင့် အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမလီမိတက်အား ၂၀၂၂ ခုနှစ် ဇနဝါရီလ (၄)ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ ဂုဏ်ပြုချီးမြှင့်သည့် **သီရိသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်တော်** ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာကောင်းကျိုး ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

TOP STAR CONSTRUCTION Co.,LTD .မိသားစု

ဦးစောနိုင် (Managing Director)

ဒေါက်တာ ခင်သီတာဝင်း( Director)

## HAPPY BIRTHDAY THU THU

ဘိုးဘိုးကြီး "သီရိသုဓမ္မ မဏိဇောတဓရ" မုံရွာဆရာမိုး၏ ဒုတိယမြောက် မြေးရတနာလေး မောင်သုဝေယံရှိန်း(ခ)သုသု (BRAINWORK, Total Learning Academy Primary (4) Grandiose) ရဲ့ ၁၄-၁-၂၀၂၂ရက်နေ့တွင် ကျရောက်သော (၁၀) နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ကိုကို၊ ညီလေး ဆွေမျိုးများနှင့်အသက်ရှည် ကျန်းမာ ချမ်းသာစွာဖြင့် ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးထမ်းရွက်နိုင်သော ထူးချွန် ထက်မြက် တတ်သိ လိမ္မာသော သားကောင်းရတနာလေးဖြစ်၍ သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ......

**ဖေဖေ ဗိုလ်မှူးကျော်ကိုကိုရှိန်း + မေမေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မိုးပြည့်ပြည့်ဖြိုး**

**ကိုကိုကြီး ကျော်ကိုကိုဆက်နိုင်**

**(BRAINWORK, Total Learning Academy Primary (5) Grandiose)**

**ညီလေး မိုးပြည့်စုံဟိန်း**

**(BRAINWORK, Total Learning Academy Primary (3) Grandiose)**

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်**

**Moe Pyae Hein Printing & Packaging Service**

**KS DIAMOND Diamonds & Jewellery စိန်ရတနာဆိုင်နှင့်**

**ရွှေသု By KS DIAMOND ရတနာရွှေဆိုင် မိသားစု**

## သက်ဆိုင်ပါက ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ(သံဒင်း)၊ မြေတိုင်းရပ်ကွက် အမှတ်(၄၇)၊ မြေကွက်အမှတ် ၂၆၄(ခ)၊ မြေအကျယ်အဝန်းပေ ၂၀x ၆၀ ရှိ ဒေါ်မစိန် HZA-၁၆၁၀၉၇ ထံမှ အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထား သည့် တရားဝင်ရောင်းချခွင့်ရှိသူ ဦးထွန်းထွန်းဦး ၁၂/အစန(နိုင်)၀၁၀၇၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၁၆၄၃၈)**
**အမှတ် ၃၂၁A5၊ သုမိတ္တာ ၉လမ်း၊ (၁)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉- ၂၅၀၅၂၈၆၁၆**

## မွေးသက္ကရာဇ်အမှန်

သံတွဲမြို့နယ်၊ ပြည့်ဝကျေးရွာနေ ဦးအောင်နိုင်ထွန်း၏ သမီး ဒေါ်ခင်စန်းနိုင် ၁၁/သတန(နိုင်)၀၇၄၂၇၈ ၏မွေးသက္ကရာဇ် အမှန်မှာ ၁၈-၄-၁၉၉၀ ဖြစ်ပါကြောင်း။

**ဒေါ်ခင်စန်းနိုင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ရွှေစကာကျေးရွာ မယဉ်မွန်သန့် တတိယနှစ်၊ သမိုင်း၊ မောင်ခိုင်ခန့်သူ ဒုတိယနှစ် ပထဝီ(ရတနာပုံတက္ကသိုလ်)တို့၏ ဖခင် ဦးမောင်ငွေ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်ငွေ ၉/သပက(နိုင်)၀၀၇၅၀၅ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ငွေ**

## Ma Aye Thandar (Ju Ju) Facebook Account အသုံးပြုသူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်လေး စိန် စတိုးမိသားစု ၁/ကမန(နိုင်)၀၂၇၃၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမြတ်လေးပိုင်ဆိုင်သော စိန် စတိုးမိသားစုနှင့် Aye Thandar (Ju Ju) Facebook Account ပိုင်ရှင်တို့သည် သိရှိခြင်း မရှိသည့်အပြင် ငွေကြေးတစ်စုံတစ်ရာ အရှုပ်အရှင်းမရှိပါ။ ဦးမြတ်လေးပိုင်ဆိုင်သော စိန်စတိုး မိသားစုအမည်အား Ma Aye Thandar (Ju Ju) Facebook Account မှ ဆက်သွယ်ရေးနှင့် လူမှုကွန်ရက်စာမျက်နှာတို့တွင် စိန် စတိုးမိသားစုအမည်အား ဂုဏ်သိက္ခာကျဆင်းစေသော၊ ညှိုးနွမ်းစေသော မဟုတ်မမှန်ရေးသားချက်များ၊ ဖြန့်ဝေသူအား တွေ့ရှိရပါသည်။ မဟုတ်မမှန်သတင်းဖြန့်ဝေသူ Ma Aye Thandar (Ju Ju) Facebook Account မှ ဦးမြတ်လေးပိုင်ဆိုင်သော စိန် စတိုး မိသားစုအား ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်တောင်းပန်ပါရန် အကြောင်းကြားအပ်ပါသည်။

Ma Aye Thandar (Ju Ju) Facebook Account မှ စိန် စတိုးမိသားစုအား ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်တောင်းပန်ခြင်းမရှိပါကလည်းကောင်း၊ နောက်ထပ်တစ်စုံတစ်ရာဂုဏ်သိက္ခာကျဆင်းညှိုးနွမ်းစေသော ရေးသားချက်များအား Facebook Account, Comment, Messenger, Viber, Like & Share အစရှိသော ဆက်သွယ်ရေးနှင့် လူမှုကွန်ရက်စာမျက်နှာများမှလည်းကောင်း၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရေးသားခြင်း၊ လူမှုရေး Website၊ သတင်းဂျာနယ်၊ စာမျက်နှာတစ်စုံတစ်ရာပြုလုပ်ခြင်း၊ ဖန်တီးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ခြင်းများ ဆက်လက်တွေ့ရှိပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဆန်းဦး၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၃၀)**
**ဖုန်း-၂၅၀၀၆၀၃၈၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ (၃၆)ရပ်ကွက်၊ မြေကွက်အမှတ် (၇၇၀)၊ မြေကွက်လိပ်စာအမှတ် (၇၇၀)၊ ဗိုလ်ဆွန်ပတ်လမ်း၊ (၃၆) ရပ်ကွက်၊ အလျား ၆၂xအနံ ၆၀၊ ဧရိယာ ၀ဒသမ၀၈၇ဧက၊ စတုရန်းပေ ၃၇၂၀ ၏ ဂရန်အမည် ပေါက် ဒေါ်မီမီအောင် ၁၂/မဂတ(နိုင်)၀၁၂၇၀၇၏ မြေပေါ်မြေအောက်ရှိ ပစ္စည်းများအား ပိုင်ဆိုင်သူ၏ ဒေါ်စန်းစန်းမော် ၁၂/မရက(နိုင်)၀၇၇၃၀၄က ရောင်းချပိုင်ခွင့်ရှိပြီး ဝယ်ယူသူက စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ယနေ့သတင်းစာပါသည့်ရက်မှစ၍ ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမော်**
**LL.B (C.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၁၂၃၃၉)**
**အမှတ် (၁၉၆/၁၉၇)၊ နဝရတ်လမ်း၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၅၁၇၆၈၆၁၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/၆)၊ မြေကွက်အမှတ်(၁၅၈၂+၁၅၈၄)ရှိ အလျား(၆၀)ပေx အနံ(၅၀)ပေ၊ ဧရိယာစတုရန်းပေ(၃၀၀၀)၊ မြေဧရိယာ ဝဒသမ ၀၆၈ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်ခိုင် ၁၂/မရက(နိုင်)၀၂၀၀၄၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီး ဖြစ်ရာ ယင်းမြေကွက်များနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်မာသော အထောက်အထားစာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်ဝင်းထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၄၆၄)(၆-၉-၂၀၁၁)**
**ဖုန်း- ၀၉- ၄၂၀၀၃၅၉၂၄**

## စာအုပ်စာပေ လူ့မိတ်ဆွေ

**အမည်မှန်**

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အောင်သာယာရွာနေ ဦးပါတူ ၇/ဇကန(နိုင်)၀၂၂၆၇၈ ၏ အမည်မှန်မှာ ဦးမြဒင် ဖြစ်ပါသည်။

**ဦးမြဒင်**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကျော်ဝင်း(CG-034497) ၁၂/တမန(နိုင်)၀၆၀၃၆၃ အမည်ပေါက်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ မြေတိုင်းရပ်ကွက် အမှတ် (၃၇)၊ မြေကွက်အမှတ် (၈၉၂)၊ အကျယ်အဝန်းပေ (၄၀x၆၀) ရှိ ပါမစ်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်အခြမ်း ပေ (၂၀x၆၀) ရှိပါမစ်မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်စန်း ၁၂/တမန(နိုင်)၀၆၃၄၀၉ (AB-003528) က ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ (စဉ်-၃၁၁၄၆)**
**အမှတ် (၃၇၉)၊ သစ္စာ (၉)လမ်း၊ (၃၉/A)**
**ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဉာဏ်ထက် ၁၂/ရကန(နိုင်)၀၀၂၄၀၉ အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ် (၃၇)၊ အကျယ်အဝန်း ပေ (၄၀x၆၀)ရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးစောမိုးအောင် ၁၂/ဒဂန(နိုင်)၀၂၅၈၀၉ က ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ (စဉ်-၃၁၁၄၆)**
**အမှတ် (၃၇၉)၊ သစ္စာ (၉)လမ်း၊ (၃၉/A)**
**ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပဲနွယ်ကုန်းကျေးရွာ၊ ခင်ကြီးအုပ်စုနေ ဒေါ်စုစုလှိုင်၏သား သတ္တမတန်း ဖြေဆိုထားသော မောင်လင်းလင်းနောင်အား မောင်လင်းလင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းလင်းအောင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၁၊ ဒုတိယထပ်(၃)လွှာ(၂၅ပေx ပေ၅၀)ကျယ်ဝန်းသော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဘနီ ၁၂/တမန(နိုင်)၀၅၇၂၀၉ နှင့် ဒေါ်နိုင် ၁၂/တမန(နိုင်)၀၃၃၁၅၃ တို့ထံမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။


အထက်ပါတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းစာရွက်စာတမ်းများဖြင့် လူကိုယ်တိုင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှု မရှိပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်စုထွန်း ၁၂/ ဥကတ(နိုင်)၀၀၁၁၄၂**
**ဖုန်း- ၀၉- ၄၅၃၄၀၃၃၆၅၊ ၀၉- ၇၈၅၄၄၁၁၅၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်မှ မြေဧရိယာ ၀ဒသမ၁၁၀ ဧကရှိ မြေကွက် အမှတ်(ပ-၂၂၅၂၇) ဒေါ်နုနုထွေး ၁၂/လမတ(နိုင်)၀၀၁၇၃၈ (ဘ)ဦးမောင်ထွေး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်ငြိမ်းငြိမ်း ၉/မကန(နိုင်)၀၇၉၁၆၂ (ဘ)ဦးမီစံ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၄၄၂/၂၀၁၉)တင်ပြ၍ ဦးကောင်းဆက်နိုင် ၉/သစန(နိုင်)၁၇၃၆၇၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**



# ဂုဏ်ပြုဝမ်းမြောက် ပူဇော်ပါသည်ဘုရား

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း နန္ဒာအောင်မြေပရဟိတအသင်း၏ ဦးဆောင်နာယက ဆရာတော် **ဒေါက်တာဘဒ္ဒန္တနိမလမထေရ်မြတ်** အား နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ရက် (လွတ်လပ်ရေးနေ့)တွင် ပြည်တွင်း ပြည်ပသာသနာပြု **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသည့်အတွက် လှူနာတင်ယာဉ်အလှူရှင် ဦးကျော်မျိုးခိုင်-ဒေါ်ဆွေဆွေမြင့် (ရှမ်းရှမ်း-အေးမြန်မာစတိုး) မိသားစုနှင့် ဖျာပုံမြို့၊ ဖေးကူလက်များ လူမှုကူညီရေးအသင်း ဒါယကာ ဒါယိကာမများမှ အထူးပင်ဂုဏ်ယူ၍ကြည်ညိုဝမ်းမြောက် ပူဇော်အပ်ပါသည်ဘုရား။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA-III)၊ ကွက်ပြင် (၃)၊ ဦးပိုင်အမှတ် (၅၀-ဆ)၊ မြေယာအမှတ် (136/439)၊ မြေရိယာ ဝဒသမ၁၈ကေရှိ မြေနှင့် အကျိုးခံစားခွင့်များကို ဦးမျိုးတင့်ဆွေက မြေဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဦးမျိုးတင့်ဆွေထံက ဦးတန်ကော့ဝိန်(ခ)ညီညီသည်လည်းကောင်း၊ ဦးတန်ကော့ဝိန်(ခ)ညီညီထံမှ ဒေါ်ပေါ်လီသည်လည်းကောင်း၊ မြေရိယာ ဝဒသမ၁၀ကေကို ဝယ်ယူပြီး ဒေါ်ပေါ်လီ၏ ကိုယ်စားလှယ် ဦးညွန့်ဝင်းထံမှ ဒေါ်ဖူစင်ကျွမ်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ လက်ရှိပိုင်ဆိုင်ပါသည်။ ကျန် ဝဒသမ၀၈ကေအား ဦးညွန့်ဝင်းထံမှ ဒေါ်ဆွေဆွေအောင်(ခ) တွမ်ကြာရိုးမှ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ အထက်ပါမြေရိယာ စုစုပေါင်း ဝဒသမ၁၈ကေနှင့် မြေပေါ်ရှိ နေအိမ်အား (၁) ဒေါ်ဖူစင်ကျွမ်း၊ (၂) ဒေါ်ဆွေဆွေအောင်(ခ)တွမ်ကြာရိုးတို့မှ ဦးပိုင်နှစ်ခုပေါင်း မြေငှားဂရန်အမည်ပြောင်းပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ (၁) ဒေါ်ဖူစင်ကျွမ်း၊ (၂) ဒေါ်ဆွေဆွေအောင် (ခ)တွမ်ကြာရိုးတို့မှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက (၁) ဒေါ်ဖူစင်ကျွမ်း၊ (၂) ဒေါ်ဆွေဆွေအောင်(ခ)တွမ်ကြာရိုးတို့မှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ အကွက်အမှတ် (၈)၊ စည်းခုံရပ်၊ ဦးပိုင်အမှတ် (၁၂၇+၁၂၈-ခ)၊ မြေယာအမှတ် (29/23-B)၊ မြေရိယာ ဝဒသမဝ၆၆ကေရှိ မြေနှင့် အကျိုးခံစားခွင့်များကို ဒေါ်နန်းယဉ်ယဉ်နှင့် ဦးတင်လတ်တို့က မြေဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်နန်းယဉ်ယဉ်နှင့် ဦးတင်လတ်တို့၏ အထူးကိုယ်စားလှယ် ဒေါ်နှင်းဖြူထွေးထံက ဒေါ်ကြည်ကြည်ဝင်းနှင့် ဦးမျိုးဝင်းထွန်းတို့မှ အထက်ပါမြေနှင့်နေအိမ်ကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ လက်ရှိတရားဝင် ပိုင်ရှင် ဒေါ်ကြည်ကြည်ဝင်းနှင့် ဦးမျိုးဝင်းထွန်းတို့ မြေငှားဂရန်အမည်ပြောင်းပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်ကြည်ကြည်ဝင်းနှင့် ဦးမျိုးဝင်းထွန်းတို့မှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်ကြည်ကြည်ဝင်းနှင့် ဦးမျိုးဝင်းထွန်းတို့မှ ဂရန်အမည် ပြောင်းပေးပါရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
ပြင်ဦးလွင်မြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌**
**၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ် - ၂**

| | | |
|---|---|---|
| ဒေါ်စန္ဒာလှိုင် | နှင့် | ဒေါ်စောညွန့်အေး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၅၂၆နေ ဒေါ်စော ညွန့်အေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလို က ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၈၂ ခုနှစ် ပြာသိုလဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ပြည့်နှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဝဏ္ဏ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-IV)၊ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (၄၉-ဈ)၊ မြေယာအမှတ် ( 52/295)၊ မြေရိယာ ဝဒသမ၁၉ ကေရှိ မြေနှင့် အကျိုးခံစားခွင့်များကို ဦးသိန်းဝင်းက မြေဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဦးသိန်းဝင်းနှင့်ဇနီးတို့ ကွယ်လွန်သွား၍ သားသမီးများဖြစ်သော ဒေါ်မျိုးမျိုးဝင်းပါ (၄)ဦးတို့ကအမွေ ဆက်ခံခဲ့ပြီး ၎င်းတို့၏ အထူးကိုယ်စားလှယ် ဒေါ်ကြူကြူခိုင်ထံမှ ဒေါ်သဥ္ဇာအေးမွန်က မြေရိယာ ဝဒသမ၀၈ကေကို မှတ်ပုံတင်စာချုပ်ဖြင့် ခွဲဝေယူခဲ့ပါသည်။ လက်ရှိတရားဝင် ပိုင်ရှင် ဒေါ်သဥ္ဇာအေးမွန်မှ မြေငှားဂရန် အမည်ပြောင်းပေးပါရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်သဥ္ဇာအေးမွန်မှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်သဥ္ဇာအေးမွန်မှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားသည့် ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဒဂုံရွှေမျှားလမ်းနှင့် သခင်ဖိုးလကြီးလမ်းထောင့်၊ မြေကွက်အမှတ် ၉၇၁၊ အလျား(၄၀ပေ) x အနံ( ၆၀ပေ)၊ ဧရိယာ ဝဒသမ ၀၅၅ ကေရှိ ဒေါ်ဇာခြည်အေး အမည်ဖြင့် နှစ်(၆၀)ဂရန်အမည်ပေါက် ပိုင်ဆိုင်သည့် အိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ၎င်း၏အထွေထွေကိုယ် စားလှယ်လွှဲစာရရှိသူ ဒေါ်အိအိဖြူ ၁၄/ ဝခမ(နိုင်)၁၆၁၀၂၅ မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက်ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥဥခင် ၁၂/မရက(နိုင်) ၀၅၃၇၈၂ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင် ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၇၈၆၇**
**အမှတ် ၆၄၈၊ ဦးပုည (၁)လမ်း၊ (၁၇)ရပ်ကွက်၊**
**ရွှေပေါက်ကံ၊ ဖုန်း- ၀၉-၅၄၁၂၅၄၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် (3)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ် (၃၂)၊ မြေယာအမှတ် (32)၊ မြေဧရိယာ ဝဒသမ၀၅၅ကေရှိ မြေနှင့် အကျိုးခံစားခွင့်များကို ဦးလှမြိုင်က မြေဂရန် အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဦးလှမြိုင်၏ အထူးကိုယ်စားလှယ် ဒေါ်ခင်ကြည်ထံမှ ဒေါ်ယဉ်ယဉ်မေက အထက်ပါ မြေနှင့် နေအိမ်ကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်ယဉ်ယဉ်မေမှ မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုးပေးပါရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်ယဉ်ယဉ်မေမှ ဂရန်အမည်ပြောင်း/သက်တမ်းတိုးပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်ယဉ်ယဉ်မေမှ ဂရန်အမည်ပြောင်း/သက်တမ်းတိုးပေးပါရန် လျှောက်ထားသည့် ကိစ္စအား ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ်(၁၂၀၃)၊ မြေကွက်အမှတ် (၁၂၀၃)၊ လူနေရပ်ကွက်၊ အလျား ပေ၃၀xအနံ ပေ ၅၀၊ ဧရိယာ စတုရန်းပေ ကေ(၁၀၀၀၀)၊မြေတိုင်းရပ်ကွက်- ၃၄FG ကိုင်ဆောင်သူ အမည်ပေါက်ပြီး နှစ်(၆၀)မြေငှားဂရန်မြေဟုခေါ်တွင်သော ရေမီးအစုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည် ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့်အိုးအိမ်ဌာနတွင် အမှုတွဲအမှတ် ၃၆၂/၉၄ဖြင့် ဒေါ်ခင်ဌေးမှ အမည်ပေါက် ပိုင်ဆိုင်သော နှစ် (၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ ၎င်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်မြမြခိုင် ၁၄/ဝခမ(နိုင်)၁၀၄၁၇၁နှင့် သမီးမဆုရည်ထွန်း ၁၂/တမန(နိုင်)၁၁၄၂၀၀ တို့မှ မူလအမည်ပေါက်ဖြစ်သော ဒေါ်ခင်ဌေးထံမှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့သာလျှင် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ၅-၁-၂၀၂၁ရက်စွဲပါ နှစ်ဦးသဘောတူမြေ အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အပါအဝင် ရေ မီးအစုံနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပြီးသတ် ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နန်းဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၄၉၈)**
**အမှတ် ၈၇၊ ပထမထပ်၊ ကျောက်မြောင်းလမ်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**( U Nay Htun Law Firm)**
**ဖုန်း-၀၉-၉၇၁၂၉၈၁၇၇၊ ၀၉-၈၈၉၆၃၇၄၄၃**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ လူနေရပ်ကွက်အမှတ် (၁၆/၁)၊ ဇဋီလ (၁)လမ်း၊ မြေကွက်အမှတ် (၁၀၁၈/ခ)၊ မြေအကျယ်အဝန်း ပေ (၂၀x၆၀) ဧရိယာစတုရန်းပေအကျယ်ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အေးအေး(ဘ)ဦးလှမြင့် ၁၂/လမတ(နိုင်) ၀၁၈၆၈၈ အမည်ဖြင့် အမည် ပေါက် မှတ်သားတည်ရှိပြီး မိမိတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးထံမှ ကျွန်မ ဒေါ်စီစီမာ ၁၂/ဥကတ(နိုင်)၀၀၈၂၉၃ က ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စီစီမာ ၁၂/ဥကတ(နိုင်)၀၀၈၂၉၃**
**ဖုန်း-၀၉-၅၁၃၅၂၁၄၊ ၀၉-၂၅၀၁၆၄၄၁၁**

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်မိုးညိုလမ်း၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ မြေကွက်အမှတ် (ခ/၁၉)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဦးခင်ဇော်အမည်ပေါက် ဂရန်မြေကွက်ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရှုတင် ၁၂/သကတ(နိုင်)၀၇၁၈၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချမ်းမြေ့ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၆၉၇/၃၀-၇-၂၀၁၉)**
**အမှတ် (၂)၊ ဖွံ့ဖြိုးရေး (၅)လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၁၂၇၇၅၈၊ ၀၉-၉၆၇၂၄၉၂၆၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁-၂၀၂၁ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် မြေကွက်အမှတ် (၁၅၉)၊ အကျယ်အဝန်းဧရိယာ ၂ဒသမ၃ကေ (၁၀၀၁၈၈ စတုရန်းပေ) ခန့်ရှိ မြေကွက်(အပါအဝင်) စာသားအစား မြေကွက်(၏)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၂) မွန်စုရပ်၊ ဦးပိုင်အမှတ် (၄၅)၊ မြေကွက်အမှတ် (၅၂)၊ မြေရိယာ ဝဒသမဝ၅၆ကေခန့်ရှိသော မြေကို ဦးရဲလင်းနောင်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါ မြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြေတိုင်းအမှတ်(၁/န)၊ မြေကွက်အမှတ်(၄၂၇)၊ မေဃဝတီ (၈)လမ်း၊ ရိပ်သာရပ်ကွက်ရှိ ဦးစိုးနိုင် ၁၂/လကန(နိုင်)၁၀၃၂၆၃ အမည်ပေါက် ပါမစ်မြေကွက်အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းမေ ၁၂/သကတ(နိုင်) ၂၁၉၈၀၉ ထံမှ ကျွန်မ ဒေါ်မြတ်စိမ်းခိုင် ၇/ပခန(နိုင်)၀၀၃၅၃၁ သည် ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၃-၁-၂၀၂၁ရက်မှစ၍ ခုနစ်ရက်အတွင်း မူရင်းစာချုပ်မိတ္တူမှန်ဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြတ်စိမ်းခိုင်**
**ဖုန်း- ၀၉-၇၉၆၈၈၇၇၄၈၊**
**၀၉- ၇၉၄၂၅၂၃၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်မှ မြေဧရိယာ ဝဒသမ၁၁၀ကေရှိ မြေကွက်အမှတ် (ပ-၂၃၃၄၀) ဒေါ်စန်းစန်းလွင် ၁၂/ဥကတ(နိုင်)၀၆၈၂၆၈ (ဘ)ဦးခင်မောင်လွင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို ဦးရန်မျိုးအောင် ၉/ရမသ(နိုင်)၁၀၁၄၃၉ (ဘ)ဦးလှစံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၂၅၆/၂၀၂၀)တင်ပြ၍ ဒေါ်ခင်ဆွေဦး ၇/အတန(နိုင်)၀၅၈၅၈၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**Myo Naing Nine Group of Companies**

**Naing-Nine သံချောင်း နှင့် ဘိလပ်မြေ ဖြန့်ချီရေး**

ISO 9001-2015 17IQA N03

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၄-၁-၂၀၂၁) ရက်၊ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် -၁/ ၂၀၂၁ ဖြင့်မြန်မာနိုင်ငံတော်အစိုးရမှ ဘာသာ သာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ပြီး မြတ်ဗုဒ္ဓ၏သာသနာအတွင်း၌ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ အဖြစ် စဉ်ဆက်မပြတ် လှူဒါန်းသည့် လူပုဂ္ဂိုလ်များ ကို ချီးမြှင့်ပေးသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဖြစ်သည့် -

"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့" မိခင်ကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်

"သီရိသုဓမ္မမဏိဇောတဓရဘွဲ့" ဦးမျိုးမြင့် (ဥက္ကဋ္ဌ)
(Myo Naing-Nine Group of Companies)

"သီရိသုဓမ္မသိင်္ဂီဘွဲ့" ဒေါ်သန္တာဝင်း (ဒုဥက္ကဋ္ဌ)
(Myo Naing-Nine Group of Companies)

တို့အား အသီးသီးချီးမြှင့်ခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်မိပါကြောင်း နှင့် နိုင်ငံ အကျိုး၊ သာသနာအကျိုးတို့ကိုကျန်းမာချမ်းသာစွာဖြင့် ဆထက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင် သော မိသားစုများဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Myo Naing-Nine Group of Companies**
**မန်နေဂျာ နှင့် ဝန်ထမ်းမိသားစုများ**

# နိုင်ငံတော်၏ ပြည်ထောင်စုစည်သူသင်္ဂဟ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ ချီးမြှင့်ခံရသည့် ကမ္ဘောဇဘဏ်လီမိတက်နာယက ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို ပထမနေရာမှ ဝင်ငွေခွန်အများဆုံး (၈)နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့ခြင်း၊ နိုင်ငံတော်နှင့်ပြည်သူအတွက် ကယားပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး လိုအပ်သည့်နေရာများသို့ ယနေ့အချိန်ထိ ကျပ်ငွေ(၁၈၀)ဘီလီယံကျော် ကိုယ်ရောစိတ်ပါ လူအား၊ ငွေအားဖြင့် သဒ္ဒါထက်သန်စွာ လှူဒါန်းခဲ့ခြင်းတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ၂၀၂၂ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ကမ္ဘောဇဘဏ်လီမိတက်နာယက **"ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း"**အား မြန်မာနိုင်ငံသမိုင်းတွင် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဆုံးနှင့် အမြင့်ဆုံးဖြစ်သည့် **"သရေစည်သူဘွဲ့"**ကို ချီးမြှင့်ခဲ့ပါသည်။ ယင်းသို့ မြန်မာနိုင်ငံသမိုင်းတွင် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဆုံးနှင့် အမြင့်ဆုံးဖြစ်သည့် **"သရေစည်သူ"** ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြုလုပ်ငန်းများအား ဆတက်ထမ်းပိုးတိုးပွား ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ကယားပြည်နယ်အစိုးရအဖွဲ့**

## အစည်းအဝေးအကြောင်းကြားစာအား အများသိစေရန်

ကျွန်တော်များ Hein Myanmar Industrial Company Limited. ကုမ္ပဏီ မှတ်ပုံတင်အမှတ်- ၁၀၃၂၁၀၈၇၉ ၏ မတည်ငွေရင်းလျှော့ချခြင်းအတွက် ရှယ်ယာရှင်များအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါသည်။ ရှယ်ယာရှင်အစည်းအဝေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအစုရှယ်ယာရှင်များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

အစည်းအဝေးအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နေ့ရက်၊ အချိန် - ၉-၂-၂၀၂၂ ရက် နံနက် ၁၀ နာရီ

နေရာ - အမှတ်(၁၆၇)၊ စက်မှု (၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

**ဦးသန်းလွင် (အစုရှယ်ယာရှင်)**
**Hein Myanmar Industrial Company Limited.**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၄)၊ မြေကွက်အမှတ်(၆၉)၊ မြို့မြေရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြို့မြေအား ဦးမြင့်ကြည်မှ မြေပေးမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အောက်ဖော်ပြပါကာယကံရှင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်ကြည် ၇/ပခန(နိုင်)၁၅၉၁၇၀

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၂ နှင့် ဆက်သွယ်သည့်**
**၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ် -၃၃၁**

| | | |
|---|---|---|
| ဒေါ်မြင့်မြင့် | နှင့် | ၁။ ဦးမောင်ဝင်း |
| (၎င်း၏အထူးကိုယ်စားလှယ် | | ၂။ ဦးကျော်ရှိန်း |
| စာရသူ-ဒေါ်မွှေးမွှေးပြုံး) | | ၃။ ဒေါ်စန္ဒာလင်း |
| | | ၄။ ဒေါ်ယွန်းနန္ဒာ |
| | | ၅။ ဒေါ်မာမာလင်း |
| | | ၆။ ဦးကျော်မြင့်ထူး |
| | | ၇။ ဦးခိုင်စိုးဦး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၁၁)၊ ဦးပိုင်အမှတ် (၈၃)နေ တရားရှုံး (၁)ဦးမောင်ဝင်း၊ (၂)ဦးကျော်ရှိန်း၊ (၃)ဒေါ်စန္ဒာလင်း၊ (၄)ဒေါ်ယွန်းနန္ဒာ၊ (၅)ဒေါ်မာမာလင်းနှင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မြင်းကလေးစုရပ်ကွက်၊ ၈၄x၈၅ လမ်းကြား၊ ၃၇လမ်းနေ (၆)ဦးကျော်မြင့်ထူး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည-၇၅/၅၈နေ (၇)ဦးခိုင်စိုးဦး(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၂ တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်မြင့်မြင့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ-ဒေါ်မွှေးမွှေးပြုံး)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (၁၃၈၂ ခုနှစ် ပြာသိုလပြည့်နေ့) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အမှတ် (၁၆၄)၊ ပြည်တော်သာလမ်း၊ ရန်ဝေးရပ်နေ ဒေါ်စိန်စိန်(ဘ)ဦးထွန်းအေး ၈/မကန(နိုင်)၀၉၅၄၆၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ ဈေးရပ်၊ မဲထီးလမ်း၊ မြေတိုင်းအခေါ် အကွက်အမှတ် (၅ခ၊ ရေနံချောင်းရပ်)၊ ဦးပိုင်အမှတ်(၁၃)၊ မြေဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိ မြေကွက်မှာ ဒေါ်စိန်စိန်၏အစ်မကြီး ကွယ်လွန်သူ ဦးထွန်းအေးနှင့် ဒေါ်ညိုညို၏သမီးကြီးဖြစ်သူ ဒေါ်ခင်မမကြီး အမွေရပိုင်ဆိုင်ခဲ့သောမြေကွက်ဖြစ်ပြီး မကွေးမြို့၊ ဈေးရပ်၊ မဲထီးလမ်း၊ မြေတိုင်းအခေါ် အကွက်အမှတ် (၅ခ၊ ရေနံချောင်းရပ်)၊ ဦးပိုင်အမှတ် (၁၇)၏ ကျန်မြေဧရိယာ ၀ ဒသမ ၀၂၂ ဧကရှိ မြေကွက်မှာ ဦးထွန်းအေး၊ ဒေါ်ညိုညိုတို့၏သမီး ကွယ်လွန်သူ ဒေါ်မမလေး အမွေရပိုင်ဆိုင်ခဲ့သော ဝိုင်းမြေဖြစ်ပါသည်။ ဒေါ်မမလေး ကွယ်လွန်ပြီးနောက် ဒေါ်မမလေး အမွေရပိုင်ဆိုင်ခဲ့သော ဦးပိုင်အမှတ်(၁၇)၏ ကျန်မြေ ရေိယာ ၀ ဒသမ ၀၂၂ ဧကရှိ မြေကွက်မှာ ဒေါ်မမလေး၏ ညီမဖြစ်သူ ဒေါ်စိန်စိန်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော မြေကွက်ဖြစ်ပါသည်။

အထက်ပါ ကွယ်လွန်သူ ဒေါ်မမလေး အမွေရပိုင်ဆိုင်ခဲ့သော ဦးပိုင်အမှတ် (၁၇)၊ ကျန်မြေဧရိယာ ၀ ဒသမ ၀၂၂ ဧကမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော ဒေါ်စိန်စိန် သဘောတူညီချက်မရှိဘဲ လွှဲပြောင်း ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ပါက ပြုလုပ်သူများအား ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စိန်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မီမီအောင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၆၃၂/၂၀၁၂)**
**အမှတ် (အေ-၁၅)၊ (၄)လမ်း၊ ကန်သာရပ်၊ မကွေးမြို့**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ကောလင်းမြို့နယ်၊ ကျော်ဇေယျ (၁)ရပ်ကွက်၊ ပတ္တမြားလမ်းနေ ဒေါ်စိန်ရင် ၅/ ကလတ(နိုင်)၀၁၁၆၁၄၊ ဒေါ်စိန်အေး ၅/တလတ(နိုင်)၀၁၁၆၀၃၊ ဒေါ်အေးနွယ် ၅/ကလတ(နိုင်)၀၆၂၁၂၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မတို့၏အစ်မ ဒေါ်စိန်ငွေ ၅/ကလတ(နိုင်)၀၁၀၆၀၆ သည် မိဘ၊ ညီအစ်ကိုမောင်နှမတို့အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုလုပ်ခြင်း၊ ရိုင်းပျစွာပြုမူခြင်း၊ အရှက်ရစေအောင်ပြုလုပ်ခြင်းတို့ကြောင့် မိဘမောင်နှမတို့မှ စိတ်ဆင်းရဲမှုများ မျိုးစုံကြုံတွေ့ခဲ့ရပါသည်။ ဒေါ်စိန်ငွေနှင့်ပတ်သက်၍လည်း မိသားစုစီမံမှုအရ အပြီးအပြတ်အမွေခွဲဝေပြီးဖြစ်ပါသဖြင့် ဒေါ်စိန်ငွေနှင့်ပတ်သက်သည့် ငွေကြေးဆိုင်ရာကိစ္စအဝဝနှင့်အတူ မည်သည့်အရေးကိစ္စမဆို မိဘကျန်မောင်နှမများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မိဘညီအစ်ကိုမောင်နှမများနှင့် လုံးဝမပတ်သက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိန်ရင်၊ ဒေါ်စိန်အေး၊ ဒေါ်အေးနွယ်တို့၏ လွှဲအပ်ချက်အရ-**
**ဒေါ်ဇာခြည်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၅၉)**
**အကွက် (နန-၃၀/၁)၊ (ဓ)ရပ်ကွက်၊ ၅၅ လမ်း x မင်္ဂလာလမ်းထောင့်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၂၆၈၀၈၅၈၁၊ ၀၉-၇၉၇၄၉၀၆၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/ဘီ၊ မြေကွက်အမှတ် ၁၇၄၊ မြေကွက်တည်နေရာအမှတ်(၁၇၄)၊ အကောက်ခွန်(၆)လမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ခင်ခင်ဆွေ A/RGN-၀၁၇၃၈၈ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ခင်ဆွေထံမှ Special Power အမှတ်-၁၆၇၃၈/၂၀၁၃ (၁၀-၉-၂၀၁၃)ရသူ ဦးတင်မြင့် ၁၃/မဆတ(နိုင်) ၀၃၀၇၈၈ မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ SP မူရင်း၊ ဒေါ်ခင်ခင်ဆွေ သက်ရှိထင်ရှားရှိပြီး SP မရုပ်သိမ်းသေးကြောင်း ဦးတင်မြင့်၏ ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၂၀၁၃ ခုနှစ်တွင် ဒေါ်နန္ဒာရည်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ (၂၀၁၃)ခုနှစ်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်ကူးလျှောက်ထားခဲ့သော်လည်း မြေပုံ၊မြေရာဇဝင်ထုတ်ယူခဲ့ခြင်း လုံးဝမရှိကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ပါကြောင်း ၂၉-၇-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာနှင့်အတူ ၂၃-၇-၂၀၂၀ရက်စွဲပါ စာဖြင့် ဦးတင်မြင့်မှ တင်ပြလာပါသဖြင့် ဒေါ်ခင်ခင်ဆွေထံမှ Special Power ရသူ ဦးတင်မြင့်၏ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ လော်ကားပင်မဓာတ်အားခွဲရုံရှိ ချွတ်ယွင်းသွားသော 230/33/ 11 kV, 33.33MVA Single Phase Transformer(1)No ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို တင်ဒါအမှတ် 42(T)/DPTSC(PSD)2020-2021 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၁၁-၂-၂၀၂၂ ရက် ၁၄:၀၀နာရီ နောက်ဆုံးထား၍(လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၁) ဦးသာ Covid-19 ရောဂါဆိုင်ရာအကာအကွယ် (Maskနှင့် Face Shield) များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal(www.moee.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် လာရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၁-၂၀၂၂ ရက် (အင်္ဂါနေ့) ရုံးချိန်အတွင်း

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၂-၂၀၂၂ ရက်(တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဤဆေးရုံကြီး အုပ်ချုပ်မှုဆောင် (ဘဏ္ဍာရေးဌာန)သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန ၀၃/၂၀၂၀-၂၀၂၁ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ ၄၆၇၀ ဒသမ ၁၉၂၆ ကုဗမီတာကို အမေရိကန်ဒေါ်လာ (US$)ဖြင့် အိတ်ဖွင့်လေလံ Online စနစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၆-၁-၂၀၂၂ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂:၀၀ နာရီ

(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန (ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ တို့တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန (ရုံးချုပ်)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ အမှတ်(၁/၅-အေ)ရှိ မြေနှင့် (၂) ထပ် လုံးချင်းအဆောက်အအုံအား (၁)နှစ်စာချုပ်ဖြင့် အငှားချထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ မြို့မရပ်နေ ဦးခင်မောင်ညွန့် (ဘ)ဦးစိန် ၈/မလန(နိုင်)၀၀၁၇၃၂ မှ ဦးအောင်ချွန် (ဘ)ဦးစိန် ၈/မလန(နိုင်)၀၁၀၀၄၂ နှင့် ဒေါ်နီလာအောင် (ဘ)ဦးစိန် ၈/မလန(နိုင်)၀၀၁၇၆၄ ထံသို့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်-၂/၂၀၁၅ (၁-၁-၂၀၁၅)ဖြင့် မင်းလှမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ်-၁/၂၀၁၅ ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်ချက်အရ G.P လွှဲအပ်ခဲ့ပါသည်။ အဆိုပါဇာရီမှုမှာ ၂၉-၁၁-၂၀၁၇ ရက်တွင် ပိတ်သိမ်းပြီးစီးပြီဖြစ်ပါသဖြင့် G.P အား ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးခင်မောင်ညွန့်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမြတ်မွန် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၁၄၅/၁၃-၁၂-၂၀၁၈)**
**ဝိတောက်လမ်း၊ မြောက်ရပ်ကွက်၊**
**မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး**

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်တို့၏ Bright Dawn International Trading Company Limited ၏ မတည်ရင်းနှီးငွေ မြန်မာငွေကျပ်တန်ဖိုး ကျပ်သိန်း (၂၀၀၀,၀၀၀,၀၀၀) မှ ကျပ်သိန်း (၁၀၀,၀၀၀,၀၀၀) သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၅၃၁၊ မြေကွက်တည်နေရာအမှတ် ၂၆၊ ဇေယျာသစ္စာလမ်း၊ အမှတ်(၁)ရပ်ကွက် ငယ်စာရင်းအမည်ပေါက် ဒေါ်ညိုညိုသန်း ၁၂/လမန(နိုင်)၀၄၅၀၀၇၊ ဒေါ်ထွေးစုဝေ ၈/မကန(နိုင်)၂၇၈၉၀၁ တို့ ကိုယ်တိုင်မှ မြေပိုင်ဆိုင်မှု အရပ်ကတိစာချုပ်အထောက်အထား၊ အမှတ်(၁)ရပ်ကွက် ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၁၄၆၂/က၊ မြေကွက်တည်နေရာအမှတ် (၁၄၆၂/က)၊ ဘုမ္မာ(၁၈)လမ်း၊ ည ရပ်ကွက်၊ ဒေါ်သောင်းတင် အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက်သူ ဒေါ်သောင်းတင် ၁၂/ဥကမ(နိုင်)၀၅၈၄၅၁ ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် (၂/၂၃၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့ တင်ပြ၍လည်းကောင်း၊ မြေပြင်တွင် အတိုင်းအတာ (၁၀'-၆၀')ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူနေထိုင်သူ ဦးမြသိန်း ၁၂/ဥကမ(နိုင်)၀၈၁၇၄၅ မှ ယခုဂရန်မိတ္တူ လျှောက်ထားခြင်းကို သိရှိသဘောတူကြောင်းနှင့် ကန့်ကွက်ရန်မရှိကြောင်း ဝန်ခံကတိပြုတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်-၁၄၄၈၊ မြေကွက်တည်နေရာအမှတ် (၁၄၄၈)၊ စံရိပ်ငြိမ်လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကြည်လွင် S/OKA-005519 အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးကြည်လွင် (ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်အဂ္ဂစာရီ ၁၂/တမန(သီ)၀၀၀၁၄ ကိုယ်စား General Power-၃၁၄၉၇/၂၀၁၄ (၂၇-၁၁-၁၄)ရသူ ဒေါ်မြတ်မြတ်အေး ၁/မညန(နိုင်)၀၆၃၃၆၉ မှ ဂရန်မူရင်း၊ GP မူရင်း၊ သေစာရင်း၊ ဒေါ်အဂ္ဂစာရီ သက်ရှိထင်ရှားရှိပြီး GP မရုပ်သိမ်းသေးကြောင်း ဒေါ်မြတ်မြတ်အေး၏ ကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးကြည်လွင်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒေါ်ခင်အေးကြိုင် (ခ)ဒေါ်အဂ္ဂစာရီ၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အများသိစေရန်

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ သပြေကုန်းရပ်ကွက်(၁)ရှိ အကွက်အမှတ်-အမည် (၆/သပြေကုန်း) ဦးပိုင်အမှတ်(၃၅/၁)၊ ဧရိယာ ၀ ဒသမ ၀၂၆ ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ အပါအဝင် အိမ်ခြံမြေဥပစာများအားလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁/ဝမန(နိုင်)၀၉၀၈၄၇ ကျွန်မ ဒေါ်လကင်ခေါင်နော (ဘ)ဦးလကင်ခေါင်လွမ်း တစ်ဦးတည်းမြေခွန်အမည်ပေါက် ပိုင်ဆိုင်သော ဥပစာများဖြစ်ပါကြောင်းနှင့် ကျွန်မဒေါ်လကင်ခေါင်နော ပိုင်ဆိုင်သော ဖော်ပြပါဥပစာများအပေါ်၌ ကျွန်မ၏ အတိအလင်းခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ တစ်နည်းနည်းဖြင့် ဥပဒေမဲ့ ဝင်ရောက်ကျူးကျော်ရာရောက်သည့် မည်သည့်ဆောင်ရွက်ချက်မျှမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လကင်ခေါင်နော**
**၁/ဝမန(နိုင်)၀၉၀၈၄၇**
**အမှတ် (၄၄၉)၊**
**သပြေကုန်းရပ်ကွက်(၁)၊ ဝိုင်းမော်မြို့**

# သူကောင်း ဦးစိန်ရိုး
## တိုင်းဦးစီးမှူး(လဝက-ငြိမ်း)
## စာရေးဆရာ အနောက်တံခါးမှူး(မောင်မှူး)
## အသက် (၉၀)

စလင်းမြို့၊ ရိက္ခာတော်ရဝန်ထောက်မင်း (သူကောင်း ဦးကြာစိုး-သူကောင်းမ ဒေါ်ဂိုင်)တို့၏သား၊ စကုမြို့၊ မြို့အုပ်မင်း (သူကောင်း ဦးဘိုးသိုက် -သူကောင်းမ ဒေါ်ရိုး)တို့၏သားသမက်၊ (အိုင်စီအက်စ် ဦးချစ်ဖေ -သူကောင်းမ ဒေါ်ခင်စိန်ဒိုင်)တို့၏ တစ်ဦးတည်းသောမောင်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် (၁၄)နေ (သူကောင်းမ ဒေါ်လေးလေး)၏ ချစ်လှစွာသော ခင်ပွန်း၊ (သူကောင်းမ ဒေါ်စံရွှေမွန်) ကထိက(ငြိမ်း)၊ သူကောင်းဦးလှဘုန်း (လ/ထညွှန်မှူး-လဝက)၊ သူကောင်းမ ဒေါ်ကြော့မှူးအောင် (ပါမောက္ခဌာနမှူး-ရှေးသု၊ ဒဂုံတက္ကသိုလ်)၊ ဦးမျိုးနိုင်-သူကောင်းမ ဒေါ်မိုးသီတာ (Japan)၊ သူကောင်း ဦးတိုးလျှံ (USA)၊ သူကောင်းဦးဝင်းဟန်-ဒေါ်ဝတ်ရည်အေး (USA)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ကျော်စိုးလင်း (Tokyo)၊ မအိန္ဒြေဝင်းဟန်၊ မမြမှူးရွှေစင်ဟန်၊ မမြတ်မှူးကြယ်စင်ဟန် (USA)တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး သူကောင်းဦးစိန်ရိုး (တိုင်းဦးစီးမှူး၊ လဝက-ငြိမ်း၊ စာရေးဆရာ အနောက်တံခါးမှူး၊ မောင်မှူး)သည် ၅-၁-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက်တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# (၁၅)နှစ် ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
## ဘုရား၊ စေတီ၊ သိမ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး
## ဦးသိန်းမောင် (ရတနာသိန်း)
### ရတနာခင်မြင့် Co.,Ltd (ချောက်/ရန်ကုန်)

၁၄-၁-၂၀၀၆ရက်တွင် ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင် ဖခင်ကြီး မိသားစုနှင့် ခွဲခွာခဲ့သည်မှာ (၁၅)နှစ်ပြည့်ပြီးဖြစ်သော်လည်း မိသားစုမှာ လွမ်းဆွတ်သတိရနေဆဲပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုနှင့် ၁၄-၁-၂၀၂၁ရက်တွင် ပြုလုပ်သည့် ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား အရုဏ်ဆွမ်းလောင်းလှူသော ဝေပုလ္လဆွမ်းလောင်းပွဲကြီးအား အမျှပေးဝေပြီး ဖခင်ကြီးမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

တက်လှမ်းနိဗ္ဗာန်ရောက်ပါစေ။

**ဇနီး - ဒေါ်ခင်မြင့်နှင့်သားသမီး၊ မြေးတစ်စု**
**ချောက်၊ ရန်ကုန်(ရတနာသိန်း)**

# သူကောင်း ဦးစိန်ရိုး
## တိုင်းဦးစီးမှူး(လဝက-ငြိမ်း)
## စာရေးဆရာ အနောက်တံခါးမှူး(မောင်မှူး)
## အသက် (၉၀)

စလင်းမြို့၊ ရိက္ခာတော်ရဝန်ထောက်မင်း (သူကောင်း ဦးကြာစိုး-သူကောင်းမ ဒေါ်ဂိုင်)တို့၏သား၊ စကုမြို့၊ မြို့အုပ်မင်း (သူကောင်း ဦးဘိုးသိုက်-သူကောင်းမ ဒေါ်ရိုး)တို့၏သားသမက်၊ (အိုင်စီအက်စ် ဦးချစ်ဖေ-သူကောင်းမ ဒေါ်ခင်စိန်ဒိုင်)တို့၏ တစ်ဦး တည်းသောမောင်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် (၁၄)နေ (သူကောင်းမ ဒေါ်လေးလေး)၏ ချစ်လှ စွာသော ခင်ပွန်း၊ ဒေါက်တာ ဦးသန်းအေး(ပါမောက္ခ-ငြိမ်း)-သူကောင်းမဒေါက်တာ ဒေါ်ခင်အုန်းချစ် (ပါမောက္ခ-ငြိမ်း)၊ (သူကောင်းဗိုလ် ချုပ် ဦးကြာညိုချစ်ဖေ) (သံအမတ်ကြီး-ငြိမ်း)-ဒေါ်နွယ်နွယ်ထွန်း၊ သူကောင်းဗိုလ်ချုပ် ဦးရဲချစ်ဖေ (လေ၊ ငြိမ်း)-ဒေါက်တာ ဒေါ်ခင်မာဦး၊ သူကောင်း ဦးလှဖြူချစ်-ဒေါ်ပွင့်ဦးအောင်တို့၏ချစ်လှစွာသော ဦးလေးသူကောင်း ဦးစိန်ရိုး(တိုင်းဦးစီးမှူး၊ လဝက-ငြိမ်း၊ စာရေးဆရာ အနောက်တံခါးမှူး) (မောင်မှူး)သည် ၅-၁-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက်တွင် မီး သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# သစ်တော
# သစ်ပင်
# ဒို့ချစ်ခင်
# နှစ်စဉ်စိုက်ပျိုး
# အလှတိုး

# ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးစံလွင်(ငြိမ်း)
### စစ်တက္ကသိုလ် အပတ်စဉ်(၁)၊ဗိုလ်လောင်းအမှတ်(၁၇)
### ပညာတံခွန်ဆု(BEST ACADEMIC,GOLD MEDALIST)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)မြန်မာစာအဖွဲ့ဦးစီးဌာန
### မြန်မာစာအဖွဲ့ဝင်(ပညာရေးဝန်ကြီးဌာန)
### တစ်သက်တာစာပေဆုရှင်၊ စာရေးဆရာ ဒေါက်တာစံလွင်(တောင်ခိုး)/(Luso)
## အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် (၁၁)၊ သီရိမင်္ဂလာလမ်းနေ (ဦးသန်းမောင်-ဒေါ်ချစ်)တို့၏သားကြီး (ဦး HPAUDALA-ဒေါ်SUMLUT HTU)တို့၏ သားသမက်၊ ဒေါက်တာ လင်းဆွေအေး(USA)- ဒေါက်တာ ခင်ညိုသက်တို့၏အစ်ကို၊ ဒေါ် RUTH(ခ)ဒေါ်ညိုညို၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ မဥ္ဇူမွှေး၊ဒေါ်ခင်လှမွန်၊ ဒေါ်မာလာထွေး၊ ဦးတင်မြင့်ထွန်း - ဒေါ်အေးအေးလွင်တို့၏ ချစ်လှစွာသောဖခင် ဒေါက်တာခင်ယမင်းသိန်း(ခေတ္တ Singapore)၊မအေးဆုမွန်မြင့်(ခေတ္တUK)၊ မောင်ဖွဲ့လင်းထွန်းတို့၏ အဘိုးသည် ၁၁-၁-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၁)**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မူလက ဒေါ်အင်ပွန်ထုဆမ်အမည်ဖြင့် အမှုတွဲအမှတ် ၁၀၂၂/V (၁၉၈၉-၁၉၉၀)အရ (၁၀-၆-၂၀၂၀)ရက်ထိ နှစ်(၃၀)ဂရန်ရရှိခဲ့ပြီး ၁၉-၂-၂၀၂၀ ရက်တွင် ဒေါ်ဒိန်ဆာထုနူး (ဒေါ်အင်ပွန်းထုဆမ်၏ GP ရရှိသူ)မှ စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဦးဒိန်ဆာနော်အောင် ပါ(၂)ဦးသို့ ရောင်းချခဲ့ပါသည်။ ယခုအခါ ဦးဒိန်ဆာနော်အောင် ပါ(၂)ဦး ၁/မကန(နိုင်)၁၅၈၉၉၇ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း)အား ဆောင်ရွက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ဗိုလ်ဗထူးလမ်း၊ ဗိုလ်ဗထူးအိမ်ရာ၊ (၅)လွှာ အခန်း(၅၀၃)(A5)နေ ဦးမြင့်ဇော် ၆/မအရ(နိုင်)၀၉၄၂၇၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ငြိမ်း ၁၂/တကန(နိုင်)၁၂၈၆၇၃ နှင့် ကျွန်ုပ်တို့၏အမှုသည် ဦးမြင့်ဇော်တို့သည် မြန်မာဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၂၀၀၇ ခုနှစ်မှစ၍ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။

ထိုသို့ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် လင်မယားချင်းပြဿနာများကြောင့် ဦးမြင့်ဇော်နှင့် ဒေါ်ခင်ခင်ငြိမ်းတို့သည် ၆-၁-၂၀၁၉ ရက်စွဲပါ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကိုချုပ်ဆို၍ ကွာရှင်းခဲ့သော်လည်း သားသမီးများ၏မျက်နှာကို ထောက်ထား၍ ပြန်လည်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

သို့သော် လင်မယားကြား ပြဿနာများ ဆက်လက်ပေါ်ပေါက်ခဲ့သဖြင့် ၃၁-၁၂-၂၀၁၉ ရက်တွင် ဦးမြင့်ဇော်နှင့် ဒေါ်ခင်ခင်ငြိမ်းတို့သည် နှစ်ဦးသဘောတူညီမှုဆန္ဒဖြင့် မိသားစုများရှေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ထပ်မံချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။

ဦးမြင့်ဇော်နှင့် ဒေါ်ခင်ခင်ငြိမ်းတို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦး၏ဆောင်ရွက်သမျှသည် တစ်ဦးနှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| **ဦးအောင်ဇေယျ (LL.B)** | **ဦးအောင်ကျော်ဖြိုး (LL.B)** | **ဒေါ်ချစ်ချစ်စံ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၂၄၅)** | **(စဉ်-၃၈၉၅၃)** | **(စဉ်-၄၇၄၆၈)** |

**အမှတ် (B-6)၊ အခန်း(၄၀၁)၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၁၀၀၈၆၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၃)၊ နက်မောက်(၂)လမ်း၊ မြေကွက်အမှတ်(၂၉၇)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးသောင်းညွှန့်(ALN-၀၁၉၉၈၃) အမည်ပေါက်ပါမစ်အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းဝင်း ၇/သဝတ(နိုင်)၀၆၇၇၅၇ ထံမှ ကျွန်ုပ် ဦးရှိုင်းဝေယံထက် ၈/ရနခ(နိုင်)၁၀၃၉၃၈က ပါမစ်မူရင်းစာရွက်စာတမ်းဖြင့် တည်ရှိနေသော ဤမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရှိုင်းဝေယံထက် ၈/ရနခ(နိုင်)၁၀၃၉၃၈**
**ဖုန်း-၀၉-၉၆၉၁၄၈၁၄၈၊ ၀၉-၇၇၇၁၉၉၉၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၃)၊ ပုဂံလမ်း၊ မြေကွက်အမှတ်(၄၈၀)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဒေါ်မျိုးနွယ် (AC-၀၃၇၁၃၅) အမည်ပေါက်ပါမစ်အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန့်ဇော်ဝင်း ၅/ဘတလ(နိုင်)၁၀၅၄၁၅ ထံမှ ကျွန်ုပ် ဒေါ်မို့မို့သန်းဝင်း ၈/ခမန(နိုင်)၁၃၅၁၇၄ က ပါမစ်မူရင်းစာရွက်စာတမ်းဖြင့် တည်ရှိနေသော ဤမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မို့မို့သန်းဝင်း ၈/ခမန(နိုင်)၁၃၅၁၇၄**
**ဖုန်း-၀၉-၇၇၈၈၇၅၇၇၈၊ ၀၉-၇၇၇၁၉၉၉၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၁၁/ခ)နှင့် (၅၁၉/က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ် (၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၇၇) တို့တွင်ရှိသော စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)တိုးချဲ့၊ စီ-၁၆ လမ်း၊ မြေကွက်အမှတ် (၁၉၂)၊ (အလျား ၅၉၉ပေ x အနံ ၃၆၅ပေ) (တစ်ယူနစ်) အကျယ်အဝန်းကို လုပ်ကိုင်ခွင့်ရရှိသူ ဒေါ်ယဉ်မူယာသိန်း ၉/မထလ(နိုင်)၀၀၁၃၈၁ ထံမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး လုပ်ငန်းလုပ်ကိုင်လျက်ရှိသူ ဒေါ်စိုးစိုးဝင်း ၇/နတလ(နိုင်)၀၃၉၂၈၉ မှ မြေကွက်နှင့်၎င်းမြေကွက်လုပ်ငန်းလုပ်ကိုင်ခွင့်အရ သီးပင်စားပင်မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများမှ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်နိုင်နိုင်ရွှေ(LL.B, D.B.L)** | **ဦးရဲဝဏ္ဏ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၇၆၆)** | **(စဉ်-၁၂၉၅၂)** |

**တိုက် (၁၀/၁၂)၊ အခန်း ၁၀၄/ဈ၊ (ပ) ထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၆၁၆၃၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၁(က)ရပ်ကွက်၊ ခရေပင်ရိပ်မွန်(၂)၊ စံပါယ်ဖြူလမ်း၊ အမှတ် (11/F)နေ ကျွန်မ ဒေါ်ခင်မြင့်၏သား မောင်ရဲထွဋ်အောင် ၁၂/မဂဒ(နိုင်)၁၁၀၂၇၀ သည် မိဘစိတ်ဆင်းရဲစေရန် အမျိုးမျိုးပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ တရားဝင်အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ မိဘ၊ မောင်နှမ ဆွေမျိုးသားချင်းများမှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ခင်မြင့်**

# ဝမ်းနည်းကြေကွဲခြင်း

ပုလဲကျန်းမာရေး အားကစားအဖွဲ့မှ ဂုဏ်ထူးဆောင်နာယက ဦးမြတ်သင်းအောင် အသက်(၈၆)နှစ်သည် ၁၂-၁-၂၀၂၁ရက်(အင်္ဂါနေ့)ည ၈:၃၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**ပုလဲကျန်းမာရေးအားကစားအဖွဲ့**
**ဦးကျင့်ပိန်းမိသားစု**
**ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦး**
**ဦးစော မိသားစု**
**ဦးအန်ကီး မိသားစု**
**ဦးအောင်ဝင်း- ဒေါက်တာ စန်းစန်းဝင်း**

## အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်သင်းသင်းဝါ(ဘ)ဦးအောင်မြင့် ၁၀/သဖရ(နိုင်)၀၈၆၆၃၅ နှင့် ဦးအောင်ခင်မောင်အေး (ဘ)ဦးခင်မောင်အေး ၁၄/မမက(နိုင်)၁၄၁၃၆၉ တို့သည် ၁၄-၂-၂၀၀၉ ရက်ကတည်းက တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပြီးနောက် သား(၁)ဦး၊ သမီး(၁)ဦးထွန်းကားကာ ယနေ့ထိတိုင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော သာယာသည့်အိမ်ထောင်စုဖြင့် မိသားစုသိုက်သိုက်ဝန်းဝန်းနေထိုင်ကြပါသည်။

ကျွန်မ ဒေါ်သင်းသင်းဝါနှင့် ခင်ပွန်းဦးအောင်ခင်မောင်အေးတို့သည် လက်ရှိတည်မြဲနေသည့် အိမ်ထောင်ရှင်လင်မယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဝါ**
**၁၀/သဖရ(နိုင်)၀၈၆၆၃၅**
**အမှတ်(၄၃၈/က)၊ အင်း၀ (၆)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# စာအုပ်စာပေ လှူမိတ်ဆွေ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး

## မယ်တော်ကြီး ဒေါ်ကင်လိုင်း

### အသက်(၉၄)နှစ်

မော်လမြိုင်မြို့၊ ဈေးကြို၊ ဆန်တန်းရပ်၊ ကျိုက္ခမီလမ်း၊ အမှတ် ၁၀၇နေ (ဦးရှင်ခဲ-ဒေါ်မာလေး)တို့၏သမီး၊ (ဦးစိုင်ရာ- ဒေါ်ကြူဝှေး)တို့၏သမီးချွေးမ၊ (ဦးလေးတီ)၏ဇနီး၊ ဒေါ်ချိုချိုလေး(ကထိက၊ ဘားအံ ပညာရေးကောလိပ်၊ ငြိမ်း)၊ ဒေါ်ရင်ရင်လေး(အထပြ၊ အထက-၉၊ မော်လမြိုင်၊ ငြိမ်း)၊ ဗိုလ်မှူးကြီးကျော်ဦး (ကပစ-၆၊ စက်ရုံမှူး)-ဒေါ်မူမူစိုး၊ ဆန်တန်းကျောင်းသစ် သာမည-မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်နှင့် သာမညစကြာတောင်တို့၏ပဓာနနာယက ဆရာတော် တစ်ဘဝသာသနာဘဒ္ဒန္တသောဘနမထေရ်မြတ်၊ ဒေါ်စမ်းစမ်းလေး(ခ)ဒေါ်စမ်းစမ်းမြင့်၊ ဦးကျင်စိန်-ဒေါ်နွဲ့နွဲ့စန်းတို့၏ ကျေးဇူးရှင်မိခင်၊ ကိုသန်းထိုက်ဇော်-မခိုင်ဇင်သက်(B.A စာ/သု)၊ မောင်ကျော်ဇင်သီဟ [ဆေး(၁) Final Part II]၊ မောင်ပြည့် ဖြိုးမင်း(BA,Business & Management-UK)၊ မအိကိုစံ(B.Sc, University of Melbourne, Australia) တို့၏အဘွားသည် ၁၃-၁-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၁ရက် (သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ မုယောင်း တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ဆရာတော်သံဃာတော်အရှင်မြတ်တို့အားလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ၁၉-၁-၂၀၂၁ရက်(အင်္ဂါနေ့)နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးထန်ဇာခေါင်း

### (Thang Za Khawm - Tunglut beh)

### တပ်မတော်(ရေ)(အငြိမ်းစား)

### Chief Mate(FG)

### အသက်(၇၁)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တွီးထန်ရွာနေ (Pu Cin Do Thang)- Pi Nian Ngaih Ning တို့၏သား၊ တီးတိန်မြို့နေ ( Pu Tun Za Sawm-Pi Dim Sial Zam) တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် ၉၃(ခြောက်လွှာ)နေ Nu Niang Hen Cing (သူနာပြု-အငြိမ်းစား)၏ချစ်လှစွာသောခင်ပွန်း၊Ning San Lun-B.A(Eco) M. Div (MIT),(Tedim Christan Colleage-Lecturer and Student Dean)- U Yan Lin Myint, Dr.Thang Mun Khai(M.B,B.S-UM I)- Team Leader (Occupational and Environmental Health) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဟားခါးမြို့၊ ချင်းပြည်နယ်)၊ (Tg Sawm Lam Thang)တို့၏ချစ်လှစွာသောဖခင်၊ Dr. Ning Lian Zam(TL Zamnu)-M.B,B.S(Ygn)ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ Lia Cing Ngaih Lian- M.A(Cand.) Tokyo University of Studies တို့၏ဘကြီး၊ Lia Cing Lun Dim, Lia Khawm Sian Hoih Cing, Lia Khai It Zuun တို့၏ ချစ်လှစွာသောဘကြီး၊ တို့၏အဘိုးသည် ၁၀-၁-၂၀၂၁ရက် နံနက် ၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၁-၂၀၂၁ ရက်တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းမြှုပ်နှံပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြတ်သင်းအောင်

ဒုတိယဥက္ကဋ္ဌ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)

အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် (၁၀၆/၁၀၈)နေ ဦးပြည့်စုံအောင်-ဒေါ်ဇင်မာလွင် (AA Group ltd)၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နှင်းနွယ်ဝင့် (Welcome General Trading Co.,Ltd.)တို့၏ဖခင် ဦးမြတ်သင်းအောင်သည် ၁၂-၁-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အသင်းသူ/အသင်းသားများ**
**မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးမြတ်သင်းအောင်**

နာယက AA Group of Companies

အသက် (၈၆)နှစ်

ရမည်းသင်းမြို့နေ (ဦးစိန်မောင်-ဒေါ်တွမ်တီ)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးထွန်းအောင်ကျော်-ဒေါ်ကြည်)တို့၏သားသမက်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ(လူမှုထူးချွန်-ပထမဆင့်) (ဒေါ်ခင်မြင့်မြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ရမည်းသင်းမြို့၊ စေတနာမွန်ကုသိုလ်ဖြစ်ဆေး ခန်းအလှူရှင် ဦးမြတ်သင်းအောင်သည် ၁၂-၁-၂၀၂၁ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းကော်မတီ၊ ရမည်းသင်းမြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးမြတ်သင်းအောင်**

နာယက AA Group of Companies

အသက် (၈၆)နှစ်

ရမည်းသင်းမြို့နေ (ဦးစိန်မောင်-ဒေါ်တွမ်တီ)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးထွန်းအောင်ကျော်-ဒေါ်ကြည်)တို့၏သားသမက်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ(လူမှုထူးချွန်-ပထမဆင့်) (ဒေါ်ခင်မြင့်မြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ရမည်းသင်းမြို့၊ လူမှုထူးချွန်စာကြည့်တိုက်အလှူရှင် ဦးမြတ်သင်းအောင်သည် ၁၂-၁-၂၀၂၁ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လူမှုထူးချွန်စာကြည့်တိုက်ကော်မတီနှင့် ပညာရေးဖောင်ဒေးရှင်း၊ ရမည်းသင်းမြို့**

---

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း

## M. ကာစင်(ခ)ဦးမြတ်ကျော်(ခ)ပီတာ

ထွေ/အုပ် ဦးစီးအရာရှိ(ငြိမ်း)

အထက (၁) မြစ်ကြီးနားကျောင်းသားဟောင်း

အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၂၁၄)၊ အခန်း (၆)၊ ရန်ရှင်းလမ်း (၃) ရပ်ကွက်နေ [ဦးအောင်ကြီး (လ/ထ ညွှန်ကြားရေးမှူး)-ဒေါ်ခင်မြင့်]တို့၏သား၊ (ဦးစိုးမြင့်-ဒေါ်ညိုညိုခင် ထွေ/အုပ်)၊ ဒေါ်ခင်ခင်စု၊ ဦးမြတ်ဇော်၊ ဒေါ်စန်းစန်းအောင်၊ ဦးထွန်း လင်းအောင်-မသိင်္ဂီတို့၏အစ်ကိုကြီး၊ (ဦးသာထွန်းအောင် ထွေ/အုပ်ဒုဦးစီး)၊ ဒေါ်မိုးမိုးစိုး(ဌာနခွဲမှူး စက်မှုကြီးကြပ်ရေး)၊ ဦးမျိုးမြင့် အောင်၊ ဦးမျိုးကျော်အောင် (English Tour Guide)-ဒေါ်ယုယုသွင် (Time Travel)၊ ကိုအောင်နိုင်သူ၊ ကိုအေးမင်းဝင်း-မနှင်းအေးလင်း၊ မောင်လွင်မိုးအောင် (ပထမနှစ် ဂုဏ်ထူးတန်းခေတု)တို့၏ဦးလေး၊ မမေမျိုးမြတ် (ES4E)၊ မဇွန်မိုးမြတ်တို့၏အဘိုးသည် ၁၂-၁-၂၀၂၁ရက် နံနက် ၇:၄၅နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၃:၃၀နာရီတွင် ရေဝေးမွတ်ဆလင်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်ကျောင်း ဒါယကာကြီး

## ဦးမြတ်သင်းအောင်

### နာယက- AA Group of Companies

### အသက်(၈၆)နှစ်

ဦးဝင်းဆွေ-ဒေါက်တာ မြတ်သီတာမြင့်(Win & Win Group of Companies) တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမြတ်သင်းအောင်သည် ၁၂-၁-၂၀၂၁ရက်(အင်္ဂါနေ့)ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်းချုပ်**

---

## ဝမ်းနည်းကြေကွဲခြင်း

ဦးပြည့်စုံအောင်-ဒေါ်ဇင်မာလွင် AA Group Limited, AA Pharmacy တို့၏ဖခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး ဦးမြတ်သင်းအောင် (နာယက AA Group of Companies) အသက် (၈၆)နှစ်သည် ၁၂-၁-၂၀၂၁ရက် (အင်္ဂါနေ့) ည ၈:၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ**
**AA Group Limited, AA Pharmacy**

---

## ဝမ်းနည်းကြေကွဲခြင်း

ဖူးကျင့်တရုတ်အမျိုးသားများအသင်း (နာယက) ဦးမြတ်သင်းအောင် အသက် (၈၆)နှစ်သည် ၁၂-၁-၂၀၂၁ ရက် (အင်္ဂါနေ့) ည ၈:၃၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**ဖူးကျင့်တရုတ်အမျိုးသားများအသင်း**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြတ်သင်းအောင်

### နာယက-AA Group of Companies

### အသက် (၈၆)နှစ်

AA Group of Companies ၏ နာယကကြီး ဦးမြတ်သင်းအောင်သည် ၁၂-၁-၂၀၂၁ရက် (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေပုစွန်မိသားစု**
**ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်**
**ရွှေပုစွန်ကုမ္ပဏီလီမိတက်**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသိန်းဝင်း ၁၁/ဂမန (နိုင်)၀၀၄၇၄၈ ၏ နိုင်ငံသားမှတ်ပုံတင်ပျောက်ဆုံး/ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သူတစ်ပါးထိခိုက်မှု အာမခံစာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးရန်။ ဖုန်း-၀၉-၅၂၆၀၁၅၅

# လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည့်အတွက် အပန်းဖြေစရာနေရာတစ်ခုအဖြစ် လာရောက်သူများလာသည့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်က ဇီးကုန်းကျေးရွာ

ချောင်းဆုံ ဇန်နဝါရီ ၁၃

**မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ယခင်က ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်သည့် ဇီးကုန်းကျေးရွာသည် ယခုအခါ ဇီးကုန်းကမ်းခြေ (အောက်ပုံ) နေရာတစ်ခုအဖြစ် လူများစိတ်ဝင်စားပြီး အပန်းဖြေစရာနေရာတစ်ခုကဲ့သို့ လာရောက်လည်ပတ်သူများလာကြောင်း ဒေသခံများထံမှ သိရသည်။**



"ချောင်းဆုံကနေလာရင်တော့ မော်တော်ဆိုင်ကယ်နဲ့ဆို အနည်းဆုံး နာရီဝက်လောက်တော့ မောင်းရတယ်။ အရင်က သွားရေးလာရေးခက်ခဲတဲ့ အခြေအနေတွေမှာဆို ဆိုင်ကယ်နဲ့သွားဖို့တောင် ခက်ခဲတာတွေ ရှိခဲ့တာပေါ့။ မိုးတွင်းဘက်တွေမှာဆို လှေနဲ့ လာရောက်ရတာတွေ၊ ကုန်တွေကို ပို့ဆောင်ရတာတွေ အခက်အခဲရှိခဲ့တယ်။ အရင်နှစ်တွေကစပြီးတော့ ကျေးလက်လမ်းဦးစီးက လမ်းတံတား ဆောက်လုပ်ခဲ့တော့ ရွာအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလာတယ်"ဟု ဇီးကုန်နကျေးရွာနေသူ တစ်ဦးက ပြောသည်။

ဇီးကုန်းကျေးရွာတွင် ယခင်ကတည်းက ပင်လယ်ငါးဖမ်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကာ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များ ထွက်ရှိ၍ အမြို့မြို့ အနယ်နယ်သို့ ရောင်းချလျက်ရှိပြီး ယခုအချိန်ထိ အဆိုပါလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ကမ်းခြေကတော့ ရှိနေတာကြာပါပြီ။ အခုနှစ်တွေမှာ ကမ်းခြေတစ်ခုအနေနဲ့ စိတ်ဝင်စားလာကြတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ❑

## ယနေ့ မာတိကာ

ထိန်းသိမ်းခံထားရသည့် ရေနံတင်သင်္ဘောအရေး အီရန်နှင့် တောင်ကိုရီးယား သဘောတူညီမှုမရသေး စာ » ၁၂

ဂျပန်နိုင်ငံသို့ လာရောက်မည့် နိုင်ငံတကာ ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထားပြရမည် စာ » ၁၃

# ခရီးသည်စီးနင်းမှု များလာသဖြင့် ပန်းဆိုးတန်း-ဒလ ချယ်ရီရေယာဉ်များ ခရီးစဉ် အသွား/ အပြန် ၃၈ ခေါက်နှုန်းဖြင့် ခေါက်ရေတိုးပြေးဆွဲပေး



ရန်ကုန်- ဒလ သင်္ဘောစီးခရီးသည်များ။

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန် (ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၌ လက်ရှိအချိန်တွင် ရန်ကုန်မြို့ရှိ လုပ်ငန်းခွင် အသီးသီးသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည့် ခရီးသည်များ စီးနင်းလိုက်ပါမှု များပြားလာခြင်းကြောင့် ခရီးသည်များ သွားလာမှုအဆင်ပြေစေရေးအတွက် ဇန်နဝါရီ ၁၁ ရက်မှစ၍ သင်္ဘောခရီးစဉ်များကို အသွား ၃၈ ခေါက်၊ အပြန် ၃၈ ခေါက်နှုန်းဖြင့် ခေါက်ရေတိုးပြီး ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း၊ ခရီးသည် သွားလာမှု အခြေအနေပေါ်မူတည်၍ တိုးချဲ့ပြေးဆွဲရန်ရှိကြောင်း သိရသည်။

"ပန်းဆိုးတန်း-ဒလ သင်္ဘောဆိပ်ကမ်းအနေနဲ့ အခုရက်ပိုင်း ခရီးသည် စီးနင်းမှုများလာလို့ ခရီးသည်တွေ အဆင်ပြေစေရေးအတွက်

စာမျက်နှာ ၅ ကော်လံ ၁ ◆

# ရီးရဲမက်ဒရစ် ခံစစ်ကစားသမား မီလီတာအိုကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် စပါးအသင်း

**ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ဘရာဇီးခံစစ်ကစားသမားတစ်ဦးဖြစ်သူ အီဒါ မီလီတာအိုကို ယခုအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စပါးနည်းပြ မော်ရင်ဟိုသည် ရီးရဲမက်ဒရစ်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသော အဆိုပါ ကစားသမားကို ခေါ်ယူပြီး အသင်းခံစစ်အင်အားကို ဖြည့်တင်းလိုခြင်းဖြစ်သည်။**




အသက် ၂၂ နှစ်အရွယ်ရှိ မီလီတာအိုသည် ယမန်နှစ်က ရီးရဲမက်ဒရစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲ ၂၀ အထိ ပါဝင်ကစားထားသော်လည်း ယခုနှစ်ရာသီတွင် လက်ရှိအချိန်အထိ ပြိုင်ပွဲစုံ သုံးပွဲသာ ပါဝင်ကစားထားရသေးကြောင်း သိရသည်။ ၎င်းသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး ကူးစက်မခံရမီ ရာသီအစပွဲစဉ်များကို ဒဏ်ရာကြောင့် လွဲချော်ထားသူဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် မီလီတာအိုကို ပေါင် ၄၅ သန်းခန့်ဖြင့် ပေါ်တိုအသင်းမှ ၂၀၁၉ ခုနှစ်တွင် ခေါ်ယူထားခဲ့ခြင်းဖြစ်ပြီး နည်းပြ ဇီဒန်းလက်အောက်တွင် ပုံမှန်ပွဲထွက်ခွင့် နည်းပါးနေခြင်းဖြစ်သည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းခံစစ်တွင် ဝါရင့်ကစားသမားများဖြစ်သည့် ရာမို့စ်၊ ဗာရာနီနှင့် နာချိုတို့ရှိနေသည့်အတွက်လည်း မီလီတာအိုအနေဖြင့် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ❍

# မန်ယူတို့ အဝေးကွင်းတွင် ဘန်လေကို အနိုင်ယူပြီး အမှတ်ပေးဇယားထိပ်၌ ဦးဆောင်နေ

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်(၁၈) ယှဉ်ပြိုင်ချိန်တွင် ဘန်လေနှင့် မန်ယူတို့သည် ပွဲစဉ် (၁) ပွဲကျန်အဖြစ် ဇန်နဝါရီ ၁၃ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုး မရှိဖြင့် မန်ယူအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဘန်လေအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး တိုက်စစ်တွင် ဘားနက်စ်နှင့် ခရစ်ဝုဒ်တို့ပါဝင်ခဲ့သည်။ ဧည့်သည် မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ကာဗာနီကို အထောင်တိုက်စစ်တွင် အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ မန်ယူအတွက် တစ်လုံးတည်းသော အဖိုးတန်ဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် ပေါ့ဂ်ဘာက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲတွင် မန်ယူအသင်းသည် အဝေးကွင်း၌ ယှဉ်ပြိုင်ရသော်လည်း ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ရာ ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် ဘန်လေအသင်းသည် ၁၁ ကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်မျှ ဂိုးပေါက် မခြိမ်းခြောက်နိုင်ခဲ့ပေ။ ယနေ့ပွဲအနိုင်ရရှိခဲ့သည့် မန်ယူအသင်းသည် ရမှတ် ၃၆ မှတ်ဖြင့် လက်ရှိချန်ပီယံ လီဗာပူးထက် သုံးမှတ်အသာရကာ ဇယားထိပ်တွင် ရပ်တည်နိုင်ခဲ့သည်။ ဘန်လေအသင်းက ရမှတ် ၁၆ မှတ်ဖြင့် တန်းဆင်းဇုန်အထက်တွင် ရုန်းကန်ရဦးမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ▼